# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁ ရက်  ၂၀၂၁ ခုနှစ်၊ စက်တင်ဘာ ၂၁ ရက်၊ အင်္ဂါနေ့  အတွဲ (၆၀)၊ အမှတ် (၃၅၃)


**အလျှုဒါနကို ဝမ်းမြောက်နိုင်၏**

စေးနည်းဝန်တိုသူတို့သည် နတ်ပြည်သို့ မရောက်နိုင်ကြကုန်။ လူမိုက်တို့သည် အလှူဒါနကို မချီးမွမ်းကြကုန်။ ပညာရှိသည်သာ အလှူဒါနကို ဝမ်းမြောက်နိုင်၏။ ထိုဝမ်းမြောက်မှုကြောင့်သာလျှင် ထိုပညာရှိသည် တမလွန်ဘဝ၌ ချမ်းသာရ၏။

လောကဝဂ် (ဓမ္မပဒ-၁၇၇)



မြဝတီအမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများအား တွေ့ရစဉ်။

## ထိုင်းနိုင်ငံမှ နေရပ်ပြန် မြန်မာနိုင်ငံသား (၂၀၆) ဦး မြဝတီအမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် ဆက်လက်ဝင်ရောက်

**မြဝတီ စက်တင်ဘာ ၂၀**

ထိုင်းနိုင်ငံတွင် ရောက်ရှိနေပြီး နေရပ်ပြန်လိုသည့် မြန်မာနိုင်ငံသားများအား မြဝတီမြို့ မြန်မာ - ထိုင်း အမှတ် (၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ပြန်လည်ကြိုဆိုလက်ခံခြင်းကို ၂၀၂၁ ခုနှစ် ဩဂုတ် ၁ ရက်မှ စတင်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ၂၀၆ ဦး ဆက်လက်ဝင်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား မြဝတီခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်းနှင့် တာဝန်ရှိသူများက ကြိုဆိုအားပေးကြပြီး သက်ဆိုင်ရာ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါဆိုင်ရာများအား အသိပညာပေးခြင်း၊ ပြန်လည်ဝင်ရောက်လာသူများ၏

*စာမျက်နှာ ၄ ကော်လံ ၅* ●

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။


**ယနေ့ ဖတ်စရာ**

စားအုန်းဆီ တစ်ပိဿာလျှင် လက်ကားဈေး ငွေကျပ် ၃၇၀၀ ဖြင့် ဖြန့်ဖြူးရောင်းချ — ပြည်တွင်းသတင်း စာ - ၄

မြန်မာပြည်ကို ချစ်သည့်သူမှန်သမျှ အမိနိုင်ငံကို ကူညီစောင့်ရှောက်ကြ — ဆောင်းပါး စာ - ၁၀

ဂျပန်နိုင်ငံတွင်ကားသစ်များကို အွန်လိုင်းပေါ်မှရောင်းချရန် ဟွန်ဒါကား ကုမ္ပဏီ ပြုလုပ် — နိုင်ငံတကာသတင်း စာ - ၁၂


## မြေပုံမြို့ရှိ အသက် ၅၅ နှစ်နှင့်အထက် ဘင်္ဂါလီများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအကြိမ်ထိုးနှံ

**မြေပုံ စက်တင်ဘာ ၂၀**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြေပုံမြို့ တောင်ပေါ်ရပ်ကွက်ရှိ အသက် ၅၅ နှစ်နှင့်အထက် ဘင်္ဂါလီများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအကြိမ်ထိုးနှံခြင်းကို ယနေ့နံနက် ၁၀ နာရီက တောင်ပေါ်ရပ်ကွက် အခြေခံပညာ မူလတန်း(လွန်) ကျောင်း၌ စတင်ထိုးနှံပေးသည်။ (ယာပုံ)



ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံခြင်းကို ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမင်းဦး၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ သန်းထွန်း ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများ၊ ထွေ/အုပ်ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ ပူးပေါင်း၍ ဆေးထိုးစုရပ်၌ ကိုဗစ်-၁၉ ရောဂါကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ ဦးတည်အုပ်စုများကို ကာကွယ်ဆေးထိုးရန်

*စာမျက်နှာ ၄ ကော်လံ ၅* ✻

# ရေစီးကြောင်းအန္တရာယ်

လူကိုနှိပ်စက်ဖျက်ဆီးတတ်သည့် ရန်သူမျိုးတို့တွင် ရေဘေးအန္တရာယ်သည်လည်း အပါအဝင်ဖြစ်သည်။ မိုးရေချိန် စံချိန်တင်ကာ မိုးရွာသွန်းမှုများပြားသည့်ဒေသများနှင့် မြစ်နီး၊ ချောင်းနီး အနိမ့်ပိုင်းဒေသများ ရေကြီးရေလျှံသည့်သတင်းများ၊ ကားလမ်းများတွင် ရေကျော်ခြင်းကြောင့် အဆက်အသွယ် အသွားအလာများ ယာယီပြတ်တောက်သည့်သတင်းများ၊ လမ်းတံတားများ မျောပါပျက်စီးသည့်သတင်းများကို မီဒီယာများနှင့် လူမှုကွန်ရက်တို့တွင် ယခုရက်ပိုင်းအတွင်း ပိုမိုတွေ့မြင်နေရသည်။ ရာသီဥတုပြောင်းလဲမှုနှင့် မိုးလေဝသဖြစ်စဉ်များ ပြောင်းလဲလာမှုများကြောင့် သဘာဝဘေးအန္တရာယ်တို့က ပိုမိုပြင်းထန်ဆိုးရွားလာနိုင်ကြောင်းလည်း ပညာရှင်တို့က သတိပေးမှုများ ပြုလုပ်လျက်ရှိသည်။

ဒေသတစ်ခုတွင် ရေကြီးရေလျှံမှုဖြစ်စဉ်များ ဖြစ်ပေါ်ရသည့် အကြောင်းရင်းသည် ရွာသွန်းသည့် မိုးရေထုထည်ပမာဏ များပြားသည့်အခါ ဒေသအတွင်းရှိ မြစ်ချောင်းများအတွင်း စီးဆင်းနိုင်သည့် ပမာဏထက် ပိုမိုသည့်ရေများ လျှံထွက်စီးဆင်းမှုဖြစ်ပေါ်ခြင်း ဖြစ်သည်။ အထူးသဖြင့် ရေစီးဆင်းသည့် လမ်းကြောင်းများ ပိတ်ဆို့နေခြင်း၊ မြစ်ချောင်းများ ပြုပြင်ထိန်းသိမ်းမှု အားနည်းချက်ကြောင့် တိမ်ကောနေခြင်း၊ လူနေအိမ်ခြေများကို မြစ်ချောင်းများ၏ ဝဲယာတို့တွင် တိုးချဲ့ဆောက်လုပ်လာခြင်း စသည့်အကြောင်းများ ပါဝင်သည်။ မြန်မာနိုင်ငံအလယ်ပိုင်းနှင့် အထက်ပိုင်းရှိ မြစ်ချောင်းအများစုမှာ နွေရာသီ၊ ဆောင်းရာသီစသည့် ခြောက်သွေ့ရာသီများတွင် ရေစီးဆင်းမှု မရှိသလောက်နည်းပါးသော်လည်း မြစ်ဖျား၊ ချောင်းဖျားဒေသများတွင် မိုးရေချိန် အများအပြားရွာသွန်းသည့် အခါမျိုးတွင် အချိန်တိုအတွင်း ကြောက်စရာကောင်းလောက်အောင် ရေစီးဆင်းကာ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လေ့ရှိသည်။ အရှိန်အဟုန်ဖြင့် စီးဆင်းနေသော ထုထည်များပြားသည့် ရေစီးကြောင်းမှာ အန္တရာယ်ဖြစ်ပေါ်နိုင်သည်ကို သတိမူကာ ရေကျော်နေသည့် ကားလမ်းများတွင် တစ်ဖက်ကမ်းမှ တစ်ဖက်ကမ်းသို့ ဖြတ်ကူးသွားလာမှုကို ဆင်ခြင်ပြုလုပ်ကြရန် လိုသည်။

အရှိန်အဟုန်ဖြင့် စီးဆင်းနေသော ရေစီးကြောင်းသည် ခါးအထက် ရင်စို့ခန့်အနက်ရှိနေပြီး ခြေတစ်လှမ်းပြီး နောက်တစ်လှမ်းလှမ်းနိုင်ရန် ခန္ဓာကိုယ်ကို ကြိုးစားတည့်မတ်နေရသည့် အခြေအနေမျိုးဆိုပါက လူတစ်ဦးချင်း လက်လွှတ်ကူးသန်းရန် မလွယ်ကူသည့်အပြင် ရေစီးတွင် မျောပါအသက်ဆုံးရှုံးနိုင်သည့် အခြေအနေပင် ဖြစ်သည်။ ယင်းသို့သော အခြေအနေမျိုးတွင် ခိုင်ခိုင်မြဲမြဲ ချည်နှောင်ထားသည့် ကြိုးတန်းကို မလွှတ်တမ်း မိမိရရဆုပ်ကိုင်ပြီး အခြားလူများအကူအညီဖြင့်သာ ဖြတ်ကူးသင့်သည်။ ယင်းသို့သော ရေစီးကြောင်းကို မော်တော်ကားများ ဖြတ်သန်းမောင်းနှင်ခြင်းမှာလည်း လွန်စွာအန္တရာယ်ကြီးမားသည့်လုပ်ရပ်ဖြစ်သည်။ ထုထည်ပမာဏကြီးမားသည့် ရေထဲတွင် မော်တော်ကားသည် ရေ၏ ဖော့ဂုဏ်သတ္တိကြောင့် ပေါ်ပါးသွားသည့်အပြင် ရေစီး၏တွန်းအားကြောင့် မျောပါသွားနိုင်သည်။ ရေနက်ပိုင်းရောက်ချိန်တွင် အင်ဂျင်အတွင်း ရေဝင်ခြင်းကြောင့် ကားစက်ရပ်သွားကာ ရေစီးကြောင်း၏ ပြုသမျှနုရသည့်ဘဝသို့ ရောက်သွားနိုင်သည်။ ရေဖိအားကြောင့် ကားတံခါးများဖွင့်မရဖြစ်ပြီး ဒလိမ့်ကောက်ကွေးမျောပါကာ ကားအတွင်းပါသူများ အသက်အန္တရာယ် ကြုံတွေ့နိုင်သည်။ သို့ဖြစ်ရာ မိမိတို့သွားရာ ခရီးလမ်းတွင် ရေကျော်များ၊ ချောင်းများ၌ ရေစီးဆင်းနေမှုနှင့် ကြုံတွေ့ရပါက လူချည်းသက်သက်ဖြစ်စေ၊ ကားဖြင့်ဖြစ်စေ ဖြတ်ကူးတော့မည်ဆိုလျှင် သေချာစွာ စူးစမ်းလေ့လာကြရန် လိုအပ်ကြောင်းနှင့် နာရီအနည်းငယ်မျှ စောင့်ဆိုင်းသင့်ပါကလည်း စောင့်ဆိုင်းပြီးမှ အန္တရာယ်ကင်းစွာ ခရီးဆက်ကြရန် လူတိုင်းကိုယ်စီ မိမိအသက်ကို ဉာဏ်ပညာဖြင့် စောင့်ရှောက်နိုင်ကြပါစေကြောင်း။ ။

## တရားမအထူးအယူခံမှု လေးမှုကို စီရင်ချက်ချ၊ ငါးမှုကို ရုံးထိုင်ကြားနာ

**နေပြည်တော်  စက်တင်ဘာ ၂၀**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမျိုးမောင်၊ ဦးကြည်သိန်း၊ ဦးခင်မောင်ကြီး၊ ဦးတင်ဟုန် တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ် (၁) ၌ ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၈၈/၂၀၁၉ (စစ်ကိုင်း)၊ ၉၂/၂၀၁၉ (ရောဝတီ)၊ ၉၃/၂၀၁၉ (ရောဝတီ) နှင့် ၃၅/၂၀၂၀ (ရောဝတီ) စုစုပေါင်း တရားမအထူးအယူခံမှု လေးမှုကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် တရားမအထူးအယူခံမှု အမှတ် ၉၈/၂၀၁၉ (စစ်ကိုင်း)၊ ၁၀၀/၂၀၁၉ (တနင်္သာရီ)၊ ၁၀၁/၂၀၁၉ (မန္တလေး)၊ ၁၀၂/၂၀၁၉ (မန္တလေး) နှင့် ၁၀၄ /၂၀၁၉ (ရန်ကုန်) စုစုပေါင်း တရားမအထူးအယူခံမှု ငါးမှုကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ရခိုင်ပြည်နယ် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**စစ်တွေ  စက်တင်ဘာ ၂၀**

ရခိုင်ပြည်နယ် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပုံမှန်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာကြည်လွင်က ရခိုင်ပြည်နယ်သို့ တပ်မတော်လေယာဉ်ဖြင့် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးများ သယ်ယူရောက်ရှိလာမှု၊ ပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးနှင့် ချင်းပြည်နယ် ပလက်ဝမြို့နယ်တို့တွင် ဒေသခံတိုင်းရင်းသားပြည်သူများ၊ IDPs စခန်းများရှိ ပြည်သူများ၊ တိုက်ပွဲရှောင်စခန်းများရှိ ပြည်သူများအား ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးများ ဒုတိယအကြိမ်ထိုးနှံပေးနေမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးများနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာ တာဝန်ရှိသူများက မြို့နယ်အလိုက် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ကြိုးစားဆောင်ရွက်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများအား ထောက်ပံ့ငွေချီးမြှင့်ပေးနိုင်မှု၊ ပြည်သူများ ကျန်းမာရေးအသိရှိစေရန်အတွက် ပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေမှုနှင့် သွားလာရေးခက်ခဲသည့် ဒေသများတွင် ကာကွယ်ဆေးထိုးလုပ်ငန်းများ ဆောင်ရွက်ရာ၌ တပ်မတော်ဆေးအဖွဲ့မှ ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးမည့် အခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြချက်များနှင့် ပတ်သက်၍ လိုအပ်ချက်များကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)

## အင်အားရစ်(ခ်)တာစကေး ၅ ဒသမ ၁ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်

**နေပြည်တော်  စက်တင်ဘာ ၂၀**

စက်တင်ဘာ ၂၀ ရက် နံနက် ၀၁ နာရီ ၅၄ မိနစ် ၀၄ စက္ကန့်အချိန်တွင် တမူးမြေငလျင်စခန်းမှ မြောက်–အရှေ့မြောက်ဘက် ၈၂ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (လေရှီးမြို့၏ အနောက်တောင်ဘက် ၁၁ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၅ ဒသမ ၃၀ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၈၇ ဒီဂရီ၊ အနက် ၆၉ ကီလိုမီတာကိုဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၅ ဒသမ ၁ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်သွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ






အပြင်ထွက်တိုင်း
ပါးစပ်နှင့်နှာခေါင်းစည်း
(mask) ကို
စနစ်တကျ
မပျက်မကွက်
တပ်ဆင်ပါ

## ကိုဗစ်- ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၂၀–၉–၂၀၂၁)ညနေ ၆ နာရီအချိန်အထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Symptomatic | | | | |
| 1 | P.O Paracetamol 500 mg | 10X10's tablets/ Box | 1500 | AA Medical |
| 2 | P.O Dextromethophan | 10X10's | 1450 | AA Medical |
| 3 | P.O Bromhexine | 10X10's tablets/ Box | 1000 | Medi Myanmar |
| 4 | P.O Cetrizine | 10X10's / Box | 2200 | AA Medical |
| Supportive | | | | |
| 5 | P.O Multivitamin with/ without zinc | 3X10's / Box | 5600 | OLIVE |
| 6 | P.O Vitamin C | 10X10's / Box | 700 | Pai Brother |
| 7 | P.O – Pantocid | 10X10's / Box | 7000 | PL |
| 8 | P.O Omeprazole | 10X10's / Box | 1650 | Shwe Htay Min |
| 9 | Injection Pantocid | 1g/Vial | 1500 | Aorta |
| 10 | Injection Omeprazole | 1g/Vial | 1050 | Aorta |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org) နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုနှင့်ပတ်သက်ပြီး မည်သူတစ်ဦး တစ်ယောက်ကိုမျှ မကျန်စေလို

ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုနှင့်စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ နေထိုင်သည့်ဒေသများတွင်လည်း ထိုးနှံပေးနိုင်ရန် ဆက်သွယ်ဆောင်ရွက်လျက်ရှိကြောင်း၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအချို့အနေဖြင့် အကြောင်းအမျိုးမျိုးပြကာ NCA သဘောတူညီချက်များကို ချိုးဖောက်မှုများရှိသော်လည်း မိမိတို့အနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအား နိုင်ငံသားများ၏ ရပိုင်ခွင့်များနှင့်အညီ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးနိုင်ရေး ဆက်သွယ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုနှင့်ပတ်သက်ပြီး မည်သူတစ်ဦး တစ်ယောက်ကိုမျှ မကျန်စေလိုကြောင်း၊ တိုင်းရင်းသား လက်နက်ကိုင်ဒေသများအပြင် ရခိုင်ပြည်နယ်ရှိ အကျုံးဝင်သူများကိုလည်း ကာကွယ်ဆေးထိုးနှံပေးနိုင်ရေး စီစဉ်လျက်ရှိကြောင်း၊ မိမိအနေဖြင့် နိုင်ငံရေးအရ ဆောင်ရွက်ပေးနေခြင်းမဟုတ်ဘဲ နိုင်ငံ့အရေး၊ အမျိုးသားအရေးနှင့် နိုင်ငံ့အတွက် ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ ပါတီစွဲ၊ လူပုဂ္ဂိုလ် အစွဲမထားဘဲ လူသားတစ်ယောက်အနေဖြင့် တာဝန်သိသိ ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ တိုင်းပြည်သာယာဝပြောရေး ဆောင်ရွက်ရာတွင် အားလုံးပါဝင်နိုင်ရေး ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၇-၉-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၁) ၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

# မြန်မာနိုင်ငံအနေဖြင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ (SDGs) ရရှိအောင် အထူးအလေးထားဆောင်ရွက်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၀

စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ ပြည့်မီစေရန် အရှိန်မြှင့်တင်ဆောင်ရွက်ရေး အာဆီယံဝန်ကြီးများ ဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဝန်ကြီးဌာန ဝန်ကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့် တာဝန်ရှိသူများ တက်ရောက်သည်။

အစီအစဉ်အရ အင်ဒိုနီးရှားနိုင်ငံ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဝန်ကြီး H. E. Suharso Monoarfa၊ ကမ္ဘောဒီးယားနိုင်ငံ စီမံကိန်းဝန်ကြီး H. E. Kitti Settha Pandita Chhay Than၊ ဖိလစ်ပိုင်နိုင်ငံ၊ အမျိုးသားစီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H. E. Rosemarie G. Edillon နှင့် အာဆီယံ အထွေထွေအတွင်းရေးမှူးချုပ် H. E. Dato Lim Jock Hoi တို့က နှုတ်ခွန်းဆက်အမှာစကား ပြောကြားခဲ့ကြသည်။

ထို့နောက် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဝန်ကြီးဌာန ဝန်ကြီးများက ဒေသတွင်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ပန်းတိုင်များ (Sustainable Development Goals–SDGs) အကောင်အထည်ဖော်ရေး၊ ကိုဗစ်–၁၉ ၏ ဆိုးကျိုးသက်ရောက်မှုများ လျော့နည်းစေရေး၊ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းဝန်ကြီးဌာနများနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များအကြား ပူးပေါင်းဆောင်ရွက်မှုများ ခိုင်မာအားကောင်းစေရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် စီမံကိန်းဝန်ကြီးဌာနများက အာဆီယံ၏ လုပ်ငန်းစဉ်များတွင် ပံ့ပိုးပေးနိုင်မည့် အခန်းကဏ္ဍတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ကိုဗစ်–၁၉ မတိုင်မီကာလက အာဆီယံ၏ စီးပွားရေးဖွံ့ဖြိုးမှုသည် တည်ငြိမ်လျက်ရှိပြီး ဒေသတွင်း အဓိကကျသည့် အဖွဲ့အစည်းအဖြစ်ရပ်တည်လျက်ရှိပါကြောင်း၊ ပြီးခဲ့သည့် (၂) နှစ်အတွင်း အာဆီယံအပါအဝင် တစ်ကမ္ဘာလုံးသည် ကိုဗစ်–၁၉ ၏ သက်ရောက်မှုများကို ခံစားခဲ့ရပါကြောင်း၊ SDG ပန်းတိုင်များ



ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့်ကျင်းပသည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ ပြည့်မီစေရန် အရှိန်မြှင့်တင်ဆောင်ရွက်ရေး အာဆီယံဝန်ကြီးများ ဆွေးနွေးပွဲသို့ တက်ရောက်စဉ်။

အားလုံးနီးပါးသည်လည်း ကိုဗစ်–၁၉ ၏ သက်ရောက်မှုများကို ခံစားခဲ့ရသည့်အတွက် နိုင်ငံတစ်ခုချင်းစီနှင့် ဒေသတွင်းတွင် ရေးဆွဲထားသည့် မဟာဗျူဟာများကို လက်တွေ့အကောင်အထည်ဖော်ရန် လိုအပ်လာပါကြောင်း၊ အာဆီယံသည် ကိုဗစ်–၁၉ ကြောင့် သက်ရောက်မှုများကို ပြန်လည်ကုစားရန်အတွက် COVID –19 ASEAN Response Fund အပါအဝင် နည်းလမ်းအမျိုးမျိုးကို ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလမှစ၍ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း။

ကိုဗစ်–၁၉ ၏ သက်ရောက်မှုများကို လျှော့ချရန်အတွက် မြန်မာနိုင်ငံအပါအဝင် နိုင်ငံအများစုက ပြန်လည်ကုစားရေး အစီအမံများကို ရေးဆွဲခဲ့ပါကြောင်း၊ ထို့ပြင် SDGs ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ASEAN Comprehensive Recovery Framework, Complementarities Roadmap 2020–2025, ASEAN Community Vision 2025, 2030 Agenda for SDG စသည်တို့ကို အခြေခံပြီး Reopening, Recovery and Resilience ဟူသည့် 3R Model ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများနှင့် SDG အကောင်အထည်ဖော်ရေးအတွက် ပုဂ္ဂလိက ကဏ္ဍမှ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်နိုင်ရေးကို ဆောင်ရွက်ရာတွင် အစိုးရသာမက ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် ပုဂ္ဂလိက ကဏ္ဍများသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ယခုအခါ မြန်မာနိုင်ငံအနေဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ (SDGs) ရရှိအောင် အထူးအလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ SDGs ကို အကောင်အထည်ဖော်ခြင်းနှင့်အတူ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan–MSDP) ကို အကောင်အထည်ဖော်လျက် ရှိပါကြောင်း၊ မြန်မာနိုင်ငံ အနေဖြင့် ကိုဗစ် –၁၉ ကြောင့် စီးပွားရေး ထိခိုက်မှုများကို ပြန်လည်ကုစားရန်အတွက် မြန်မာနိုင်ငံ စီးပွားရေးပြန်လည် ဦးမော့စေရေးစီမံချက် (Myanmar Economic Relief Plan– MERP) ကို ရေးဆွဲထားပါကြောင်း၊ အဆိုပါစီမံချက်သည် စီးပွားရေးလုပ်ငန်းများ ပြန်လည်ကောင်းမွန်လာရေး၊ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ရေး၊ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လွယ်ကူချောမွေ့စေရေး၊ ဥပဒေအရ အကာအကွယ်ပေးရေးတို့ကို ဦးတည်ပါကြောင်း၊ အဆိုပါ စီမံကိန်းသည် နှစ်လတ်စီမံကိန်းဖြစ်ပြီး မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း၊ အာဆီယံ၏ ဘက်စုံပြန်လည် ထူထောင်ရေးမူဘောင် (ASEAN Comprehensive Recovery Framework) နှင့် GMS ကိုဗစ်–၁၉ တုံ့ပြန်မှုနှင့် ပြန်လည်ထူထောင်ရေး စီမံကိန်းတို့နှင့် ချိတ်ဆက်ထားပါကြောင်း ပြောကြားသည်။

နိဂုံးချုပ်အနေဖြင့် ပြည်ထောင်စုဝန်ကြီးက ယနေ့တွေ့ဆုံဆွေးနွေးမှုသည် SDG အကောင်အထည်ဖော်မှုအတွက် ဘဏ္ဍာငွေရရှိရေး ဆောင်ရွက်ရာတွင် အာဆီယံနိုင်ငံများအကြားနှင့် အလားအလာရှိသည့်ဖွံ့ဖြိုးမှုမိတ်ဖက်များအကြား အဓိကဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ်များကို ဖော်ထုတ်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများနှင့် စီးပွားရေးပြန်လည်အားကောင်းလာစေရေးတို့အတွက် တိုးမြှင့်ဆောင်ရွက်မှုများမှတစ်ဆင့် ကပ်ရောဂါ၏ ထိခိုက်မှုများမှ ပြန်လည်နာလန်ထူလာပြီး စီးပွားရေးပိုမိုကောင်းမွန်စွာ တည်ဆောက်လာနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဖိတ်ကြားထားသည့် ထိုင်းနိုင်ငံ၊ အာရှနှင့် ပစိဖိတ်ဒေသ ကုလသမဂ္ဂလူမှုရေးနှင့် စီးပွားရေးကော်မရှင်မှ တာဝန်ရှိသူများ၊ အမေရိကန်ပြည်ထောင်စု၊ ကိုလံဘီယာ တက္ကသိုလ်မှ ဆွေးနွေးပွဲတက်ရောက်လာကြသည့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းဝန်ကြီးများက မိမိတို့နိုင်ငံအလိုက် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ပန်းတိုင်များ ပြည့်မီအောင် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်၏ မူဝါဒနှင့်လုပ်ငန်းစဉ်များအပေါ် သိရှိနားလည်မှု စသည့်အကြောင်းအရာများကို ဆွေးနွေးပို့ချဆောင်ရွက်ကြရမည်



နေပြည်တော် စက်တင်ဘာ ၂၀

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် ဒုတိယဝန်ကြီး ဦးဌေးလှိုင်နှင့်အတူ ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား သင်တန်းကျောင်းသို့ သွားရောက်၍ သင်တန်းခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။**

### ဖြည့်ဆည်းဆောင်ရွက်

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ဝန်ကြီးဌာန၏ သင်တန်းကျောင်းသည် ဌာနမှ ဝန်ထမ်းများအနေဖြင့် ဌာန၏ ရည်မှန်းချက် တာဝန်များ အကောင်အထည်ဖော် ဆောင်ရွက်မှု၊ ဌာန၏ လုပ်ငန်းများသည် နိုင်ငံတော်လုံခြုံရေးနှင့် အမျိုးသားအကျိုးစီးပွားများအတွက် အရေးပါမှု၊ နိုင်ငံတော်၏ မူဝါဒနှင့် လုပ်ငန်းစဉ်များအပေါ် သိရှိနားလည်မှု စသည့်အကြောင်းအရာများကို ဆွေးနွေးပို့ချ ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ သင်တန်းကျောင်းတွင် ၂၀၁၉ ခုနှစ်အတွင်း သင်တန်း (၂) ကြိမ် ဖွင့်လှစ်ခဲ့ပြီး နောက်ပိုင်း ကိုဗစ်-၁၉ ရောဂါအပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ဖွင့်လှစ်နိုင်ခြင်း မရှိခဲ့ရာ မကြာခင်ကာလအတွင်း သင်တန်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများနှင့် သင်ထောက်ကူပစ္စည်းများပြည့်စုံရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရန်လိုကြောင်း၊ နိုင်ငံအတွင်း အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ရေဆိပ်များအပါအဝင် နယ်စပ်ဝင်ထွက်ပေါက်များ၏ လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံခြားသား ထိန်းသိမ်းရေးလုပ်ငန်းများ၊ သွေးချင်းဆက်စပ်မှုအပေါ် မူတည်ကာ ဥပဒေနှင့်အညီ စိစစ်ဆောင်ရွက် ပေးရသည့် နိုင်ငံသားစိစစ်ရေး လုပ်ငန်းများ၊ နိုင်ငံတော်၏မူဝါဒနှင့် စီမံကိန်းများ ရေးဆွဲချမှတ်နိုင်ရေးအတွက် လူဦးရေနှင့် ကိန်းဂဏန်းအချက်အလက်များ ကောက်ယူပြုစုထုတ်ပြန်ပေးသည့် လုပ်ငန်းများ စသည့် ဌာန၏ ရည်မှန်းချက်တာဝန်များ ဝန်ထမ်းတိုင်း စနစ်တကျ သိရှိနားလည်ထားကြရန် အရေးကြီးပါကြောင်း၊ သင်တန်းနည်းပြများအနေဖြင့် ဘာသာရပ်ဆိုင်ရာ သင်တန်းစာများကို မိမိတို့တွေ့ကြုံ ဖြတ်သန်းခဲ့ရသည့် အတွေ့အကြုံများ၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပို့ချနိုင်ရေးအတွက် လေ့လာမှတ်သားထားကြရန်လိုကြောင်း အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး ဝန်ထမ်းများ၏ လုပ်ငန်းဆိုင်ရာ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

### ထောက်ပံ့ပေးအပ်

ယင်းနောက် သင်တန်းကျောင်းရှိ ဝန်ထမ်းများအတွက် ဆန်၊ ဆီနှင့် ကြက်ဥများကို ဒုတိယဝန်ကြီး ဦးဌေးလှိုင်က ထောက်ပံ့ပေးအပ်ရာ ကျောင်းအုပ်ကြီးက လက်ခံရယူသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် သင်တန်းကျောင်း၏ ရုံးခန်းများ၊ သင်တန်းသားအိပ်ဆောင်အတွင်း ခင်းကျင်းထားရှိမှုနှင့် စားရိပ်သာ၊ သင်တန်းကျောင်း အကွက်ချမြေပုံနှင့် သင်တန်းသားများအတွက် စာအုပ်စာစောင်များ စုဆောင်းထားရှိမှု၊ ဝန်ထမ်းအိမ်ရာ အဆောက်အဦများ ဆောက်လုပ်ထားရှိမှုကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး **(အပေါ်ပုံ)** ပြည်ထောင်စုဝန်ကြီးက သင်တန်းကျောင်း ပတ်ဝန်းကျင် စိမ်းလန်းစိုပြည် သာယာလှပရေးနှင့် သင်တန်းဖွင့်လှစ်ချိန်တွင် လိုအပ်ချက်များ အသင့်ဖြစ်စေရန်အတွက် စီစဉ်ဆောင်ရွက်ထားရှိရန် မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မော်လမြိုင်မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ် (ဌာနေ)တပ်ဖွဲ့ဝင်များအား တွေ့ဆုံ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား စားသောက်ဖွယ်ရာများ ပေးအပ်

**နေပြည်တော် စက်တင်ဘာ ၂၀**

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များကို ယနေ့မွန်းလွဲပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုမောင်နှင့် အဖွဲ့ဝင်များက မော်လမြိုင်မြို့ရှိ နယ်မြေခံ တပ်ရင်းခန်းမ၌ တွေ့ဆုံသည်။




တွေ့ဆုံစဉ် တိုင်းမှူးက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် ပြည်သူ့စစ် (ဌာနေ) အဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

အလားတူ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်ရှိ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ တနင်္သာရီ တိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်ရှိ လုံခြုံရေး တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့ပေါ်ရပ်ကွက်များရှိ ဒေသခံပြည်သူများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များက ဆန်၊ ဆီ၊ ကြက်ဥများနှင့် စားသောက်ဖွယ်ရာများကို သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

✻ *ရှေ့ဖုံးမှ*

လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်ပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး Sinovac ကို ပထမအကြိမ်ထိုးနှံပေးလျက်ရှိသည်။

ဆေးထိုးစုရပ်သို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ လာရောက်ကြည့်ရှုအားပေးကာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအကြိမ် ထိုးနှံပြီးသူ ဘင်္ဂါလီများအား ဒုတိယအကြိမ် သတ်မှတ်ဆေးထိုးရက်အတွင်း မဖြစ်မနေ လာရောက်ထိုးနှံပေးကြရန် ပြောကြားခဲ့ကြောင်း သိရသည်။

**တင်ဝင်း (ပြန်/ဆက်)**

● *ရှေ့ဖုံးမှ*

အချက်အလက်များ ကောက်ယူခြင်း၊ ကျန်းမာရေးဌာနမှ ကိုဗစ်-၁၉ ရောဂါပိုးရှိ၊ မရှိ စစ်ဆေးဆောင်ရွက်ပေးခြင်းနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များသို့ ပြန်လည်ပို့ဆောင်ပေးခြင်းများကို ဆောင်ရွက်ပေးသည်။

ထိုသို့ထိုင်းနိုင်ငံမှ ပြန်လာသူများအား ယခင်က မြဝတီခရိုင်နှင့် ကော့ကရိတ်ခရိုင်မှ နေရပ်ပြန်များကိုသာ ကိုဗစ်-၁၉ ရောဂါပိုးရှိ၊ မရှိ စစ်ဆေးပေးရာမှ ယခုအခါ ပြန်လာသူအားလုံးအား စစ်ဆေးပေးကာ ရောဂါပိုးရှိသူများအား မြဝတီမြို့ မဲကနယ် ကိုဗစ်စင်တာနှင့် ရွှေမြဝတီ ကိုဗစ်စင်တာတို့တွင် ကုသမှုခံယူစေမည်ဖြစ်ဖြစ်ကြောင်း သိရသည်။

အခြားသက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များမှ နေရပ်ပြန်များအား သီးသန့်မော်တော်ယာဉ်များဖြင့် သက်ဆိုင်ရာ နေရပ်များသို့ ပို့ဆောင်ပေးမည်ဖြစ်ပြီး ယနေ့ ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ အမျိုးသား ၁၁၀ ဦး၊ အမျိုးသမီး ၉၆ ဦး စုစုပေါင်း ၂၀၆ ဦးရှိကြောင်း သိရသည်။

**ထိန်လင်းအောင်**

# စားအုန်းဆီ တစ်ပိဿာလျှင် လက်ကားဈေး ငွေကျပ် ၃၇၀၀ ဖြင့် ဖြန့်ဖြူးရောင်းချ

**နေပြည်တော် စက်တင်ဘာ ၂၀**

မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်းအနေဖြင့် စားသုံးသူပြည်သူများ သက်သာသော ဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်ရန် ရည်ရွယ်၍ ယနေ့မှစတင်ပြီး တိုင်းဒေသကြီး/ ပြည်နယ် ဒေသအသီးသီးရှိ လက်လီ/ လက်ကား ရောင်းချသူများသို့ စားအုန်းဆီ တစ်ပိဿာလျှင် လက်ကားဈေး ငွေကျပ် (၃၇၀၀) နှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိရာ စတင်ရောင်းချသည့် ယနေ့တွင် စားသုံးဆီဖြန့်ဖြူးရောင်းချသည့် ဘုရင့်နောင်ကုန်စည်ဒိုင်သို့ လာရောက်ဝယ်ယူသည့် ပမာဏမှာ ပိဿာ ၂၇၅,၀၀၀၊ တန်ချိန် ၄၅၀ ခန့်ဖြစ်ပြီး ရန်ကုန်တိုင်းအတွင်းရှိ လက်လီဈေးများတွင် ဖြန့်ဖြူးရောင်းချသူများမှ စတင်ဝယ်ယူ ဖြန့်ဖြူးလျက်ရှိကြောင်း သိရသည်။

ကျန်တိုင်းဒေသကြီး/ ပြည်နယ်များသို့လည်း ဆက်လက်ရောင်းချပေးသွားမည် ဖြစ်ကြောင်း၊ စားအုန်းဆီများကို လက်ကား ဝယ်ယူရောင်းချသူများအနေဖြင့် လက်လီအရောင်းဆိုင်များတွင် အသားတင်အကျိုးအမြတ် (၂ ရာခိုင်နှုန်း) ထက် မပိုသည့် ဈေးနှုန်းဖြင့် စားသုံးသူ ပြည်သူများသို့ ပြန်လည်ဖြန့်ဖြူး ရောင်းချသွားရမည်ဖြစ်ကြောင်းနှင့် ရန်ကုန်မြို့အတွင်းရှိ စားသုံးသူများ ပိုမိုအဆင်ပြေစေရေးအတွက် အသင်း၏ အစီအစဉ်ဖြင့် ရပ်ကွက်များသို့ ဈေးကားများဖြင့် လှည့်လည်ရောင်းချပေးရန်လည်း စီစဉ်လျက်ရှိပြီး စားသုံးသူ ပြည်သူများသို့ လက်လီ/ လက်ကား ဖြန့်ဖြူးရောင်းချပေးမည့် လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း အမှတ် (ခ/၈၁-၈၂) ကံ့ကော်လမ်းမကြီး၊ ဘုရင့်နောင်ကုန်စည်ဒိုင် ဖုန်းနံပါတ် ၀၉၄၄၄၄၃၇၂၉၅၊ ၀၉၄၀၁၅၂၇၀၄၉ သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ထစ်ချုန်းမည့် အခြေအနေများ ဖြစ်ပေါ်နေမည်

**နေပြည်တော် စက်တင်ဘာ ၂၀**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ရန်ကုန်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးနှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဖြစ်ပေါ်နေမည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတမ်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ကြာအင်းဆိပ်ကြီးမြို့နယ်၌ ဦးစားပေးအုပ်စုအလိုက် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံ



**ဘားအံ စက်တင်ဘာ ၂၀**

ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးသိန်းကိုကို၊ ပြည်နယ် ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် စက်တင်ဘာ ၁၉ ရက်က ကြာအင်းဆိပ်ကြီး မြို့နယ် ခလယ်ကျေးရွာအုပ်စု၌ ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနေမှုအား ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ခလယ်ကျေးရွာခန်းမတွင် ခလယ်၊ မြို့ဟောင်း၊ ခလယ်ရွာလေး၊ ဘုရားငါးဆူ၊ နောင်ဒစ် အစရှိသောကျေးရွာများနှင့် ပတ်ဝန်းကျင်ဒေသများမှ ပြည်သူများအား ဦးစားပေးအုပ်စုအလိုက် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးနေမှုအား ကြည့်ရှုအားပေးခဲ့ပြီး အာဟာရဖြည့်စွက်အစားအစာများ ထောက်ပံ့ပေးအပ်ကာ ကာကွယ်ဆေးထိုးနှံပေးကြသော ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအား ထောက်ပံ့ငွေပေးအပ်ခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် နွေရာသီရေရှားပါးမှုကြောင့် သောက်သုံးရေ၊ စိုက်ပျိုးရေ အဆင်ပြေစေရေး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မိုးကုတ်သစ္စာကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ခလယ်အင်းတူးဖော်ခြင်း လုပ်ငန်းအား ကြည့်ရှုစစ်ဆေးပြီး ကန်ပေါင်ပတ်လည်တွင် အရိပ်ရသစ်ပင်များ စိုက်ပျိုးရန်မှာကြားခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် တံခွန်တိုင်ကျေးရွာအုပ်စုခန်းမ၌ ကျေးရွာအုပ်စု ကိုးအုပ်စုမှ တောင်သူများနှင့် တွေ့ဆုံပြီး ရေကြီးနစ်မြုပ် ပျက်စီးခဲ့သည့် မိုးစပါး ၃၃၇ ဧကအတွက် မြေဩဇာနှင့် ပိုးသတ်ဆေးများ ထောက်ပံ့ပေးအပ်ကာ သဘာဝဘေးသင့်ဒေသများရှိ မွေးမြူရေး လုပ်ကိုင်သူများအတွက် တိရစ္ဆာန်အစာများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ဖူးပွင့်သစ်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော တံခွန်တိုင်အင်းတူးဖော်ခြင်းလုပ်ငန်းအား ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ၁၆ ခုတင်ဆံ့ ခလယ်တံခွန်တိုင်တိုက်နယ်ဆေးရုံအား ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ထမ်းဆောင်လျက်ရှိသော ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာ Oxygen Concentrator၊ နှာခေါင်းစည်းနှင့် လက်သန့်ဆေးရည်များ၊ PPE ဝတ်စုံများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် တံခွန်တိုင်အထက်တန်းကျောင်းခန်းမ၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကြာအင်းဆိပ်ကြီးမြို့နယ်ဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးပြီး အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများအား လက်ဝယ်အရောက်ပေးအပ်ခဲ့ကြကြောင်းနှင့် ပူးပေါင်းကူညီဆောင်ရွက်ပေးသည့် ဒေသခံစေတနာ့ဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



## ကိုဗစ်-၁၉ ရောဂါ ဖြစ်ပေါ်နေသည့်ကာလအတွင်း ဒေသတွင်းစိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၀**

ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းဖြစ်ပွားမှုကြောင့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေချိန်တွင် ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးရှိ အစိုးရ၊ တပ်မတော်နှင့် ပုဂ္ဂလိကပိုင် ဒေသတွင်းစိုက်ပျိုးမွေးမြူရေးနှင့် အခြားလူသုံးကုန်လုပ်ငန်းများ ကုန်ထုတ်လုပ်မှု ရာနှုန်းပြည့်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက အဆိုပါနေရာများသို့ သွားရောက်ကြည့်ရှုကြပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင် နှင့် တာဝန်ရှိသူများသည် မွန်ပြည်နယ်၊ မော်လမြိုင်မြို့ နယ်မြေခံတပ်ရင်းရှိ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအား သွားရောက်ကြည့်ရှု၍ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဇေယျာသီရိမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဆက်လက်ထိုးနှံ

**နေပြည်တော် စက်တင်ဘာ ၂၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို စက်တင်ဘာ ၁၅ ရက်မှ ၂၀ ရက်နေ့အထိ ရေဆင်းတိုက်နယ်ဆေးရုံနှင့် ပြည်စံအောင်ကျေးလက် ကျန်းမာရေးဌာနတွင် ဆက်လက်ထိုးနှံ ပေးလျက်ရှိသည်။ **(အောက်ပုံ)**

ဇေယျာသီရိ မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို စက်တင်ဘာ ၁၅ ရက်မှ စတင်၍ ဆရာတော်သံဃာတော်များ၊ သီလရှင်များ၊ အသက် ၅၅ နှစ်နှင့်အထက် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ဦးတည်အုပ်စုအလိုက် ကိုဗစ်-၁၉ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ဆက်လက်ထိုးနှံပေးမှုကို ဥတ္တရခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သန်းလင်းနှင့် ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင် (၁) ဒုတိယဗိုလ်မှူးကြီး သန်းဇော်ထူး၊ အဖွဲ့ဝင် (၂) ဦးကျော်ကျော်နိုင်တို့က လာရောက်ကြည့်ရှုခဲ့ရာ ဇေယျာသီရိမြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးဇေထက်အောင်၊ မြို့နယ်ကျန်းမာရေးမှူး ဒေါက်တာ ဝေယံအောင်နှင့် တာဝန်ရှိသူများက ကာကွယ်ဆေးရရှိမှုနှင့် ထိုးနှံပေးမှု အခြေအနေများအား ရှင်းလင်းပြောကြားသည်။

ဇေယျာသီရိမြို့နယ်အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံး ၂၀၀၀ ထပ်မံရရှိ၍ စက်တင်ဘာ ၁၅ ရက်မှ စတင်ကာ ထပ်မံထိုးနှံလျက်ရှိရာ ဇေယျာသီရိမြို့နယ် ပြည်စံအောင်ကျေးလက်ကျန်းမာရေးဌာနနှင့် ရေဆင်းတိုက်နယ်ဆေးရုံတို့တွင် ၂၀၂၂ ခုနှစ် ဇန်နဝါရီ လကုန်အထိ ထိုးနှံပေးနိုင်ရေး လျာထားဆောင်ရွက်လျက်ရှိကြောင်းနှင့် ပြည်သူများအနေဖြင့် လာရောက်ထိုးနှံနိုင်ကြောင်း ဇေယျာသီရိမြို့နယ် ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးအောင်ထံက သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ကွတ်ခိုင်မြို့နယ်ရှိ ဘိုးဘွားများအား လူမှုရေးပင်စင်ထောက်ပံ့

**ကွတ်ခိုင် စက်တင်ဘာ ၂၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ်အတွင်းရှိ အသက် ၈၅ နှစ်နှင့်အထက် ဘိုးဘွားများအား လူမှုရေးပင်စင်ထောက်ပံ့ငွေများကို မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနက စက်တင်ဘာ ၁၉ ရက်မှစ၍ ဘိုးဘွားများထံ လက်ဝယ်အရောက် ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါထောက်ပံ့ခြင်းကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် တတိယ (၃) လပတ် (ဧပြီ၊ မေ၊ ဇွန်) လများအတွက် ထောက်ပံ့ခြင်းဖြစ်ပြီး ကွတ်ခိုင်မြို့နယ်အတွင်းရှိ အသက် ၈၅ နှစ်နှင့်အထက် ဘိုးဘွား ၃၅၄ ဦးအတွက်တစ်ဦးလျှင်ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် စုစုပေါင်းထောက်ပံ့ငွေကျပ် ၁၀၆၂၀၀၀၀ အား မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မေမြတ်မွန်နှင့် ဝန်ထမ်းများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများက ဘိုးဘွားများထံ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဌေးဌေး (ကွတ်ခိုင်)**

# ကဗျာ့ဂုဏ်

**ကို(စစ်တက္ကသိုလ်)**

**ကဗျာသည် စကားပြေထက် ကျက်မှတ်ရန်လွယ်ကူ၏။ ကာရန်ပါ၍ အသံသာသောကြောင့် ရွတ်ဆိုမှတ်မိလွယ်သည်။ ပုံနှိပ်ဖြန့်ဝေသော အလုပ်မရှိမီကပင် အကြောင်းအရာစုံကို နှုတ်တက်ရွရွ ရွတ်ဆိုကာ ဆင့်ကမ်းယူလာကြသည်မှာ ကာရန်နှင့် အသံကြောင့်ဖြစ်၏။**

ကျောင်းသား ကျောင်းသူတို့သည် သင်ခန်းစာပို့ချချက်ကို မှတ်မိစေရန် ကဗျာတိုလေးများဖြင့် ကာရန်ချိတ်ဆက် ကျက်မှတ်ကြ၏။ မင်းဆက်တွေ၊ သက္ကရာဇ်တွေ၊ ပုံသေနည်းတွေ၊ ဓာတ်ငွေ့ထုတ်ပုံတွေ၊ ဂုဏ်သတ္တိတွေ စသည်တို့သည် ကဗျာလင်္ကာတိုကလေးများအဖြစ် ရောက်ရှိကာ ကျောင်းသားကျောင်းသူတို့၏ ဦးနှောက်ထဲတွင် တည်တံ့ကြလေသည်။

တပ်မတော်သားများ စစ်ပညာသင်ယူသောအခါတွင်လည်း လက်နက်ငယ်နှင့် စစ်ဗျူဟာဘာသာရပ်တို့မှ အရေးကြီးသော သင်ခန်းစာ အချက်အလက်များ၊ ဥပဒေသများကို ကဗျာတိုကလေးများရေးဖွဲ့၍ ကျက်မှတ်ကြသည်။ ၎င်းကဗျာလေးများသည် သင်တန်းကျောင်းတွင် စာမေးပွဲဖြေရန် အသုံးကျသည်သာမက လက်တွေ့စစ်မြေပြင်၌ အောင်ပွဲရရန် အတွက်လည်း အသုံးချနိုင်ပေ၏။ ၎င်းစစ်သင်ခန်းစာ ကဗျာတိုကလေးများသည် ဆံဖြူသွားကျိုး ပါးရေနားရေတွန့်သည့် အငြိမ်းစား စစ်မှုထမ်းကြီးဘဝရောက်သည့်တိုင်အောင် ခေါင်းထဲမှာ စွဲငြိနေဆဲပင်။ ဓမ္မကထိက ဆရာတော်တို့ တရားဟောသောအခါ တရားနာပရိသတ်ကို စွဲမှတ်စေလိုသော ဓမ္မအချက်အလက်များအား လင်္ကာတိုလေးများ စပ်၍ နှုတ်တိုက်ချပေးလေ့ရှိကြ၏။ စကားပြေဟုဆိုရမည့် တရားစကားတွင် ကဗျာလင်္ကာများ ညှပ်၍ ဟောသည်မှာ အကြောင်းမဲ့ မဟုတ်တန်ရာ။ တစ်သက်တာ စွဲမှတ်စေလိုသောကြောင့်ဟု မှတ်ယူရမည်ဖြစ်၏။

> ✻ **ဓမ္မကထိက ဆရာတော်တို့ တရားဟောသောအခါ၊ တရားနာပရိသတ်ကို စွဲမှတ်စေလိုသော ဓမ္မအချက်အလက်များအား လင်္ကာတိုလေးများစပ်၍ နှုတ်တိုက်ချပေးလေ့ရှိကြ၏။ စကားပြောဟုဆိုရမည့် တရားစကားတွင် ကဗျာလင်္ကာများညှပ်၍ဟောသည်မှာ အကြောင်းမဲ့မဟုတ်တန်ရာ။ တစ်သက်တာ စွဲမှတ်စေလိုသောကြောင့်ဟု မှတ်ယူရမည်ဖြစ်၏။**
>
> ✻ **ရဟန်းစာဆို လူစာဆိုတို့၏ ဆုံးမစာများကို ယနေ့ထက်တိုင် မှတ်မိရွတ်ဆိုနေကြသည်မှာ အကြောင်းအရာကို ကဗျာပုံသဏ္ဌာန်ဖြင့် သယ်ဆောင်လာသောကြောင့်ဖြစ်၏။**

### ကဗျာပုံသဏ္ဌာန်ဖြင့်သယ်ဆောင်

ရဟန်းစာဆို၊ လူစာဆိုတို့၏ ဆုံးမစာများကို ယနေ့ထက်တိုင် မှတ်မိရွတ်ဆိုနေကြသည်မှာ အကြောင်းအရာကို ကဗျာပုံသဏ္ဌာန်ဖြင့် သယ်ဆောင်လာသောကြောင့်ဖြစ်၏။ သာဓကဆောင်ရလျှင် ဆရာတပည့်၊ မိဘသားသမီး၊ ဇနီးခင်ပွန်း စသည်တို့၏ ကျင့်ဝတ်များကို ကဗျာရေးဖွဲ့ထားရစ်ခဲ့သောကြောင့် ယနေ့ထက်တိုင် အရှည်တည်တံ့နေရ ၏။

အကောက်ခွန်ဦးစီးဌာနက ထုတ်ဝေသော တော်ဝင်ပန်းဂျာနယ်တစ်စောင်တွင် "ပင်လယ်ရေကြောင်း အကောက်ခွန်ဥပဒေပုဒ်မများအား မှတ်သားလွယ်ကူစေရန် အထောက်အကူအဖြစ် သံပေါက်ကဗျာများ" ဟူသော ဆောင်းပါးတစ်ပုဒ်ကို ဖတ်လိုက်ရ၏။ မှတ်ရန်ခဲယဉ်းသော ပညာရပ်ဆိုင်ရာ ဥပဒေအချက်အလက်များကို အကောက်ခွန်ဝန်ထမ်းများ သိမှတ်လွယ်အောင် ကဗျာဖြင့် ကူညီပေးသည်ဟု နားလည်ရပါ၏။

### ကိုယ်တွေ့အတွေ့အကြုံ

မပြောပလောက်သော ကိုယ်တွေ့ အတွေ့အကြုံတစ်ခုကို ရေးပြချင်ပါသည်။ ၁၉၉၃-၁၉၉၄ ခုနှစ်က ပထမဆုံးအကြိမ် ကြည်း-လေ-သံချပ်ကာ ပူးပေါင်းစစ်ဆင်ရေး လေ့ကျင့်ခန်းကို မိတ္ထီလာမြို့နယ်ရှိ လေ့ကျင့်ရေးကွင်း၌ ပြုလုပ်ခဲ့သည်။ စာရေးသူတို့ ကြီးကြပ်ရေးဒိုင်အဖွဲ့သည် မိတ္ထီလာကျောက်ပန်းတောင်းကားလမ်းပေါ်ရှိ ဇရပ်ကွင်းရွာတွင် အခြေပြုသည်။ ရွာထဲရှိ အိမ်လွတ်တစ်ခုမှာနေကြသည်။ လေ့ကျင့်ခန်းမရှိသောရက်များတွင် စာရေးသူအပါအဝင် ဒိုင်လေးယောက်က ကျောက်ပန်းတောင်းသို့သွား၍ ဂေါက်ရိုက်ကြသည်။ နှစ်ကြိမ်သုံးကြိမ် ကစားပြီးသောအခါ ကယ်ဒီတွေ၏ စရိုက်ကို သတိထားမိသည်။ ချောစုဆိုသော ကလေးမလေးက စကားအလွန်များသည်။ ဇာခြည်က ချောစုနှင့် ဆန့်ကျင်ဘက်။ စကားနည်းလှသည်။ ဘယ်အချိန်ကြည့်လိုက်ကြည့်လိုက် ပြုံးစိစိ မျက်နှာပေးပိုင်ရှင်မှာ တင်တင်ဝင်း ဖြစ်သည်။

တစ်နေ့ ဂေါက်ကွင်းမှအပြန် ခေါင်းထဲမှာ ကာရန်တွေပါလာသည်။ ကားပေါ်မှာပင် စာရေးသူက ဒွေးချိုးတစ်ပုဒ် လက်တန်းရွတ်ဆိုပြလိုက်သည်။

"ချောစုက သာလိကာ
ဇာဇာက တေမိ။
မိုနာလိုရှုံးလောက်အောင်
အပြုံးရှင် တင်တင်ဝင်းရယ်
မင်းညို့နိုင်ဘိ။

သူငယ်ချင်းတွေ သဘောကျသွားသည်။ ကဗျာကို ထပ်ခါထပ်ခါ ရွတ်ဆိုကြသည်။ ဇရပ်ကွင်းရောက်တော့လည်း ပြီးပြီးပျောက်ပျောက် ဖြစ်သွားသည်။

### မမျှော်လင့်ဘဲပြန်ဆုံ

၂၀၁၆ ခုနှစ်တွင် ပန်းဆိုးတန်းလမ်း၊ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၁)၌ ကစားဖော်တစ်ယောက်နှင့် မမျှော်လင့်ဘဲ ပြန်ဆုံသည်။ လေ့ကျင့်ခန်းပြီးကတည်းက ထိုအချိန်မှ ပြန်တွေ့ခြင်းဖြစ်သည်။ နှစ်အကြာကြီး ကွဲနေသော မိတ်ဆွေချင်း ပြန်တွေ့ရာတွင် ပြုံးရိုးထုံးစံဖြစ်သော ပဋိသန္ထာရစကားဖြင့် နှုတ်မဆက်။ မျက်နှာပြုံးဖြဲဖြဲနှင့် "ချောစုက သာလိကာ၊ ဇာဇာကတေမိ" ဟူသော ကဗျာကို ရွတ်ဆို၍ နှုတ်ဆက်လေ၏။ ကျွန်တော်တို့ မတွေ့ကြတာ ၁၉၉၃ ခုနှစ်မှ ၂၀၁၆ အထိ ၂၃ နှစ်ရှိပါပြီ။

ဂေါက်ကွင်းကယ်ဒီကဗျာကို သူမမေ့သေးပါတကား။

ပညာစမ်းရင်း ကဗျာကမ်းသော ရှေးခေတ်က ဖြစ်ရပ်လေး တစ်ကွက်ကို နောက်ဆုံးတင်ပြလိုပါသည်။ တစ်နေ့တွင် စစ်ကိုင်းဘက်မှ အင်းဝဘက်ကမ်းသို့ ဖိုးသူတော်ဦးမင်းနှင့် လူဦးမင်းတို့လှေငယ်တစ်စင်းဖြင့် ကူးလာ၏။ ရောဝတီမြစ်လယ်အရောက်တွင် ငါးတစ်ကောင်သည် ခုန်ပျံမြူးထူးရင်း လှေဝမ်းထဲသို့ ကျလာ၏။ ထိုအခါ စာဆိုတစ်ယောက်က

**"နိဗ္ဗာန်ကိုရှယ်၊**

**ကယ်ပါတော့လား"** ဟု ဒွေးချိုးအခံပိုဒ်ကို လက်တန်းစပ်ဆိုလိုက်သည်။ နောက်တစ်ယောက်က ဘယ်လိုစပ်မှာလဲဟု ပညာစမ်းသည့်အနေဖြင့် အအုပ်ပိုဒ်ကို တမင်ချန်ထားခဲ့သည်။ ကျန်စာဆိုကလည်း ချက်ချင်းပင်....

**"ရေလယ်မှာ တစ်ကောင်ထဲ**

**ဖော်ကွဲတဲ့ငါး"**ဟု အုပ်လိုက်ပြီး ငါးကိုရေထဲ ပြန်လွှတ်ပေးလိုက်လေသည်။ စပ်နည်းမှန်၊ ကာရန်မိမိ၊ အဓိပ္ပာယ်ရှိရှိဖြင့် လက်တန်းဆိုလိုက်ခြင်းဖြစ်သည်။ အခံပိုဒ်စာဆိုက " နိဗ္ဗာန်ရောက်ချင်လျှင် (ဒီငါးကလေးကို) ကယ်လိုက်ပါလား" ဟုဆိုထားနှင့်သောကြောင့် မြစ်လယ်ကောင်တွင် အဖော်တွေနှင့် ကွဲပြီးရောက်လာသော တစ်ကောင်တည်းသော ငါးကလေးကို သူ့လက်ဖြင့် ကောက်ယူပြီး ရေထဲကိုပင် ပြန်လွှတ်ပေးလိုက်ပါသေးသည်။ နှစ်ပိုဒ်ပေါင်း၍ အဓိပ္ပာယ်လည်း ပြည့်စုံသွားလေသည်။

### ကဗျာ၏ အရည်အချင်း၊ အစွမ်းသတ္တိ

ကာရန်ကဗျာမဟုတ်ဘဲ။ "ဟ၊ ငါးတစ်ကောင် ကျလာတယ်ကွ၊ မင်းကုသိုလ်ရချင်ရင် ကယ်လိုက်ပါကွာ" ဟုတစ်ယောက်က ပြောမည်။ နောက်တစ်ယောက်က "အေး- ကယ်လိုက်ပြီဟေ့၊ နင့်တစ်ခါလွှတ် ငါ့ဆယ်ခါလွှတ်" ဟူသော ကာရန်မပါသည့် စကားများပြောဆိုခဲ့လျှင် ၎င်းဖြစ်ရပ်သည် လှေသမားနားတွင် ပြောစမှတ်မတွင်ဘဲ မေ့မေ့ပျောက်ပျောက် ဖြစ်သွားမည်ကား မုချပင်။

ယခုမူ ကာရန်ပါ၍ အသံသာသော ဒွေးချိုးကဗျာလေးနှင့် အပြန်အလှန် ပညာစမ်းကြသဖြင့် မှတ်ရသားရလွယ်ကူပြီး မျိုးဆက်တွေ လက်ဆင့်ကမ်း သယ်လာနိုင်ကြကာ အင်းဝခေတ်မှသည် ယနေ့တိုင်အောင် နှစ်ပေါင်းရာချီ တည်တံ့မနေပါလော။ ထို့ကြောင့် ကာရန်နှင့်အသံသည် ကဗျာ၏ အရည်အချင်း၊ အစွမ်းသတ္တိဖြစ်ပါသည်။ ကဗျာတွင် ဤဂုဏ်ရှိနေပါသည်။ ။

---

## သုတ၊ ရသစုံလင်စွာဖြင့် ဖော်ပြပါရှိသော ဩဂုတ်လထုတ် သုတပဒေသာစာစောင်ထွက်ရှိ

ရန်ကုန် စက်တင်ဘာ ၂၀

**၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၄၀ ကျော် စာချစ်သူများ လက်ခံအားပေးခဲ့သော သုတပဒေသာစာစောင်ကို မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများပြုလုပ်ပြီး အသက် ၁၈ နှစ်မှ ၂၅ နှစ်အတွင်းရှိ လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားကာ လစဉ်ထုတ်လျက်ရှိသည်။**

နိုင်ငံတကာထုတ် စာအုပ်စာစောင်များမှ ကောင်းနိုးရာ ခေတ်မီအကြောင်းအရာများနှင့် ယခုလအတွက် အထူးပြုရေးသားသည့် "မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်" မျက်နှာဖုံးဆောင်းပါးကြီးများ ပါဝင်သော သုတပဒေသာစာစောင် (ဩဂုတ်လ)ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေး ဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။

၂၀၂၂ခုနှစ် ဩဂုတ်လထုတ် သုတပဒေသာစာစောင်တွင် ဒေါက်တာ ခင်မောင်ညို၊ ဒေါက်တာ မြင့်သန်း (ညောင်လေးပင်)၊ ကိုကိုချွန် (မော်လမြိုင်)၊ ဒေါက်တာ မြင့်သန်းထွန်း (ပြည်သူ့ကျန်းမာရေး)၊ ကိုဇော်ငွေး (ယဉ်ကျေးမှု) တို့၏ "မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်" မျက်နှာဖုံး ဆောင်းပါးများ၊ မောင်ပေါ်ထွန်း၊ တွဲဖက်ပါမောက္ခ ဦးလွင်မြင့်၊ အောင်မြတ်စည်သူ၊ ကျော်ဝင်းဟိန်း (ပခုက္ကူ) တို့၏ အတွေးအခေါ် နှင့် တက်ကျမ်းဆိုင်ရာဆောင်းပါးများ၊ အေးထွန်းမင်း၊ ခင်မောင်ခြိမ့်တို့၏ နိုင်ငံတကာ ဆိုင်ရာဆောင်းပါး၊ ထီလာစိုးမြင့်ထယ်၏ သိပ္ပံနှင့် နည်းပညာဆိုင်ရာဆောင်းပါး၊ မြသိန်း၏ သဘာဝပတ်ဝန်းကျင် ရှုထောင့် ဆိုင်ရာဆောင်းပါး၊ စိုးနိုင်ထွန်း (ကနီ)၏ အမုန်းစကားဆိုင်ရာဆောင်းပါး။

ဒေါက်တာ မြင့်သန်း (သန္တေသား)၊ ဒေါက်တာ လွင်သန့်၊ ဝင်းထွဋ်ဦး၊ ဒေါက်တာ ကောင်းစံတို့၏ ကျန်းမာရေးဆိုင်ရာဆောင်းပါးများ၊ ဦးဘသန်း (မဟာဝိဇ္ဇာ)၊ ညီမော်သိမ်း၊ စိုးစိုး (ပန်းတောင်း)၊ ခိုင်ဇော် (ဒသဃန)၊ ဆောင်းဝင်းလတ်၊ နိုင်သောင်းထွဋ်၊ တင်ကြည်အောင် (တွံတေး)၊ စိန်ဝင်းမော်၊ ရဲရင့်နဒီ၊ မော်(သန်လျင်) တို့၏ ကဗျာ၊ ဟာသ၊ ဖြစ်ရပ်မှန်၊ ဝတ္ထုတိုနှင့် အထွေထွေကဏ္ဍများကို ရောင်စုံ၊ ဖြူးမည်း သရုပ်ဖော်ပုံ ဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

အဆိုပါ သုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန် စာအုပ် အရောင်းဆိုင်၊ အမှတ် (တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်၊ ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေး၊ ဖုန်း ၀၂- ၄၀၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံ ဝယ်ယူ ရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈ တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# တရုတ်နိုင်ငံဘက်မှ နယ်စပ်ဂိတ်များပိတ်ပြီးနောက် မူဆယ်နယ်စပ်သို့ဒေသသုံးကုန်ပစ္စည်းများအနည်းငယ်မျှသာ ဝင်ရောက်

**မူဆယ် စက်တင်ဘာ ၂၀**

မြန်မာ - တရုတ်နယ်စပ်၌ နှစ်နိုင်ငံ ကုန်သွယ်စီးဆင်းမှုအဓိကလမ်းကြောင်းဖြစ်သည့် ကျင်စန်းကျော့ဂိတ်နှင့် ဝမ်တိန်ဂိတ်ကို ပြီးခဲ့သည့်နှစ်လကျော်ခန့်က တရုတ်အာဏာပိုင်များက ကိုဗစ်- ၁၉ ရောဂါအကြောင်းပြချက်ဖြင့် ယခုအချိန်အထိ ယာယီပိတ်ထားသောကြောင့် မူဆယ်နယ်စပ်သို့ ဒေသသုံးကုန်ပစ္စည်းများသာ အနည်းငယ်မျှ ဝင်ရောက်မှုရှိကြောင်း သိရသည်။

အဆိုပါနယ်စပ်ဂိတ်များ ပိတ်ထားပြီးနောက် မြန်မာဘက်မှ ပို့ကုန်ယာဉ်များ တရုတ်နိုင်ငံသို့ ဝင်ရောက်ခြင်းမရှိဘဲ တရုတ်ဘက်မှ ကျန်းမာရေးသုံးပစ္စည်းများ၊ အောက်ဆီဂျင်အိုးများနှင့် ကိုဗစ် - ၁၉ ရောဂါကာကွယ်ရေးသုံးပစ္စည်း၊ သီးနှံကားများ သုံးရက်ခြား မြန်မာဘက်သို့ တင်သွင်းလျက်ရှိကြောင်း သိရသည်။

တရုတ်နယ်စပ်ဂိတ်များ ပြန်ဖွင့်နိုင်ခြေမရှိသေးသည့်အတွက် မူဆယ်နယ်စပ်ဒေသ(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်ထဲသို့ လောလောဆယ် လက်ရှိအခြေအနေအရ ဘီလပ်မြေနှင့် ကုန်စုံစသည့် ဒေသသုံးကုန်ပစ္စည်းများနှင့် ကုန်တင်ယာဉ် အနည်းငယ်မျှသာ ဝင်ရောက်မှုရှိကြောင်း သိရသည်။

မူဆယ်ဒေသခံတစ်ဦးက“ (၁၀၅)မိုင်မှာ ဖွင့်လှစ်ထားတဲ့ ခုတင် ၁၀၀၀ ဆံ့ ကိုဗစ်ရောဂါ ကုသရေးစင်တာကြီးလည်း ပြီးသလောက်တော့ရှိနေပါပြီ။ ဘယ်အချိန်ဖွင့်မယ်ဆိုတာတော့ အတိအကျ မသိသေးပါဘူး။ အကယ်၍ ဖွင့်ခဲ့ရင်လည်း တရုတ်ဘက်က ကျင်စန်းကျော့ဂိတ်ကို မဖွင့်ပေးနိုင်သေးရင် ဒီကိုဗစ်စင်တာမှာ လူရှိမယ်မထင်ဘူး။ အဓိက နှစ်နိုင်ငံကုန်သွယ်မှုအတွက် ရည်ရွယ်ပြီး ဆောက်လုပ်တာဖြစ်တဲ့အတွက် ကုန်တင်ယာဉ်များက ဂိတ်မဖွင့်မချင်း လာကြမှာမဟုတ်ဘူး။ တကယ်ဆို တရုတ်ဘက်က ဂိတ်တွေကိုပြန်ဖွင့်ပေးမှပဲ ကိုဗစ်စင်တာမှာ ကုန်ကားဆရာတွေ ကျန်းမာရေးစစ်ဆေးမှုနဲ့ ကိုဗစ်ရောဂါစမ်းသပ်ကုသမှုအပိုင်းတွေလုပ်လို့ရမှာဖြစ်သလို နှစ်နိုင်ငံ ကုန်စည်စီးဆင်းမှုလည်း ပုံမှန်ဖြစ်နိုင်ခြေရှိတာ။ အခုတော့ ခုတင် ၁၀၀၀ဆံ့ ကိုဗစ်စင်တာကြီး ပြီးတယ်ဆိုပေမယ့် ဂိတ်တွေပိတ်ထားတဲ့အတွက်ကြောင့် ဒီစင်တာကြီးမှာ ဆေးကုသမှုအပိုင်းတွေ စနိုင်မှာ မဟုတ်သေးသလို နှစ်နိုင်ငံကုန်သွယ်မှုလည်း အဆင်ပြေမှာ မဟုတ်သေးပါဘူး”ဟု သူ့အမြင်ကို ပြောသည်။

မူဆယ်(၁၀၅)မိုင်တွင် တရုတ်ဘက်မှစီးပွားရေးလုပ်ငန်းရှင်များနှင့် မြန်မာဘက်မှ ကုန်သည်များ ချိတ်ဆက်၍ ကိုဗစ်ရောဂါကင်းစင်စေရန်နှင့် နှစ်နိုင်ငံကုန်သွယ်စီးဆင်းမှု ပုံမှန်ဖြစ်စေရန် ရည်ရွယ်ပြီး မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်နယ်မြေအတွင်းရှိ အရှေ့မြောက်တံခါးအများနှင့် သက်ဆိုင်သော ကုမ္ပဏီ သစ်သီးရောင်းဝယ်ကွင်းတွင် ခုတင် ၁၀၀၀ ဆံ့ ကိုဗစ်ရောဂါ ကုသရေးစင်တာကို



တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

နှစ်နိုင်ငံကုန်သွယ်မှု မှာလည်း လက်ရှိအနေအထားအရ မူဆယ်နယ်စပ်သို့ ဒေသသုံးကုန်ပစ္စည်းများသာ ဝင်ရောက်လျက်ရှိသည်။ စက်တင်ဘာ ၁၉ ရက်တွင် ကုန်သွယ်ရေး ဇုန်အတွင်းသို့ ပို့ကုန်ယာဉ် တစ်စီး၊ ဒေသသုံးယာဉ် ၁၁ စီး စုစုပေါင်း ပို့ကုန်ယာဉ် ၁၂ စီး ဝင်ရောက်ပြီး သွင်းကုန်ယာဉ် ၁၀ စီး၊ ဒေသသုံးယာဉ်ခြောက်စီး စုစုပေါင်း ၁၆ စီး ဝင်ရောက်လျက်ရှိရာ ပို့ကုန်သွင်းကုန် နှစ်ခုပေါင်း ကုန်တင်ယာဉ် ၂၈ စီး ဝင်ရောက်ခဲ့ကြောင်း သိရသည်။

မူဆယ်နယ်စပ်သို့ နယ်စပ်ဂိတ်မပိတ်ခင်ရောက်ရှိထားသော ဆန်၊ ကြက်သွန်၊ ပဲအမျိုးမျိုး၊ နနွင်းတက်စသည့်ကုန်ပစ္စည်းများကို မြန်မာဘက်သို့ ပြန်လည်သယ်ယူပို့ဆောင်နေကြောင်း၊ မူဆယ်၊ နမ့်ခမ်းမြို့နှင့် ၁၀၅ မိုင်နယ်မြေအတွင်းရှိ ဝယ်ထားပြီးသား သံတိုသံစများကိုလည်း အောက်ပိုင်းသို့ သယ်ယူပို့ဆောင်နေကြောင်း သိရသည်။

တရုတ်-မြန်မာနယ်စပ် ကျင်စန်းကျော့ဂိတ်ဖွင့်ရန်ကိစ္စနှင့် နှစ်နိုင်ငံကုန်သွယ်စီးဆင်းမှု အခြေအနေကို နယ်မြေခံများနှင့် ကုန်သွယ်ရေးဇုန်တာဝန်ရှိသူများထံ စုံစမ်းမေးမြန်းရာ ပြန်လည်ဖြေကြားပေးခြင်းမရှိကြောင်း သိရသည်။

**သန့်စင်(မူဆယ်)**

# မိုင်းရယ်မြို့နယ်၌ မိုးရာသီ သီးနှံစုံ ၅၁၀၃၁ ဧက စိုက်ပျိုးပြီးစီး

**မိုင်းရယ် စက်တင်ဘာ ၂၀**

ရှမ်းပြည်နယ်မြောက်ပိုင်း မိုင်းရယ်မြို့နယ်မှ ဒေသခံပြည်သူများသည် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအဖြစ် စိုက်ပျိုးရေးကို အဓိကအားထားလုပ်ကိုင်ကြသူများဖြစ်ပြီး သီးနှံများကို နွေ၊ မိုး၊ ဆောင်းရာသီအလိုက် စိုက်ပျိုးလုပ်ကိုင်ကြကြောင်း သိရသည်။

မြို့နယ်အနေဖြင့် ၂၀၂၀-၂၁ ခုနှစ် မိုးရာသီတွင် ဆည်ရေသောက်၊ မိုးကောင်းသောက်၊ ဒေသအလိုက် သဘာဝချောင်းများတွင် ဒေသကျောက်ဖြည့်မျှောရိုက်ဆည် စနစ်များဖြင့် မိုးရာသီ သီးနှံစုံ ၅၁၀၃၁ ဧကကို စိုက်ပျိုး ပြီးစီးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။



မိုင်းရယ်မြို့နယ်တွင် မိုးရာသီ သီးနှံအမျိုးအစားအလိုက် စိုက်ပျိုးဧကများမှာ မိုးစပါး(လယ်စပါး) ၁၂၄၂၆ ဧက၊ ယာစပါး၊ တောင်ယာစပါးနှင့်ယာသီးနှံ ၃၈၆၀၅ ဧကဖြစ်သည်။ မိုင်းရယ်မြို့နယ်ရှိ ဒေသခံ ပြည်သူများသည် မိုးစပါး၊ တောင်ယာစပါးကို အဓိကထား စိုက်ပျိုးကြပြီး ဒုတိယအများဆုံး စိုက်ပျိုးသည့် သီးနှံမှာ အစေ့ထုတ်ပြောင်းဖြစ်သည်။ ယခုနှစ်တွင် အစေ့ထုတ်ပြောင်း ဧက ၁၇၆၉၀ ကို စိုက်ပျိုးနိုင်ကြောင်း သိရသည်။

စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် ဒေသခံတောင်သူများ မျိုးပြောင်းလဲ စိုက်ပျိုးခြင်းဖြင့် တစ်ဧကအထွက်နှုန်း တိုးတက်ရရှိစေရန် မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးပေးခြင်း၊ သွင်းအားစု ဓာတ်မြေဩဇာ၊ ပိုး သတ်ဆေးများ ဖြန့်ဖြူးပေးခြင်း၊ သီးနှံအလိုက် သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များအား အတုယူ စိုက်ပျိုးလာစေရန် လယ်စပါး၊ မြေပဲ၊ အစေ့ထုတ်ပြောင်း၊ ပဲပုပ်သီးနှံများကို စံပြကွက်များစိုက်ပျိုး၍ ကွင်းဆင်းသရုပ်ပြပွဲများ ဆောင်ရွက်ပေးခြင်း၊ ပြောင်းလဲလာသော ရာသီဥတုအလိုက် လိုက်လျောညီထွေမှုရှိမည့် သီးနှံပုံစံပြောင်းလဲစိုက်ပျိုးနိုင်ရေး မျိုးသစ်စမ်းသပ်ကွက်များ၊ မျိုးယှဉ်ပြိုင်စမ်းသပ်ကွက်၊ စိုက်ပျိုးချိန် စမ်းသပ်ကွက်များ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် စံပြကွက်၊ စမ်းသပ်ကွက်များစိုက်ပျိုးပြသသည့်အပြင် သီးနှံအလိုက် အထွက်နှုန်းတိုးစေမည့် သိပ္ပံနည်းကျ စိုက်ပျိုးနည်းများ၊ ပုလဲဓာတ်မြေဩဇာ အကျိုးရှိစွာသုံးစွဲနည်း၊ ပိုးသတ်ဆေးများကို အန္တရာယ်ကင်းစွာ ကိုင်တွယ် သုံးစွဲနည်း၊ သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲနည်း သင်တန်း/ ဆွေးနွေးပွဲများ ဆောင်ရွက်ထားရှိပြီး ဖြစ်ကြောင်း သိရသည်။

မိုးသီးနှံစိုက်ခင်းများ ပိုးမွှား ရောဂါကျရောက် ပျက်စီးမှုမရှိစေရေးအတွက် စိုက်ပျိုးရေးဝန်ထမ်းများက ကျေးရွာအုပ်စု၊ ကျေးရွာရှိ သီးနှံစိုက်ခင်းများအား ကွင်းဆင်းစစ်ဆေးပြီး တောင်သူတစ်ဦးချင်းအား ပညာပေးခြင်း၊ ပိုးမွှား ရောဂါကာကွယ်ရေး နည်းစနစ်များအား ရှင်းလင်းပြသခြင်းများ၊ ကိုဗစ်-၁၉ ကပ်ရောဂါ ကာလအတွင်း ICT နည်းပညာများဖြင့် သတင်းအချက်အလက်များ ပေးပို့ခြင်း၊ နည်းပညာများ ဖြန့်ဖြူးပေးခြင်း၊ တောင်သူများ သိလိုသည့်အချက်များအား ဖြေရှင်းပေးခြင်း စသည့်လုပ်ငန်းများအား မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေး လျက်ရှိကြောင်း သိရသည်။

**ကျော်ဇင်ထိုက်(မိုင်းရယ်)**

# ညောင်တုန်းမြို့၌ ကမ်းပြိုဘေးကြောင့် ပြောင်းရွှေ့ရသည့် အိမ်ထောင်စုများအတွက် ထောက်ပံ့

**ညောင်တုန်း စက်တင်ဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအုပ်စု ဂန်ချောင်းကျေးရွာ၌ စက်တင်ဘာ ၁၂ ရက်မှ ၁၇ ရက်အထိ ဖြစ်ပွားခဲ့သည့် ကမ်းပြိုဘေးကြောင့် ကြိုတင်ဖျက်သိမ်း ပြောင်းရွှေ့အိမ်ထောင်စုများအတွက် ကယ်ဆယ်ရေးရန်ပုံငွေထောက်ပံ့ခြင်းကို ယနေ့ မွန်းလွဲပိုင်းက ဂန်ချောင်းကျေးရွာရှိ ကမ်းပြိုဘေးသင့် အိမ်ထောင်စုများထံသို့ ထောက်ပံ့ပေးအပ်သည်။

အဆိုပါ ကယ်ဆယ်ရေးရန်ပုံငွေထောက်ပံ့ခြင်းကို မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးတို့က ကမ်းပြိုဘေးကြောင့် ကြိုတင်ဖျက်သိမ်းပြောင်းရွှေ့ရသည့်နေအိမ်ခုနစ်လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့မှု ရန်ပုံငွေကျပ် ၇၀၀၀၀၀၊ အိမ်ထောင်စု ခုနစ်စုမှ လူဦးရေ ၂၇ ဦးအတွက် ဆန်ရိက္ခာ ခုနစ်ရက်စာ ထောက်ပံ့မှု ရန်ပုံငွေကျပ် ၅၆၇၀၀ စုစုပေါင်း ရန်ပုံ ငွေကျပ် ၇၅၆၇၀၀ နှင့် နှာခေါင်းစည်းတို့ကို ကမ်းပြိုဘေးသင့်ပြည်သူများထံ ထောက်ပံ့ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# လမ်းတံတားများဖြင့် ဖွံ့ဖြိုးတိုးတက်နေသည့် တတိယမြို့တော် မန္တလေး

**မန္တလေးတိုင်းဒေသကြီးတွင် လမ်းအရေအတွက်ပေါင်း ၇၄ လမ်း၊ မိုင်အရှည် ၁၆၀၈ မိုင် ၃ ဖာလုံ ၃၆၄ ပေ၊ ပေ ၁၈၀ အထက် တံတား ၆၉ စင်း၊ ပေ ၁၈၀ အောက် (Box Culvert အပါအဝင်) တံတား ၅၃၅၈ စင်းရှိကာ ခရီးလမ်းပန်းအဆင်ပြေစွာဖြင့် စည်ပင်ဖွံ့ဖြိုးနေသည့် မြန်မာနိုင်ငံ၏ တတိယမြို့တော်ဖြစ်သည်။ မန္တလေးတိုင်းဒေသကြီးသည် လမ်းပန်းဆက်သွယ်ရေးဆုံရာဒေသနှင့် စီးပွားရေးအချက်အချာကျရာ ဒေသလည်းဖြစ်သည်။ ထို့ကြောင့် တိုင်းဒေသကြီးအတွင်း လမ်းကွန်ရက်၊ တံတားကွန်ရက် ကောင်းမွန်စေရန်အတွက် အဆင့်မြှင့်တင် ထိန်းသိမ်းခြင်းလုပ်ငန်းများကို တိုင်းဒေသကြီး လမ်းဦးစီးဌာန၊ တံတားဦးစီးဌာနမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။**



ဒုဋ္ဌဝတီ(ရွှေစာရံတံတား)ကို တွေ့ရစဉ်။

၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း ပေ ၆၀ အထက် တံတားကြီးများ အဆင့်မြှင့်တင် ဆောင်ရွက်မှုအနေဖြင့် စုစုပေါင်းတံတား ၁၈စင်း ဆောင်ရွက်ခဲ့သည်။

တိုင်းဒေသကြီးအတွင်းရှိ လမ်းကွန်ရက်များ အဆင့်မြှင့်တင်ခြင်းကို ကြိုးပမ်းဖော်ဆောင်ရာတွင် ရွာသစ်-ထနောင်းကိုင်းလမ်းပိုင်းသည် တစ်ခုအပါအဝင် ဖြစ်သည်။ ရွာသစ်-ထနောင်းကိုင်းလမ်းပိုင်းကို အဆင့်ဆင့်မြှင့်တင်ခဲ့ရာ ယခုအခါ ၁၈ ပေ အကျယ် ကတ္တရာလမ်းအဖြစ် ပြည်သူများ အဆင်ပြေစွာ အသုံးပြုနိုင်အောင် အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ပြီဖြစ်သည်။

ထို့အတူ ချမ်းသာကုန်း – စကားအင်းအဝိုင်း – တံတားဦး အပြည်ပြည်ဆိုင်ရာလေယာဉ်ကွင်းလမ်းကို အဆင့်မြှင့်တင်ခဲ့သည်။ ထိုသို့ အဆင့်မြှင့်တင်နိုင်ခဲ့သည့်အတွက် စဉ့်ကိုင်မြို့နယ်အပိုင်းတွင် ၂၄ ပေ အကျယ် (အသွား – အပြန်) ကတ္တရာလမ်း(၄မိုင်)၊ တံတားဦးမြို့နယ်အပိုင်းတွင် ၂၄ ပေ အကျယ် (အသွား-အပြန်) ကတ္တရာ ကွန်ကရစ်လမ်း (AC) (၂မိုင် ၃၄၀ပေ)နှင့် ကတ္တရာလမ်း (၁မိုင် ၇ဖာလုံ ၁၀၅ပေ) ဖြစ်ပေါ်ခဲ့ပြီ ဖြစ်သည်။

တိုင်းဒေသကြီးအတွင်းရှိ မြင်းခြံ-မြစ်သား-ရေဝန်းလမ်း (မိုင် ၀/၀-၅၃/၇) (၅၃မိုင် ၇ဖာလုံ) အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ယခုအခါ မိုင် (၀/၀ မှ ၂၀/၇) အထိ ၂၀ မိုင် ၇ဖာလုံ (၂၄ပေ အကျယ် ကတ္တရာလမ်း)ကို Gulf Power Construction Co.,Ltd မှ B.O.T စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ ထို့အတူ မိုင် ၂၀/၇ မှ ၃၉/၅ အထိ ၁၈ မိုင် ၆ ဖာလုံ ၁၈ ပေ အကျယ် ကတ္တရာလမ်း (၁ မိုင် ၆ဖာလုံ ၄၅၇ပေ) နှင့် ၂၄ပေ အကျယ် ကတ္တရာလမ်း (၁၆မိုင် ၇ ဖာလုံ ၂၀၃ပေ)အား မြင်းခြံခရိုင် လမ်းဦးစီးဌာမှ လည်းကောင်း၊ မိုင် (၃၉/၅ မှ ၅၃/၇)အထိ ၁၄ မိုင် ၂ ဖာလုံ ၁၈ ပေ အကျယ် ကွန်ကရစ်လမ်း (၁ မိုင် ၃ဖာလုံ ၄၇၆ပေ)နှင့် ၁၈ ပေ အကျယ် ကတ္တရာလမ်း (၁၂မိုင် ၆ ဖာလုံ ၁၈၄ ပေ)အား ကျောက်ဆည်ခရိုင် လမ်းဦးစီးဌာနမှ လည်းကောင်း တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

မန္တလေး-လားရှိုး-ဗန်းမော်-မြစ်ကြီးနားလမ်း (မိုင် ၀/၀-၄၉/၄)အထိ ၄၉ မိုင် ၄ ဖာလုံ)သည် ပြည်သူများ အသုံးပြုများသည့် လမ်းပိုင်းတစ်ခုဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့ကို ဆက်သွယ်ထားသောလမ်းဖြစ်သည်။ ယခုအခါ ၄၈ ပေ ၊ ၇၂ပေ ကတ္တရာကွန်ကရစ် (AC) လမ်းမကြီးအဖြစ် အဆင့်မြှင့်တင်နိုင်ခဲ့ပြီ ဖြစ်သည်။



မန္တလေး-လားရှိုး-ဗန်းမော်-မြစ်ကြီးနားလမ်း(မန္တလေး-ပြင်ဦးလွင်)အပိုင်းကို တွေ့ရစဉ်။

တိုင်းဒေသကြီးအတွင်းရှိ ကျောက်ဆည်မြို့သည် ဖွံ့ဖြိုးတိုးတက်လာသောမြို့ပြနှင့် စက်မှုလုပ်ငန်းများ ပေါ်ထွန်းလာကာ မြို့တွင်းမှတစ်ဆင့် ကုန်တင်ယာဉ်ကြီးများ ဖြတ်သန်းသွားလာမှုများသည့် အခြေအနေတည်ရှိခဲ့သည်။ ထို့ကြောင့် ကုန်တင်ယာဉ်ကြီးများ မြို့ရှောင်လမ်းမှတစ်ဆင့် အဆင်ပြေစွာ ကူးသန်းသွားလာနိုင်ရန်အတွက် ကျောက်ဆည်မြို့ရှောင်လမ်းအား ၇၂ ပေ အကျယ် ကွန်ကရစ်လမ်းနှင့် ဇော်ဂျီမြစ်ကူးတံတားအမှတ်(၂) (၇၂ ပေ၊ ၆လမ်းသွား)တို့ကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် အပြီးဆောင်ရွက်နိုင်ခဲ့သည်။

တိုင်းဒေသကြီး လမ်းဦးစီးဌာနသည် ပြည်သူများ ခရီးလမ်းပန်း အဆင်ပြေစွာ သွားလာနိုင်ရန်အတွက် လမ်းကွန်ရက်ပေါ်ရှိ တံတားကွန်ရက်များကိုလည်း တစ်ပြေးညီမြှင့်တင်ခဲ့ရာ ကျောက်ဆည်မြို့နယ် (ကျောက်ဆည်-တံတားဦးလမ်း) ပေါ်တွင် ဒွေးလှတံတားကို တည်ဆောက်ပေးနိုင်ခဲ့သည်။ အဆိုပါ တံတားသည် အပေါ်ထည် သံကူကွန်ကရစ်၊ သံကူကွန်ကရစ်ကြမ်းခင်း၊ အောက်ထည် သံကူကွန်ကရစ်၊ အုတ်မြစ် 1m ø Bored Pile တံတားအမျိုးအစားဖြစ်ပြီး တံတားအရှည် ၅၄ ဒသမ ၈၆ မီတာ (၁၈ ဒသမ ၃ မီတာ X ၃ခန်း)၊ ယာဉ်သွားလမ်းအကျယ် ၇ ဒသမ ၃၅မီတာနှင့် လူသွားလမ်းအကျယ် ၀ ဒသမ ၉ မီတာဖြင့် နှစ်ဖက်ပါရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် (မြစ်သား-ရွာသာ-သပြေတောင်းလမ်း) တွင် ပေါက်ချောင်းတံတားကို တည်ဆောက်ပေးနိုင်ခဲ့သည်။ တံတားအမျိုးအစားသည် အပေါ်ထည် သံကူကွန်ကရစ်၊ သံကူကွန်ကရစ်ကြမ်းခင်း၊ အောက်ထည် သံကူကွန်ကရစ်၊ အုတ်မြစ် 1m ø Bored Pile ဖြစ်ကာ တံတားအရှည် ၆၇မီတာ (၁၅ ဒသမ ၂၅ မီတာ x ၂ ခန်း + ၁၈ ဒသမ ၃ မီတာ X ၂ ခန်း)၊ ယာဉ်သွားလမ်းအကျယ် ၇ ဒသမ ၃၅ မီတာနှင့် လူသွားလမ်းအကျယ် ၀ ဒသမ ၉ မီတာဖြင့် နှစ်ဖက်ပါရှိသည်။

တိုင်းဒေသကြီးအတွင်းရှိ လမ်းပိုင်းများ အဆင့်မြှင့်တင်ရာ B.O.T စနစ်ဖြင့်လည်း ဆောင်ရွက်နေသည်များရှိပြီး စုစုပေါင်း ၆၉၃ မိုင် ၃ ဖာလုံ ပေ ၃၇၀ ရှိကြောင်း သိရသည်။ B.O.T စနစ်ဖြင့် Oriental Highway Company မှ ၇ မိုင် ၅ ဖာလုံ၊ သော်တာဝင်းဆောက်လုပ်ရေးကုမ္ပဏီမှ ၁၀၉ မိုင် ၅ ဖာလုံ ပေ ၃၇၀၊ တောင်ပေါ်ဒေသ လမ်းဆောက်လုပ်ရေးကုမ္ပဏီမှ ၇၈ မိုင် ၁ ဖာလုံ၊ ယုဇနကုမ္ပဏီမှ ၅၃ မိုင် ၂ ဖာလုံ၊ မြတ်နိုးသူကုမ္ပဏီမှ ၁၃၆ မိုင် ၂ဖာလုံ၊ သန္တိသစ္စာကုမ္ပဏီမှ ၄၁ မိုင် ၃ဖာလုံ၊ ဆုထူးပန်ကုမ္ပဏီမှ မိုင် ၄၀ ၄ ဖာလုံ၊ သာယာဦးကုမ္ပဏီမှ ၅၃ မိုင် ၃ဖာလုံ၊ ထွန်းညိုလူကုမ္ပဏီမှ ၅၅ မိုင် ၁ဖာလုံ၊ Gulf Power Construction Companyမှ မိုင် ၂၀ ၇ ဖာလုံ၊ ကောင်းမွန်ကုမ္ပဏီမှ ၅ မိုင် ၆ ဖာလုံနှင့် နဒီရွှေဝါကုမ္ပဏီမှ ၂၅ မိုင် ၄ ဖာလုံ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အချုပ်အားဖြင့် ဆိုရသော် လူဦးရေ (၆,၁၀၂,၁၀၂)ကျော် နေထိုင်ကာ ခရိုင် ခုနစ်ခရိုင်၊ မြို့နယ် ၂၈ မြို့နယ်၊ ရပ်ကွက် (၂၈၂)ရပ်ကွက်၊ ကျေးရွာအုပ်စု (၁၄၁၄) အုပ်စု၊ ကျေးရွာပေါင်း ၄၇၉၉ ရွာ တို့ဖြင့် ဖွဲ့စည်းထားသည့် တိုင်းဒေသကြီးအတွင်း တစ်နေရာနှင့်တစ်နေရာ ဆက်သွယ်သွားလာရာတွင် ခရီးမလင့်ဘဲ အဆင်ပြေစွာ သွားလာနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ချမ်းမြေ့မောင်**

## ညောင်တုန်းမြို့နယ်ရှိ ပုဂ္ဂလိကစက်ရုံ၊ အလုပ်ရုံနှင့် စားသောက်ဆိုင်ဝန်ထမ်းများအား ပထမအကြိမ် ကိုဗစ် - ၁၉ ကာကွယ်ဆေးထိုးနှံ

**ညောင်တုန်း စက်တင်ဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်အတွင်းရှိ ပုဂ္ဂလိကစက်ရုံ၊ အလုပ်ရုံဝန်ထမ်းများနှင့် စားသောက်ဆိုင်ဝန်ထမ်းများအား ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းကို စက်တင်ဘာ ၂၀ ရက် နံနက် ၉ နာရီက အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း လှိုင်ပညာခန်းမ၌ ကာကွယ်ဆေးထိုးနှံပေးလျက်ရှိသည်။

အဆိုပါ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းကို မြို့နယ် ကိုဗစ် - ၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ ညောင်တုန်းမြို့နယ်အတွင်းရှိ ပုဂ္ဂလိကစက်ရုံ၊ အလုပ်ရုံဝန်ထမ်းများနှင့် စားသောက်ဆိုင်ဝန်ထမ်းများအား ပထမအကြိမ် နံနက် ၉ နာရီမှ ညနေ ၃နာရီအထိ ကာကွယ်ဆေးထိုးနှံပေးလျက်ရှိပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဦးကျော်စိုးနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ကြီးကြပ်ကြည့်ရှုကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# မန္တလေးမြို့ အရှေ့ပြင်နယ်လုံးဆိုင်ရာ ပြည်ကြီးမျက်မှန်ရပ်ကွက်ရှိ မဟာလောကရန်နိုမ် အောင်တော်မူမြတ်စွာဘုရား ဗုဒ္ဓဆင်းတုတော်မြတ်ကြီးအား ယာယီစံကျောင်းတော်မှ မူလစံကျောင်းတော်သို့ ပင့်ဆောင်ပူဇော်ခြင်း မင်္ဂလာပြုလုပ်

**နေပြည်တော် စက်တင်ဘာ ၂၀**

မန္တလေးမြို့ အရှေ့ပြင်နယ်လုံးဆိုင်ရာ ပြည်ကြီးမျက်မှန်ရပ်ကွက်ရှိ မဟာလောကရန်နိုမ် အောင်တော်မူ မြတ်စွာဘုရား ဗုဒ္ဓဆင်းတုတော်မြတ်ကြီးအား အဆိုပါ ဘုရားပရိဝုဏ်အတွင်းရှိ ယာယီစံကျောင်းတော် အောင်ဓမ္မာရုံမှ မူလစံကျောင်းတော် သာသနာ့ဗိမာန်သို့ ပင့်ဆောင်ပူဇော်ခြင်းမင်္ဂလာကို ယနေ့နံနက်ပိုင်းတွင် ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့အကျိုးတော်ဆောင် မန္တလေးမြို့ ဒိုက်ဦးကျောင်းဦးစီးပဓာန ဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တ ဇောတိကာဘိဝံသ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ မန္တလေးမြို့ ဒိုက်ဦးကျောင်းဦးစီးပဓာန ဆရာတော်အမှူးပြုသော သံဃာတော်များက ရောင်ခြည်တော်ဖွင့်ဂါထာဖြင့် မြတ်စွာဘုရားအား ပင့်ဆောင်ခြင်း၊ ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်းနှင့် မဟာလောကရန်နိုမ်အောင်တော်မူ မြတ်စွာဘုရားဗုဒ္ဓဆင်းတုတော်မြတ်ကြီးအား နံ့သာရည်များပက်ဖျန်းပူဇော်ခြင်းများ ဆောင်ရွက်တော်မူကြပြီး မင်္ဂလာဝန်ချီစက်ယာဉ်ဖြင့် မူလသီတင်းသုံးရာ သာသနာ့ဗိမာန်ရှိ သီဟာသနပလ္လင်တော်သို့ ပင့်ဆောင်ကြသည်။

ထို့နောက် မြတ်စွာဘုရားဗုဒ္ဓဆင်းတုတော်မြတ်ကြီးအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ပန်း၊ ရေချမ်း၊ ဆီမီးများ ဆက်ကပ်ကာ နံ့သာရည်များ ပက်ဖျန်းပူဇော်ခဲ့ကြသည်။**(ယာပုံ)**

အဆိုပါ မဟာလောကရန်နိုမ်အောင်တော်မူ မြတ်စွာဘုရားဗုဒ္ဓဆင်းတုတော်မြတ်ကြီးသည် သီပေါမင်းတရားကြီးမှ မြန်မာသက္ကရာဇ် ၁၂၄၄ ခုနှစ်တွင် စတင်တည်ထားကိုးကွယ်ခဲ့ခြင်းဖြစ်ပြီး မူလစံကျောင်းတော် ပြန်လည်ပြုပြင်မွမ်းမံပြီးစီးခဲ့သဖြင့် ယာယီစံကျောင်းတော်မှ မူလစံကျောင်းတော်သို့ ပြန်လည်ပင့်ဆောင်ပူဇော်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

# ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ စစ်တွေမြို့တွင် ရက္ခပူရ ဗုဒ္ဓတက္ကသိုလ်နှင့် မြောက်ဦးစင်တာ ဆောက်လုပ်ရန်အတွက် မြေနေရာပေးအပ်လှူဒါန်း



**နေပြည်တော် စက်တင်ဘာ ၂၀**

ရခိုင်ပြည်နယ် မြောက်ဦးမြို့ ရတနာ့မာန်အောင် တောရရိပ်သာ ဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဝါယာမိန္ဒ အမှူးပြုသော စေတနာရှင်အလှူရှင်များ၏ စုပေါင်းလှူဒါန်းမှုဖြင့် ရက္ခပူရ ဗုဒ္ဓတက္ကသိုလ်နှင့် မြောက်ဦးစင်တာ ဆောက်လုပ်ရန်အတွက် ရခိုင်ပြည်နယ် အစိုးရအဖွဲ့မှ မြေနေရာပေးအပ်လှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ ကျားရုပ်ပရိယတ္တိစာသင်တိုက်၌ ပြုလုပ်ရာ မြောက်ဦးမြို့ ရတနာ့မာန်အောင် တောရရိပ်သာ ဆရာတော် ကြွရောက်တော်မူပြီး ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

**ပေးအပ်လှူဒါန်း**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက မြောက်ဦး ဆရာတော်အား ဖူးမြော်ကြည်ညိုကြပြီး စစ်တွေမြို့ စက်မှုရပ်ကွက် (ဆတ်ရိုးကျ)တွင် ရက္ခပူရ ဗုဒ္ဓတက္ကသိုလ်နှင့် မြောက်ဦးစင်တာ ဆောက်လုပ်ရန်အတွက် စုစုပေါင်း မြေကွက် ၇ ကွက်(မြေဧရိယာ ၂ ဒသမ ၇၇၃ ဧက)ကို အခွန်လွတ် သာသနာ့ဂရန်လျှောက်ထားသည့် မြေနေရာနှင့် ပတ်သက်သော စာရွက်စာတမ်းများကို ရက္ခပူရ ဗုဒ္ဓတက္ကသိုလ်နှင့် မြောက်ဦးစင်တာ ဆောက်လုပ်ရေးအဖွဲ့မှ တာဝန်ရှိသူထံ ပေးအပ်လှူဒါန်းသည်။**(ဝဲပုံ)**

ထို့နောက် မြောက်ဦးဆရာတော်က တည်ဆောက်ရေး လုပ်ငန်း အစီအမံများနှင့် ပတ်သက်၍ မိန့်ကြားတော်မူပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လိုအပ်သည်များ ဖြည့်စွက်လျှောက်ထား တင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မုတ်သုံလေ အားနည်းနေ

**နေပြည်တော် စက်တင်ဘာ ၂၀**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့် ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားနည်းနေသည်။

**မိုး/ဇလ**



တတ်နိုင်သမျှ
မိမိအိမ်တွင်သာ
နေပါ

# တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေး၊ ဆွမ်းပဒေသာပင် အလှူငွေများပေးအပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၂၀**

တပ်မတော် (ကြည်း၊ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင် အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေး စစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ ရတနာစံပရိယတ္တိစာသင်တိုက်၊ ရွာသစ်ကြီးကျောင်းတိုက်၊ မဟာဝိဇ္ဇာသိပ္ပံကျောင်းတိုက်၊ တပ်ကုန်းမြို့နယ်ရှိ ကျောက်စရစ်ကုန်းကျောင်းတိုက်**(အပေါ်ပုံ)**၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့ရှိ သဖန်းကိုင်းပရဟိတ ဘုန်းတော်ကြီး ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဥက္ကံမြို့ ဗိုလ်ချုပ်အောင်ဆန်းရပ်ကွက်ရှိ မင်္ဂလာတိုက်ကျောင်း ကျောင်းတိုက်၊ သန်လျင်မြို့နယ် ကရင်ဆိပ်ကျေးရွာရှိ အောင်မင်္ဂလာ ကျောင်းတိုက်၊ ရွာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့ရှိ သကျမိတ္တာ ပညာပါရမီကျောင်း၊ သာပေါင်းမြို့နယ် အတွင်းရှိ ဘုန်းတော်ကြီး ကျောင်းနှင့် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မဟာဂန္ဓာရုံကျောင်းတိုက်တို့ရှိ ဆရာတော်၊ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက် အကူပြုပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာန ချုပ်များမှ တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြသည်။



ထို့အပြင် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ရှိ ကုန်းရုံးကျောင်းတိုက်နှင့် ဇောတိက ကံအောင်မင်္ဂလာကျောင်းတိုက်တို့ရှိ ဆရာတော်၊ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံ ဆေးအဖွဲ့များက မြို့နယ်ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးဝန်ထမ်းများနှင့်ပူးပေါင်း၍ ယနေ့နံနက်ပိုင်းတွင် ကိုဗစ်-၁၉ ရောဂါပိုး ရှိ/မရှိ စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးကြောင်း သိတင်းရသည်။

**သတင်းစဉ်**

# မြန်မာပြည်ကို ချစ်သည့်သူမှန်သမျှ အမိနိုင်ငံကို ကူညီစောင့်ရှောက်ကြ

၁၉၄၇ ခုနှစ် ဧပြီလ ၉ ရက်နေ့၊ ပျဉ်းမနားမြို့ ဦးဝိသုဒ္ဓဘုန်းတော်ကြီးကျောင်းဝင်းအတွင်း လူထုဟောပြောပွဲမှာ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် " ကိုယ်အချင်းချင်း သတ်ဖြတ်၊ လုယက်၊ သူပုန်ထ၊ မီးရှို့လုပ်နေတာ ဘာတော်လှန်ရေးလဲ၊ ဒါတော်လှန်ရေးတဲ့လား" ဆိုသည့်စကား။ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၃ ရက်နေ့၊ ရန်ကုန်မြို့ မြို့တော်ခန်းမတွင် ပြုလုပ်ခဲ့သည့် လူထုအစည်းအဝေးကြီးတွင် "ဆူပူသောင်းကျန်းမှုတွေကို ဗမာပြည်ချစ်တဲ့သူတွေမှန်သမျှ ဝိုင်းဝန်းကူညီ နှိမ်နင်းဖို့လိုတယ်" ဆိုသည့် စကားတို့ကို ယခုအချိန်တွင် ပြန်လည်သတိရမိပါသည်။

ကိုလူလှ

မြန်မာနိုင်ငံတွင် စစ်ပြီးကာလ လွတ်လပ်ရေးရယူရေး ကြိုးပမ်းစဉ်အချိန်က နိုင်ငံရေးခံယူချက် ကွဲပြားမှုကြောင့် လွတ်လပ်ရေးကို ငြိမ်းချမ်းသောနည်းဖြင့် ယူလိုသော သူတို့က တစ်ဖက်၊ လက်နက်ကိုင် တိုက်ယူလိုသူတို့က တစ်ဖက် ကွဲပြားခဲ့ကြသည်။

ထိုအချိန်တွင် ဆူဆူပူပူလုပ်လိုသူများ၊ ယင်းကိုအကြောင်းပြု၍ သူခိုး၊ ဓားပြ၊ တောကြောင်ထမှုများကြောင့် တိုင်းပြည်မှာ ကျိုးလန့်စာစား ဖြစ်ခဲ့သည်။ မြန်မာလူမျိုးအချင်းချင်း သတ်ဖြတ်၊ လုယက်၊ သူပုန်ထ စသည်ဖြင့် အကြမ်းဖက်သောင်းကျန်းမှုများ ဖြစ်ပေါ်လာသဖြင့် ဗိုလ်ချုပ်အောင်ဆန်းက သတိပေးစကား ပြောကြားခဲ့သည်။ တစ်ဖက်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် အမျိုးသားခေါင်းဆောင်များက လွတ်လပ်ရေးအတွက် ကြိုးပမ်းအားထုတ်လျက်ရှိစဉ် တစ်ဖက်တွင် အစွန်းရောက် နိုင်ငံရေးသမားများနှင့် တောကြောင်များက ဆူပူသောင်းကျန်းခဲ့ကြသည်။ ဆူပူသောင်းကျန်းမှုများသည် လွတ်လပ်ရေး မရမီကတည်းက ဖြစ်ပေါ်ခဲ့ပြီး လွတ်လပ်ရေးရပြီးစ၌ တစ်နိုင်ငံလုံး ဆူပူသောင်းကျန်းမှုများ ပေါ်ပေါက်လာခဲ့သည်။

**အကြမ်းဖက်မှုလျော့ပါး**

လွတ်လပ်ရေး မရမီကတည်းက မျိုးစေ့ချခဲ့သော အကြမ်းဖက်ဆူပူသောင်းကျန်းမှုများမှာ လွတ်လပ်ရေးရပြီးနောက်တွင်လည်း သောင်းကျန်းမှုအမျိုးမျိုး မကြာခဏ ဖြစ်ပေါ်ခဲ့သည်။ ယခုအခါတွင် နိုင်ငံရေး အပြောင်းအလဲဖြစ်ပေါ်သည်ကို အကြောင်းပြု၍ အကြမ်းဖက်သောင်းကျန်းမှုများ ဖြစ်ပေါ်လျက်ရှိသည်။

တိုင်းပြည် တည်ငြိမ်အေးချမ်းရေးကို အလေးမထားဘဲ နိုင်ငံရေးသမားအစွန်းရောက်တို့၏ သွေးထိုးမြှောက်ပင့်ပေးမှုကြောင့် အသိမဲ့အကြမ်းဖက်သမားများ ပေါ်ပေါက်လာသည်။ တောကြောင်များ၊ ရောယောင်များလည်း ထကြွလာသည်။ ယနေ့ နိုင်ငံတော်တွင် အဓိကရင်ဆိုင်နေရသော ပြဿနာမှာ တရားဥပဒေစိုးမိုးရေးဖြစ်သည်။ နိုင်ငံအတွင်း နေရာအချို့တွင် ဖြစ်ပေါ်နေသော အကြမ်းဖက် သောင်းကျန်းမှုအချို့သည် နိုင်ငံ၏အချုပ်အခြာအာဏာကို ထိခိုက်နိုင်သည့် အခြေအနေမရှိသော်လည်း ပြည်သူများ၏ဘဝ လုံခြုံစိတ်ချရေးကို ဝိုင်းဝန်းဆောင်ရွက် ပေးကြရမည်ဖြစ်သည်။ ယခုအခါတွင် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံအေးချမ်းရေးကို ပိုမိုဝါယမထား ထိထိရောက်ရောက် ဆောင်ရွက်နိုင်သောကြောင့် ယခင်ကာလများနှင့်စာလျှင် အကြမ်းဖက်မှုများ လျော့ပါးသွားသည်ဟု ဆိုနိုင်သည်။

◆ **တိုင်းပြည် တည်ငြိမ်အေးချမ်းရေးကို အလေးမထားဘဲ နိုင်ငံရေးသမားအစွန်းရောက်တို့၏ သွေးထိုးမြှောက်ပင့်ပေးမှုကြောင့် အသိမဲ့ အကြမ်းဖက်သမားများ ပေါ်ပေါက်လာသည်။ တောကြောင်များ၊ ရောယောင်များလည်း ထကြွလာသည်။ ယနေ့နိုင်ငံတော်တွင် အဓိကရင်ဆိုင်နေရသော ပြဿနာမှာ တရားဥပဒေစိုးမိုးရေးဖြစ်သည်။ နိုင်ငံအတွင်း နေရာအချို့တွင် ဖြစ်ပေါ်နေသော အကြမ်းဖက်သောင်းကျန်းမှုအချို့သည် နိုင်ငံ၏အချုပ်အခြာအာဏာကို ထိခိုက်နိုင်သည့် အခြေအနေမရှိသော်လည်း ပြည်သူများ၏ဘဝ လုံခြုံစိတ်ချရေးကို ဝိုင်းဝန်းဆောင်ရွက်ပေးကြရမည်**

သို့သော် နိုင်ငံအတွင်း လက်နက်ပုန်းများ ရှိနေသောကြောင့် နေရာအချို့တွင် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ သတင်းပေးဒလန်ဟု စွပ်စွဲပြီး အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်မှုများ ရှိနေသေးသည်။ မကြာသေးမီက လေလှိုင်းပေါ်က အစွန်းရောက် နိုင်ငံရေးသမား အကြမ်းဖက်အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်ပေးသည့် နည်းလမ်းတစ်မျိုးကြောင့် လုံခြုံရေးနှင့် အလှမ်းဝေးသည့် နေရာအချို့မှ ဆက်သွယ်ရေးတာဝါတိုင်များကို မီးရှို့ဖောက်ခွဲဖျက်ဆီးခဲ့ကြသည်ကို တွေ့ရမည်ဖြစ်သည်။ ဆက်သွယ်ရေးတာဝါတိုင်များအား မီးရှို့ဖျက်ဆီးခဲ့ကြသည့် နေရာဒေသများတွင် ပြည်သူများ ပြောဆိုဆက်သွယ်မှုများနှင့် အသိအမြင် ဗဟုသုတများ ပျောက်ဆုံးသွားသည်ကို တွေ့ရမည်ဖြစ်သည်။ ထိုသို့ အဖျက်လုပ်ရပ်များကို လုပ်ကိုင်နေသော အကြမ်းဖက်သမားများက တိုက်ခိုက်ဖျက်ဆီးမှုများရှိသလို မြို့ရွာများအတွင်းမှ အကြမ်းဖက် အဖျက်သမားများကို ရှင်းလင်းဖယ်ရှားဖမ်းဆီးရမိမှုများ နေ့စဉ်နှင့်အမျှ ရှိနေသည်ကို တွေ့ရမည်ဖြစ်သည်။ မြို့ရွာများ လုံခြုံရေး၊ ပြည်သူများ ဘေးအန္တရာယ်ကင်းရေးအတွက် နေ့ညမရွေး၊ နေရာမရွေး လုံခြုံရေးဆောင်ရွက်ပေးကြသော တပ်ဖွဲ့ဝင်များအား စာနာနားလည် ကျေးဇူးတင်ကြရမည် ဖြစ်သည်။

**နောက်ကွယ်မှဖန်တီး**

နိုင်ငံအတွင်း လုံခြုံရေးနှင့် အလှမ်းဝေးသော ဒေသအချို့မှ ပြည်သူများ၏ မလုံခြုံသောဘဝအချို့ကို ကိုယ်ချင်းစာမိသည်။ နိုင်ငံအတွင်း ပြည်သူတစ်ယောက်ချင်း၏ လုံခြုံမှုအတွက် ဆောင်ရွက်ပေးနိုင်ရေးမှာ ခဲယဉ်းနေဦးမည်ဖြစ်သည်။ လတ်တလော အကြမ်းဖက်အဖျက်သမား သောင်းကျန်းသူများ၏ လက်ချက်ဖြင့် ထိခိုက်ပျက်စီးမှုများအတွက် စိတ်မကောင်း ဖြစ်မိသည်။ ပြည်သူများက လုံခြုံရေးတပ်ဖွဲ့များနှင့် ထိထိရောက်ရောက် ပူးပေါင်းဆောင်ရွက်မှုရှိလာလျှင် အေးချမ်းစွာနေထိုင်လိုသော ပြည်သူအားလုံး၏ဘဝ လုံခြုံစိတ်ချမှု ရှိလာမည်ဖြစ်သည်။

အကြမ်းဖက် သောင်းကျန်းမှုများလည်း ချုပ်ငြိမ်းသွားမည်ဖြစ်သည်။ အကြမ်းဖက်မှု ချုပ်ငြိမ်းရေးအတွက် ပြည်သူများ၏ ပူးပေါင်းပါဝင် ဆောင်ရွက်မှုသည် အရေးကြီးသလို အကြမ်းဖက်မှု၏ မြစ်ဖျားခံရာ ရေသောက်မြစ်ကိုလည်း ဖြတ်တောက်ပစ်ဖို့ လိုအပ်သည်။ ယနေ့ မြို့ရွာများ၌ သောင်းကျန်းခဲ့ကြသည့် အဖျက်သမားများကို ကြည့်မည်ဆိုလျှင် အစွန်းရောက် နိုင်ငံရေးသမားများ၏ သွေးထိုးလှုံ့ဆော် ထောက်ပံ့ပေးမှုကြောင့် ပေါ်ပေါက်လာခြင်းဖြစ်သည်။ အစွန်းရောက်နိုင်ငံရေးသမားများသည် နောက်ကွယ်မှ၊ လွတ်မြောက်ရာနေရာမှ အေးအေးလူလူသာသာယာယာ ဖန်တီးနေကြခြင်းဖြစ်သည်။ ထောက်ပံ့ကူညီပေးနေခြင်းဖြစ်သည်။

မည်သည့်ကိစ္စတွင်မဆို ငွေကြေး၊ ပစ္စည်း၊ အထောက်အပံ့အကူအညီမပါဘဲ ဆောင်ရွက်၍ရနိုင်မည် မဟုတ်ပေ။ အထောက်အပံ့ အကူအညီမရနိုင်ပါက မည်သူမျှ ကိုယ့်ထမင်းကိုယ်စား၍ အသက်အန္တရာယ်ရှိသော အလုပ်ကို လုပ်ကြလိမ့်မည်မဟုတ်ပေ။ အထောက်အပံ့ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အသိမဲ့၊ အဆင်ခြင်မဲ့သူတို့၏ မိုက်ရူးရဲဆန်သော လုပ်ရပ်များလည်းရှိသည်။ နိုင်ငံရေးအခြေအနေနှင့် ရောပါကြသော အချောင်သမား တောကြောင်များလည်း ရှိသည်။ အငြိုးအတေးမလိုမုန်းထားသည့် စိတ်အခံများနှင့် လုပ်ကြသူများလည်း ရှိသည်။ ဥပဒေနှင့် မလွတ်ကင်းသော အလုပ်များကို လုပ်ကြရင်းနှင့် ပါဝင်လာကြသူများလည်း ရှိသည်။ ၎င်းတို့ကို တော်လှန်ရေးသမားများ၊ သူရဲကောင်းများဟု အသိမဲ့သူ၊ အတွေးခေါင်သူတို့က ကင်ပွန်းတပ်ကြသည်။ အချို့လည်း သိသိကြီးနှင့် ချော်လဲရောထိုင်သူများလည်း ရှိကြသည်။ ဤသည်တို့သည်ကား အကြမ်းဖက် အရင်းအမြစ်များဖြစ်သည်။ အကြမ်းဖက် အကိုင်းအခက်များ ဖြစ်သည်။

**ဖမ်းဆီးနှိမ်နင်းခံရ**

အကြမ်းဖက်ဇာစ်မြစ် ရေသောက်မြစ်မှာ အကြမ်းဖက်သမားဘဝကိုခံယူရမည့်လက်နက်နှင့် ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများအား မြို့ကြီးများအထိ အရောက်တွန်းပို့နေသော အဖျက်ပင်မဆဲလ်များဖြစ်သည်။ ၎င်းတို့ကို မဖြတ်တောက်နိုင်ဘဲ မြို့ရွာများအထိ လက်နက်ပစ္စည်းများ ရောက်ခဲ့သောကြောင့် အကြမ်းဖက်သတ်ဖြတ်မှုများ ပေါ်ပေါက်နေခြင်းဖြစ်သည်။ ဤတွင် လုံခြုံရေးတပ်ဖွဲ့များက မြို့ရွာများသို့ ရောက်ရှိလာသော လက်နက်ခဲယမ်း အမြောက်အမြားကို မကြာခဏ နှိမ်နင်းဖမ်းဆီးနိုင်သောကြောင့် တော်လှပေသည်။ အကယ်၍ ဖမ်းဆီးရမိခြင်းမရှိလျှင် တိုင်းပြည်တွင် မီးဟုန်းဟုန်း တောက်လောင်သွားနိုင်သည်။ လက်ရှိတွင် မြို့ရွာအချို့၌ လက်နက်ပုန်းများရှိနေ၍ အကြမ်းဖက် သတ်ဖြတ်မှုများကို ကြားသိနေရသေးသည်။ နိုင်ငံတိုင်းတွင် လက်နက်ဥပဒေအရ လုံခြုံရေးတပ်ဖွဲ့မှအပ မည်သူမျှ လက်နက်ကိုင်ဆောင်ခွင့်မရှိပေ။ တရားမဝင်လက်နက်ကိုင်ဆောင်ပါက လက်နက်ဥပဒေအရ ထိထိရောက်ရောက် ဖမ်းဆီးနှိမ်နင်းခြင်းခံရသည်။ ထို့အပြင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ၊ နိုင်ငံတော်အား ဆန့်ကျင်ပုန်ကန်သော ဥပဒေတို့အရ တစ်သက်တစ်ကျွန်း သို့မဟုတ် သေဒဏ်အထိ ကျခံကြရသည်။

အကြမ်းဖက် သောင်းကျန်းမှု၏ ပြဿနာအရင်းအမြစ်သည် အာဏာရှင်တော်လှန်ရေးဟု ခေါင်းစဉ်တပ်သော်လည်း တိုင်းပြည်ဖျက်ဆီးရေး ပြုလုပ်နေသည်ကို အထင်အရှား မြင်တွေ့နေရသည်။ အာဏာလက်လွှတ်လိုက်ရသော နိုင်ငံရေးသမားများ၏ မင်းသားကြီးမလုပ်ရ၍ ပတ်မကြီး ထိုးဖောက်သော အကြံပက်စက်သည့် ယုတ်မာမှုများ ဖြစ်သည်။

အသိအမြင်ဆင်ခြင်တုံတရားနည်းပါးသည့် ပြည်သူအချို့နှင့် စိတ်အခံရှိသူများ၊ အခွင့်အရေးသမားများအား သွေးထိုးမြှောက်ပင့်ပေးပြီး ပြန်လမ်းမရှိသော အကြမ်းဖက်သမားဘဝကို အရောက် တွန်းပို့နေခြင်းဖြစ်သည်။ နွေဦးတော်လှန်ရေး၊ အာဏာရှင်ဆန့်ကျင်ရေးဟု ဆိုသော်လည်း ရောယောင်၍ အခွင့်အရေး အချောင်နှိုက်လိုသော သူခိုးဓားပြများ၊ လူဆိုးလူမိုက်များ၊ တစ်ချိန်က ရန်ငြိုးရန်စများကို အကြောင်းပြု၍ စိတ္တဇဆန်ဆန် သတ်ဖြတ်သူများ၊ ရုပ်ရှင်ဆန်ဆန် နည်းပညာအကွက်ဆန်းများဖြင့် တလွဲအသုံးချသူများ၊ မိုက်ရူးရဲဆန်သူများကိုလည်း တွေ့ရသည်။ တချို့လည်း လူမျိုးရေး၊ ဘာသာရေး အငုံ့စိတ်ဖြင့် လုပ်ကြံသတ်ဖြတ်သူများလည်းရှိသည်။ တချို့လည်း ငွေပေးခိုင်းစေမှုကို လက်ခံပြီး အမှိုက်ပုံနှင့်လူမရှိသော ကင်းတဲများတွင် ဗုံးထောင်ကြသူများလည်း ရှိသည်။ တချို့လည်း မူးယစ်ဆေးဝါးသုံးစွဲပြီး စွန့်စားခန်းထွင်ရာမှ သေပွဲဝင်ကြရသူများ လည်းရှိသည်။

**သေးသိမ်ညံ့ဖျင်းလှ**

မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသည့် အစွန်းရောက်အဖျက်လုပ်ရပ်များသည် ဖားကို မြွေခဲသလို မောဟဖုံးနေသကဲ့သို့ ဖြစ်သည်။ အကြောက်တရားလည်းမရှိ၊ အသိတရားလည်း ကင်းမဲ့၊ အရှက်တရားလည်းပျောက်လျက် အမိုက်မှောင်ကြီး လုံးလုံးဖုံးသွားအောင် တွန်းပို့ခဲ့ကြသူများသည် အဓိကလက်သည်ဖြစ်သည်။ ပြဿနာ၏ မျိုးစေ့ဖြစ်သည်။ ပြည်သူများ စိတ်ဓာတ်အမှောင်ဖုံးအောင် သို့မဟုတ် ကိုယ်ကျင့်တရား ပျက်ပြားအောင် ပို့ဆောင်ပေးသူသည် အဓိကတရားခံဖြစ်သည်။ ကြံဖော်ကြံဖက် နောက်လိုက်အပေါင်းပါများသည် လက်ငင်းလက်သည်ဖြစ်သည်။ လူဆိုး၊ လူမိုက်၊ လူရမ်းကားများကို ပြတ်ပြတ်သားသား ပြောဆိုခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်းကို ဗိုလ်ချုပ်၏ တိုင်းပြည် ယနေ့အခြေအနေကို မြင်တွေ့ရလျှင် မည်သို့ဆောင်ရွက်မည်နည်း။ ယနေ့အကြမ်းဖက်မှုပြဿနာသည် ဗိုလ်ချုပ်အောင်ဆန်းခေတ်၊ လွတ်လပ်ရေးရပြီးစ ကာလများနှင့် နှိုင်းစာလျှင် အသေးအဖွဲမျှသာဖြစ်သည်။

စာမျက်နှာ ၁၁ သို့

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို ပြည်ပမှ တင်သွင်းနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၀**
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ဆိပ်ကမ်းများနှင့် မူဆယ်၊ မြဝတီနှင့် ချင်းရွှေဟော် နယ်စပ်ကုန်သွယ်ရေးစခန်း သုံးခုတို့မှ တင်သွင်းရာ၌ ကုမ္ပဏီ ခုနစ်ခုမှ ယာဉ်စီးရေ ၁၇စီးဖြင့် အောက်ဆီဂျင်အရည် Browser ယာဉ် နှစ်စီးဖြင့် တန် ၄၀၊ အောက်ဆီဂျင် (အိုးခွံ) ၃၈၆၇ ခု၊ Oxygen Plant ၅၅ခု၊ အိမ်သုံး Oxygen Concentrator အခု ၁၈၀နှင့် နှာခေါင်းစည်း (Mask) ၂၄ တန် တင်သွင်းခဲ့သည်။ အောက်ဆီဂျင်အရည် Browser ယာဉ် နှစ်စီးမှာ ရန်ကုန်မြို့သို့ဖြစ်ပြီး Oxygen Plant ၅၅ ခုမှာ ဆိပ်ကမ်းမှ ရန်ကုန်မြို့သို့ အခု ၅၀နှင့် မူဆယ်





မှ ရန်ကုန်မြို့သို့ သုံးခု၊ သာစည်မြို့သို့ တစ်ခု၊ ချင်းရွှေဟော်မှ ပြင်ဦးလွင်မြို့သို့ တစ်ခုဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို ပြည်ပမှတင်သွင်းရာတွင် နှောင့်နှေးကြန့်ကြာမှု မရှိစေရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိပါကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်သက်ဆိုင်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆေးနှင့်ဆေးပစ္စည်းများ၊ ဆန်၊ ဆီများ၊ စားသောက်ကုန်များနှင့် အသား၊ ငါးများကို ဈေးနှုန်းမှန်ကန်စွာဖြင့် လက်လီလက်ကား ရောင်းချပေးသည့် အစီအစဉ်အား တိုးချဲ့ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၀**
ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းဖြစ်ပွားနေသည့် ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ၏ ဆေးဝါးလိုအပ်ချက်အား ဖြည့်ဆည်းပေးနိုင်ရေး၊ ဆေးဝါးများ လွယ်လင့်တကူ ဝယ်ယူနိုင်ရေး အရည်အသွေးနှင့် ဈေးနှုန်းမှန်ကန်စွာ ရရှိစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားချက်အရ မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း၏ စီစဉ်မှုဖြင့် ဒုတိယနေရာအဖြစ် ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာန အဆောက်အအုံ၌ အိမ်သုံးဆေးဝါးများ လက်လီလက်ကားဖြန့်ဖြူးရောင်းချခြင်းအစီအစဉ်ကို ယနေ့



တွင် ဆက်လက်ဆောင်ရွက်ခဲ့ရာ ဆေးနှင့် ဆေးပစ္စည်း ဖြန့်ဖြူးရောင်းချသောကုမ္ပဏီ ၁၂ ခုမှ ငွေကျပ် နှစ်သိန်းကျော်တန်ဖိုးရှိ အိမ်သုံးဆေးဝါး ၁၆၈ မျိုးအား ရောင်းချပေးခဲ့သည်။ **(အပေါ်ပုံ)**

အလားတူ ပထမအစီအစဉ်အဖြစ် ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည့် အလုံမြို့နယ် ကမ်းနားလမ်း လွတ်လပ်ရေးရပ်ကွက် အမှတ် (၁၀၄/၁၀၈) နေရာ၌လည်း ၂၆ ရက်မြောက်နေ့အဖြစ် ဆက်လက် ရောင်းချပေးလျက်ရှိပြီး ယနေ့တွင် ငွေကျပ် တစ်သိန်းကျော် တန်ဖိုးရှိ ဆေးနှင့်ဆေးပစ္စည်းများ ရောင်းချနိုင်ခဲ့သည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှု၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၏ စီစဉ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင်လည်း ရွေ့လျားဈေးကားဖြင့် ဆန်၊ ဆီများ၊ စားသောက်ကုန်များနှင့် အသား၊ ငါးများကို ရောင်းချပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများအား ကိုဗစ်စင်တာများ၌ စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၀**
ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းများ၌ စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့အစည်းများ၊ တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍လည်း သက်ဆိုင်ရာ မြို့နယ်များ၌ Quarantine Center များ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိသည်။

### လက်ခံထားရှိ

ထိုသို့ လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ည ၇ နာရီအထိ နေပြည်တော်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၄၈ ဦးနှင့် အမျိုးသမီး ၃၄ ဦး စုစုပေါင်း ၈၂ ဦးကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ဓာတ်ခွဲအတည်ပြုပိုးတွေ့လူနာ အမျိုးသား ၁၁ ဦးနှင့် အမျိုးသမီး ၁၄ ဦး စုစုပေါင်း ၂၅ ဦးကိုလည်းကောင်း အသီးသီး လက်ခံထားရှိကြောင်း သိရသည်။

### ကူညီဆောင်ရွက်ပေး

အဆိုပါ စောင့်ကြည့်လူနာများနှင့် ဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် စက်တင်ဘာ ၂၀**
မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မတ္တရာမြို့တွင် ၇ ဒသမ ၆၈ လက်မ၊ ကျောက်မဲမြို့နှင့် လောင်းလုံးမြို့တို့တွင် ၃ ဒသမ ၉၄ လက်မစီ၊ မန္တလေး(အောင်မြေသာစံမြို့နယ်)တွင် ၃ ဒသမ ၁၅ လက်မ၊ မင်းကင်းမြို့နှင့် ကျိုက္ခမီမြို့တို့တွင် ၂ ဒသမ ၈၇ လက်မစီ၊ မော်လမြိုင်မြို့တွင် ၂ ဒသမ ၇၅ လက်မ၊ နမ့်စန်မြို့နှင့် ရမ်ကလောင်းတို့တွင် ၂ ဒသမ ၅၃ လက်မစီ၊ ကော့သောင်းမြို့တွင် ၂ ဒသမ ၂၉ လက်မ၊ ပုသိမ်ကြီးမြို့တွင် ၂ ဒသမ ၂၅ လက်မ၊ ရွှေဘိုမြို့တွင် ၂ ဒသမ ၁၂ လက်မနှင့် ဂန့်ဂေါမြို့နှင့် မန္တလေး(ချမ်းအေးသာစံမြို့နယ်)တို့တွင် ၁ ဒသမ ၉၇ လက်မစီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

*စာမျက်နှာ ၁၀ မှ*

သို့သော် စိတ်ဓာတ်နှင့် လုပ်ရပ်များမှာ သေးသိမ်ညံ့ဖျင်းလှသည်။

ဗိုလ်ချုပ်အောင်ဆန်းခေတ်၊ လွတ်လပ်ရေးရပြီးစခေတ်က စစ်ကျန်၊ စစ်ချန် လက်နက် အမြောက်အမြားကို နိုင်ငံအနှံ့တွင် သိုဝှက်ကာ လက်နက်ကိုင် ဆူပူသောင်းကျန်းမှုများ ပေါ်ပေါက်ခဲ့သည်။ ယနေ့ကာလတွင် နိုင်ငံရေး အစွန်းရောက်များ၊ ပြည်တွင်း သစ္စာဖောက်များ၏ ထောက်ပံ့ပေးမှုဖြင့် ဟိုတစ်ကွက် သည်တစ်ကွက် လက်နက်ကိုင်သောင်းကျန်းကြသည်။ ယနေ့အခြေအနေသည် အကြမ်းဖက်မှု အစပျိုးဆဲဖြစ်သည်။ အဆုံးသတ်လုဆဲဖြစ်သည်။ ငြိမ်းခါနီးမီးသည် ပြင်းစွာလောင်သကဲ့သို့ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ လက်နက်ကိုင် အကြမ်းဖက်မှုမှန်သမျှကို ချိုးနှိမ်ပစ်ရမည်ဖြစ်သည်။ အမြစ်ကစ၍ မြေလှန်ပစ်ရမည်ဖြစ်သည်။ အကြမ်းဖက်မှုပြဿနာ၊ လက်နက်ကိုင်သည့်ပြဿနာ၊ လူလူချင်းအတင့်ရဲစွာ သတ်ဖြတ်သည့် ပြဿနာများကို အမြစ်ကမကျန် ရှင်းလင်းဖယ်ရှားရာ၌ အစိုးရတစ်ရပ်တည်းဖြင့် ရာနှုန်းပြည့် အောင်မြင်အောင် ဆောင်ရွက်နိုင်မည်မဟုတ်ပေ။ ပြည်သူလူထုတစ်ရပ်လုံးကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ဖို့လိုသည်။ ပြည်သူလူထု ပူးပေါင်းပါဝင်နိုင်ရန် လုံခြုံရေးနည်းလမ်းများလည်း ပေးထားသည်။ ပြည်သူလူထုက ကြိုတင်သတင်းပေးနိုင်ပါက မကြာမီကာလတွင် အကြမ်းဖက်သမားများ ချုပ်ငြိမ်းပပျောက်သွားမည်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုလျှင် တိုင်းပြည်နှင့်လူထု လုံခြုံစိတ်ချ ငြိမ်းချမ်းသာယာဝပြောရေးနှင့် တိုင်းပြည်နှင့် လူထုပျက်စီးရေးကို ခွဲခြားရှုမြင်ပြီး ဗိုလ်ချုပ်အောင်ဆန်း မှာကြားခဲ့သည့်အတိုင်း မြန်မာပြည်ကို ချစ်သူမှန်သမျှ မြန်မာပြည်ကို ဝိုင်းဝန်းကူညီစောင့်ရှောက်ကြရမည်ဖြစ်ပါကြောင်း။ ။

# လက်ဘနွန်နိုင်ငံ၏ ကျန်းမာရေးကဏ္ဍမှာပြိုလဲမည့်အန္တရာယ်ရှိဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးပြော

ဘေရွတ် စက်တင်ဘာ ၂၀

**လက်ဘနွန်နိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍမှာ ပညာတတ်များ နိုင်ငံရပ်ခြားသို့ ထွက်ခွာသွားခြင်းနှင့် ဆေးဘက်ဆိုင်ရာပစ္စည်းများနှင့် လောင်စာဆီ ပြတ်လပ်ခြင်းတို့ကြောင့် ပြိုလဲမည့် အန္တရာယ်ရှိသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက စက်တင်ဘာ ၁၉ ရက်တွင် သတိပေးခဲ့သည်။**



ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ညွှန်ကြားရေးမှူးချုပ် အက်ဒ်ဟာနွန်ဂီဘရီယက်ဆု

ကျွမ်းကျင်သည့် ဆရာဝန် ၄၀ ရာခိုင်နှုန်းနှင့် သူနာပြု ၃၀ ရာခိုင်နှုန်းမှာ လက်ဘနွန်နိုင်ငံတွင်းမှ ယာယီ သို့မဟုတ် အမြဲတမ်းထွက်ခွာသွားသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ကြေညာချက်ထုတ်ပြန်ခဲ့သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ တက်ဒရို့စ်အက်ဒ်ဟာနွန်ဂီဘရီယက်ဆု လက်ဘနွန်နိုင်ငံဘေရွတ်သို့ သွားပြီး နှစ်ရက်အကြာတွင် ယခုလိုကြေညာချက်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

လောင်စာဆီ ပြတ်တောက်ခြင်းကြောင့်လည်း ဆေးရုံအများစုတွင် ၅၀ ရာခိုင်နှုန်းသာ လည်ပတ်နိုင်သည်။ လူ့အသက်ကယ်သည့် ဆေးဝါးများမှာလည်း ပြတ်တောက်မှုနှင့်ရင်ဆိုင်နေရသည်။

နိုင်ငံခြားငွေ ကန့်သတ်ချက်များကြောင့် နိုင်ငံရပ်ခြားမှ ဆေးဝါးနှင့်ဆေးပစ္စည်းများ တင်သွင်းရန် အကန့်အသတ်များရှိနေသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက လက်ဘနွန်နိုင်ငံကို ဆက်လက်ကူညီထောက်ပံ့ပေးသွားမည်ဟု ထပ်လောင်း ပြောကြားခဲ့သည်။

ဆင်ဟွာ

## ဂျပန်နိုင်ငံတွင်ကားသစ်များကို အွန်လိုင်းပေါ်မှ ရောင်းချရန် ဟွန်ဒါကားကုမ္ပဏီ ပြုလုပ်

**တိုကျို စက်တင်ဘာ ၂၀**

ဟွန်ဒါမော်တော်ကား ကုမ္ပဏီသည် ဂျပန်နိုင်ငံတွင်ကားသစ်များကို အွန်လိုင်းပေါ်မှတစ်ဆင့် ရောင်းချသည့် ပထမဆုံးကားကုမ္ပဏီဖြစ်လာမည်ဖြစ်သည်။

ကိုဗစ် -၁၉ ကပ်ရောဂါကာလအတွင်း ဝယ်သူများနှင့်မျက်နှာချင်းဆိုင် ကားရောင်းချမှုကြောင့် ရောဂါကူးစက်မှုကို ရှောင်ရှားရန်ဟု တုံ့ပြန်ချက်ပေးထားသည်။ ရောင်းချမှုများကို ကိုင်တွယ်နိုင်ရေးအတွက် လာမည့်လအတွင်း ဝက်ဘ်ဆိုက်ပြုလုပ်မည်ဟု ကားကုမ္ပဏီသတင်း အရင်းအမြစ်က ပြောသည်။

ကားများ ပို့ဆောင်ခြင်းကို အရောင်း ကိုယ်စားလှယ်များက ပြုလုပ်မည်ဖြစ်သည်။ ကားသစ်ရောင်းချရာတွင် ဆွေးနွေးညှိနှိုင်းမှုကို ဆိုင်တွင်သာ ပြုလုပ်လေ့ရှိပြီး ငွေကြေးပမာဏ များပြားသည့်အတွက် ယင်းသို့ ရောင်းချခြင်းဖြစ်သည်။




သို့သော်လည်း ဝယ်သူများက လူချင်းမျက်နှာချင်းဆိုင်တွေ့ကာ ရောင်းချခြင်းကို ရှောင်ရှားလိုသည်ဟု တောင်းဆိုမှုများပြားလာသည့်အတွက် ယခုလို ပြုလုပ်ခဲ့ခြင်းဖြစ်သည်ဟု ဟွန်ဒါကားကုမ္ပဏီကပြောသည်။

ကပ်ရောဂါ ကာလတွင်း နောက်ထပ် ဖောက်သည်အသစ်များရရှိရန် ကားကုမ္ပဏီက မျှော်လင့်ထားသည်။ အမေရိကန်ကားကုမ္ပဏီကြီးဖြစ်သည့် Tesla နှင့် ဂျာမနီမှ BMW တို့သည်လည်း ဂျပန်နိုင်ငံတွင် ကားရောင်းချမှုကို အွန်လိုင်းပေါ်တွင် စတင်လုပ်ကိုင်နေကြပြီဖြစ်သည်။

အင်န်အိတ်ချ်ကေ

## စပိန်နိုင်ငံ ကနေရီကျွန်း၌ မီးတောင်ပေါက်ကွဲမှု ဖြစ်ပွား

**မက်ဒရစ် စက်တင်ဘာ ၂၀**

အတ္တလန္တိတ်သမုဒ္ဒရာ စပိန် နိုင်ငံ ကနေရီကျွန်းစုများထဲမှ ကျွန်းတစ်ကျွန်းတွင် မီးတောင်ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး နှစ်ပေါင်း ၅၀ အတွင်း ပထမဆုံးအကြိမ် မီးတောင်ပေါက်ကွဲမှု ဖြစ်သည်။

ဒေသခံများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းကြရန်လည်း တိုက်တွန်းထားသည်။ စက်တင်ဘာ ၁၉ ရက်မှစတင်ကာ လာပါလ်မာကျွန်းပေါ်ရှိ Cumbre Vieja မီးတောင်ပေါက်ကွဲမှု စတင်ခဲ့သည်ဟု မီဒီယာများတွင် ဖော်ပြကြသည်။

မီးတောင်မှ အနီရောင်ချော်ရည်များ စီးဆင်းလာပြီးလမ်းပေါ်တွင် ဖုံးလွှမ်းသွားသည်ကို ဗီဒီယိုဖိုင်တွင် တွေ့ရသည်။ ချော်ရည်များ စီးဆင်းလာမှုကြောင့် အဆိုပါဧရိယာ ဒေသတစ်ဝိုက်တွင် နေထိုင်ကြသူများ တခြားနေရာသို့ ရွှေ့ပြောင်းရန် အာဏာပိုင်များက တိုက်တွန်းထားသည်။

ကနေရီကျွန်းစု မီးတောင်သုတေသန အင်စတီကျူကလည်း မီးတောင်ပေါက်ကွဲနိုင်မှု အနေအထားကို ခတ်ပုံရိုက်ကူးထားသည်။ တွစ်တာအကောင့်မှတစ်ဆင့် သတင်းအချက်အလက်များကို တင်ပြခဲ့သည်။

ပေါက်ကွဲမှု နေရာအနီးအနားသို့ ပြည်သူများချဉ်းကပ်ခြင်းမပြုရန်လည်း တိုက်တွန်းထားသည်။

စပိန်ဝန်ကြီးချုပ် ပီဒရိုဆန်ချက်ဇ်သည် ကုလသမဂ္ဂအထွေထွေညီလာခံသို့ တက်ရောက်ရန် အမေရိကန်ပြည်ထောင်စုသို့ ခရီးသွားရန်ရှိသည်။ သို့သော်လည်း ခရီးစဉ်ကို ရွှေ့ဆိုင်းထားကြောင်း ပြောသည်။ **အင်န်အိတ်ချ်ကေ**


**မီးတောင်ပေါက်ကွဲမှုကို တွေ့ရစဉ်။**

## လစ်ဗျားနိုင်ငံနှင့် အီဂျစ်နိုင်ငံကိုင်ရိုမြို့သို့ လေကြောင်းပျံသန်းမှု ပြန်လည်စတင်

**ထရီပိုလီ စက်တင်ဘာ ၂၀**

လစ်ဗျားနိုင်ငံနှင့် အီဂျစ်နိုင်ငံကိုင်ရိုမြို့သို့ လေကြောင်းလိုင်း ပြန်လည် ပြေးဆွဲမည်ဖြစ်ကြောင်း လစ်ဗျားအစိုးရက စက်တင်ဘာ ၁၉ ရက်တွင် ကြေညာခဲ့သည်။

**ဆွေးနွေးညှိနှိုင်း**

နှစ်နိုင်ငံစလုံးမှ အရပ်ဘက်လေကြောင်းဌာနများသည် ထရီပိုလီမြို့မှတစ်ဆင့် ကိုင်ရိုသို့ လေကြောင်းလိုင်း ပျံသန်းပြေးဆွဲရန် လိုအပ်သည့် ဆွေးနွေးညှိနှိုင်းမှုများကို ပြုလုပ်ရန် သဘောတူခဲ့ကြသည်။

လစ်ဗျားဝန်ကြီးချုပ် အဗ္ဗဒူ ဟာမစ် ဒီဘိုင်ဘာသည် ကိုင်ရိုမြို့သို့ လာရောက်ခဲ့ပြီးနောက် ယခုလိုဆုံးဖြတ်ချက်ထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။

**လက်မှတ်ရေးထိုးခဲ့**

အဆိုပါ ခရီးစဉ်အတွင်းနှစ်နိုင်ငံကြားသဘောတူညီမှုများစွာကို လက်မှတ်ရေးထိုးခဲ့သည်ဟု သိရသည်။ လစ်ဗျားအစိုးရအဖွဲ့၏ အဓိကတာဝန်မှာ ယခုနှစ်ကုန်ပိုင်းတွင် အထွေထွေရွေးကောက်ပွဲ ပြုလုပ်ရန်ဖြစ်ပြီး လစ်ဗျားနိုင်ငံရေး ဆွေးနွေးညှိနှိုင်းမှုဖိုရမ်ကလည်း သဘောတူပြီးဖြစ်သည်။

ဆင်ဟွာ

## ဩစတြေးလျနိုင်ငံတွင် စံချိန်တင် ကာကွယ်ဆေးထိုးပြီးနောက် ကိုဗစ်-၁၉ ကူးစက်မှုများ အကျဘက်သို့ ဦးတည်လာ

**ကင်ဘာရာ စက်တင်ဘာ ၂၀**

ဩစတြေးလျနိုင်ငံသည် ကပ်ရောဂါတတိယလှိုင်းကို တိုက်ဖျက်နိုင်ရေးအတွက် ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးပေးခြင်းလုပ်ငန်းများကို စံချိန်တင်ပြုလုပ်ခဲ့သည်။

တစ်ပတ်တာကာလအတွင်း လူပေါင်း ၁ ဒသမ ၉၆၃ သန်းကို ကာကွယ်ဆေးထိုးပေးနိုင်ခဲ့သည်ဟု ကျန်းမာရေးဝန်ကြီး ဂရက်ဟန့်က စက်တင်ဘာ ၂၀ ရက်တွင် ကြေညာခဲ့သည်။

**ကာကွယ်ဆေးထိုးပြီးသူ ၄၇ ရာခိုင်နှုန်းရှိ**

ဩစတြေးလျတွင် ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးပြီးသူ ၂၄ သန်း ရှိပြီဖြစ်သည်။ အသက် ၁၆ နှစ်နှင့်အထက် ၇၂ ရာခိုင်နှုန်းမှာ အနည်းဆုံးတစ်ကြိမ် ကာကွယ်ဆေးထိုးပြီးဖြစ်ပြီး နှစ်ကြိမ် ကာကွယ်ဆေးထိုးပြီးသူ ၄၇ ရာခိုင်နှုန်းရှိသည်။

**နေ့စဉ်ကူးစက်မှုအနိမ့်ဆုံး**

စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် ဩစတြေးလျနိုင်ငံ၌ ဒေသတွင်းကူးစက်ခံရသူ ၁၅၀၉ ဦး ထပ်မံတွေ့ရှိခဲ့ရာ စက်တင်ဘာ ၇ ရက်မှစတင်ကာ နေ့စဉ်ကူးစက်မှုအနိမ့်ဆုံးဟု သိရသည်။

ဆင်ဟွာ

# ကာကွယ်ဆေးထိုးထားသည့် နိုင်ငံခြားသားများ ထိုင်းနိုင်ငံသို့ လာမည့်လတွင် သွားရောက်လည်ပတ်နိုင်မည်

**ဘန်ကောက် စက်တင်ဘာ ၂၀**

**ထိုင်းနိုင်ငံတွင် လွန်ခဲ့သော ၂၄နာရီအတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၂၇၀၉ ဦးရှိလာပြီး ၁၀၆ ဦး ထပ်မံသေဆုံးကြောင်း ကိုဗစ်-၁၉ စီမံခန့်ခွဲရေးစင်တာ (စီစီအက်စ်အေ)၏ စက်တင်ဘာ ၂၀ ရက် ဖော်ပြချက်အရ သိရသည်။**



ထိုင်းနိုင်ငံ ဖူးခက်ကမ်းခြေတစ်နေရာတွင် အပန်းဖြေနေသူများကိုတွေ့ရစဉ်။

ထပ်မံဖြစ်ပွားသော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူများအနက် ၂၈၃၁ ဦးမှာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားရာ ဗဟိုချက်နေရာဖြစ်သည့် ထိုင်းနိုင်ငံ ဘန်ကောက်မှ ဖြစ်သည်။

**နိုင်ငံအတွင်း ဝင်ရောက်ခွင့်ပြုမည်**

လာမည့်လတွင် ကိုဗစ်-၁၉ ကာကွယ်ဆေး အပြည့်အဝထိုးနှံထားသော နိုင်ငံခြားသားခရီးသွားများကို နိုင်ငံအတွင်း ဝင်ရောက်ခွင့်ပြုမည်ဖြစ်သဖြင့် ထိုင်းနိုင်ငံသည် ကိုဗစ်-၁၉ ကာကွယ်ဆေးဖြန့်ဝေရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့်လုပ်ဆောင်လျက်ရှိသည်။

ပြည်နယ်တစ်ခုချင်းစီအတွက် လူဦးရေအနည်းဆုံး ၅၀ ရာခိုင်နှုန်းကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးရန် အစိုးရက ရည်ရွယ်ထားပြီး ကာကွယ်ဆေးထိုးနိုင်သည့် အသက်အရွယ်အပိုင်းအခြားကိုလည်း အသက် ၁၂ နှစ်အထက်ထိ တိုးမြှင့်ထားသည်။

ထို့ပြင် ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံထားသူများကို နောက်ထပ် အပိုဆောင်း ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးရန် အစိုးရက စီစဉ်ထားသည်။

လွန်ခဲ့သောနှစ်စပိုင်း ကိုဗစ်-၁၉ စတင်ဖြစ်ပွားချိန်မှစကာ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၁ ဒသမ ၄၈ သန်းရှိပြီး စုစုပေါင်းသေဆုံးသူ ၁၅၄၆၉ ဦးရှိလာပြီဖြစ်သည်။

**ကာကွယ်ဆေး အပြည့်အဝ ထိုးနှံပြီး**

စက်တင်ဘာ ၁၉ ရက်အထိ စုစုပေါင်းကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးသူ ၄၄ ဒသမ ၇၄ သန်းကျော်ရှိလာခဲ့သည်။ ထိုင်းနိုင်ငံလူဦးရေ၏ ၂၁ ရာခိုင်နှုန်းခန့်မှာ ကိုဗစ်-၁၉ ကာကွယ်ဆေး အပြည့်အဝ ထိုးနှံပြီးပြီဖြစ်သည်။

ယခုနှစ်ကုန်တွင် လူဦးရေ၏ ၇၀ ရာခိုင်နှုန်းကို ကိုဗစ်-၁၉ ကာကွယ်ဆေး လွှမ်းခြုံထိုးနှံပေးနိုင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

ဆင်ဟွာ

## ဘရူနိုင်းနိုင်ငံတွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူတိုးလာ

**ဘန်ဒါဆီရီဘီဂါဝန် စက်တင်ဘာ ၂၀**

ဘရူနိုင်းနိုင်ငံတွင် စက်တင်ဘာ ၂၀ ရက်က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ၂၁၄ ဦးရှိလာမှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်းမှာလည်း ၅၂၆၁ ဦးအထိ မြင့်တက်လာခဲ့သည်။

ဘရူနိုင်းကျန်းမာရေးဝန်ကြီးဌာနက ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူများအနက် တစ်ဦးမှာ ပြည်ပကူးစက်မှုဖြစ်ပြီး ၂၁၃ ဦးမှာ ပြည်တွင်းကူးစက်မှုဖြစ်ကြောင်း ဖော်ပြခဲ့သည်။ နိုင်ငံအတွင်း လတ်တလောအစုလိုက်ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၉၅ ဦးရှိသည်။

ပြည်သူများကို လိုအပ်မှသာ အပြင်ထွက်ရန်၊ လူထူထပ်သည့်နေရာများကို သွားလာခြင်းမှ ရှောင်ရှားရန်နှင့် ဆွေမျိုးများနှင့် သူငယ်ချင်းများအိမ်သို့ သွားရောက်လည်ပတ်ခြင်း မပြုလုပ်ရန် ကျန်းမာရေးဝန်ကြီးဌာနက သတိပေးထားသည်။ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာသူ ၂၅၅ ဦးနှင့် သေဆုံးသူ သုံးဦးရှိလာပြီ ဖြစ်သည်။

ဆင်ဟွာ

## သီရိလင်္ကာနိုင်ငံတွင် လူဦးရေ၏ ၅၀ ရာခိုင်နှုန်းကျော် ကာကွယ်ဆေးထိုးပြီး

**ကိုလံဘို စက်တင်ဘာ ၂၀**

သီရိလင်္ကာနိုင်ငံတွင် စက်တင်ဘာ ၂၀ ရက်က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁၇၀၀ ထပ်မံတွေ့ရှိပြီးနောက် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၅၀၄၄၉၁ ဦးအထိရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သော တရားဝင်စာရင်းဇယားများအရ သိရသည်။

ကျန်းမာရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကို မလွန်ဆန်နိုင်ဘဲ သေဆုံးသူ ၁၂၂၅ ဦးရှိလာမှုနှင့်အတူ လတ်တလော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနေသူ ၅၉၂၇၃ ဦးရှိကြောင်း သိရသည်။ သီရိလင်္ကာနိုင်ငံသည် ကိုဗစ်-၁၉ လျင်မြန်စွာ ကူးစက်ဖြစ်ပွားမှုနှင့် ရင်ဆိုင်နေရသည်။ မြို့တော်ကိုလံဘိုသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားရာ ဗဟိုချက်နေရာဖြစ်လာပြီး ကူးစက်မြန်ပြင်းထန် ဗီဇပြောင်းဒယ်လ်တာကိုဗစ်-၁၉ ဗိုင်းရပ်စ်ကြောင့် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများ မကြာသေးမီလများအတွင်း မြင့်တက်လာကြောင်း ကျန်းမာရေးဝန်ထမ်းများက ပြောသည်။

နိုင်ငံအတွင်း အသွားအလာကန့်သတ် ထိန်းချုပ်စောင့်ကြည့်မိန့် ထုတ်ပြန်ထားပြီး အဆိုပါအမိန့်ကို အောက်တိုဘာ ၁ ရက်တွင် ဖယ်ရှားပေးမည်ဖြစ်သည်။

သို့သော်လည်း မရှိမဖြစ်လုပ်ဆောင်ရမည့် ကိစ္စရပ်များ ဆောင်ရွက်ခြင်းကို ခွင့်ပြုပေးလျက်ရှိသည်။ နိုင်ငံအတွင်း ကာကွယ်ဆေးထိုး လုပ်ငန်းများကိုလည်း အများအပြားဆောင်ရွက် လျက်ရှိပြီး လူဦးရေ၏ ၅၀ ရာခိုင်နှုန်းကျော် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးပြီ ဖြစ်ကြောင်းသိရသည်။

ဆင်ဟွာ

## အင်ဒိုနီးရှားနိုင်ငံတွင် ကိုဗစ်-၁၉ သေဆုံးသူ ၁၄၀၆၃၄ ဦးအထိရှိလာ

**ဂျကာတာ စက်တင်ဘာ ၂၀**

အင်ဒိုနီးရှားနိုင်ငံတွင် စက်တင်ဘာ ၂၀ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ တစ်နေ့တည်း ၁၉၃၂ ဦး တိုးလာမှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၄၁၉၂၆၉၅ ဦးအထိ ရှိလာခဲ့သည်။

ထို့အတူ ကိုဗစ်-၁၉ ကြောင့် ၁၆၆ ဦး ထပ်မံသေဆုံးမှုနှင့်အတူ စုစုပေါင်းကိုဗစ်-၁၉ သေဆုံးသူ ၁၄၀၆၃၄ ဦးအထိ ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည် ကောင်းမွန်လာပြီး ဆေးရုံမှဆင်းလာသူ ၆၇၉၉ ဦး ရှိလာသောကြောင့် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည် ကောင်းမွန်လာသူ ၃၉၉၆၁၂၅ ဦးအထိ ရှိလာသည်။



အင်ဒိုနီးရှားနိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးနေစဉ်။

ယနေ့အချိန်အထိ လူပေါင်း အနည်းဆုံး ၄၅ ဒသမ ၂၂ သန်း ကိုဗစ်-၁၉ ကာကွယ်ဆေး နှစ်ကြိမ် ထိုးနှံပြီးပြီဖြစ်ကြောင်း သိရပြီး ကိုဗစ်-၁၉ ကာကွယ်ဆေး တစ်ကြိမ် ထိုးနှံပြီးသူပေါင်း ၇၉ ဒသမ ၆၅ သန်း ရှိကြောင်း ကျန်းမာရေး ဝန်ကြီးဌာနက သတင်းထုတ်ပြန်ကြေညာလိုက်သည်။

အစိုးရသည် ပြည်သူ ၂၀၈ ဒသမ ၂၆ သန်းကို ကာကွယ်ဆေး ထိုးနှံပေးနိုင်ရန် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိသည်။

ဆင်ဟွာ

## ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးပြီးသူပေါင်း ၁၉ သန်းနီးပါးရှိလာ

**မနီလာ စက်တင်ဘာ ၂၀**

ဖိလစ်ပိုင်နိုင်ငံတွင် စက်တင်ဘာ ၂၀ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၈၉၃၇ ဦး တိုးလာပြီးနောက် နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၂၃၈၅၆၁၆ ဦးအထိရှိလာခဲ့ကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာန (ဒီအိုအိတ်ချ်) က သတင်းထုတ်ပြန် ဖော်ပြလိုက်သည်။

အရှေ့တောင်အာရှနိုင်ငံ တစ်နိုင်ငံဖြစ်သော ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ ကြောင့်နောက်ထပ် ၁၄၆ ဦးထပ်မံသေဆုံးကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၃၆၉၃၄ ဦးအထိရှိလာခဲ့ကြောင်းနှင့် စနေနေ့က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အများဆုံး နေ့တစ်နေ့ဖြစ်ခဲ့ပြီး ကူးစက်ဖြစ်ပွားသူ ၂၆၃၀၃ဦးရှိခဲ့သည်ဟု ဒီအိုအိတ်ချ်က ဖော်ပြသည်။

ကူးစက်မြန်ပြင်းထန် ဗီဇပြောင်း ဒယ်လ်တာ ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှုသည် ဇွန်လတွင် ၅ ရာခိုင်နှုန်းရှိရာမှ ဩဂုတ်လတွင် ၈၉ ရာခိုင်နှုန်း အထိတိုးလာကြောင်း ကျန်းမာရေးဌာနအကြီးအကဲ မာရီယာ ရိုဆာရီယို ဗာဂျီရီက ပြောသည်။ မြို့တော်မနီလာတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများ ဆက်လက်မြင့်တက်နေဆဲ ဖြစ်သော်လည်း ကူးစက်ဖြစ်ပွားမှုမှာ နှေးကွေးလျက်ရှိသည်ဟု ၎င်းကပြောသည်။ ထို့ပြင် နိုင်ငံအတွင်းရှိ နယ်မြေဒေသ ၉၇ ခုကို သတိထားစောင့်ကြည့်အဆင့် ၄ အောက်သတ်မှတ်ထားကြောင်းပြောသည်။ ဆိုလိုသည်မှာ ဆေးရုံအသုံးပြုနိုင်မှုသည် ၇၀ ရာခိုင်နှုန်းထက်ပိုသည်ကို ဖော်ပြလိုရင်းဖြစ်သည်။

လူဦးရေသန်း ၁၁၀ ရှိသော ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ စတင်ဖြစ်ပွားသော ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှစကာ ကိုဗစ်-၁၉ စမ်းသပ် စစ်ဆေးပြီးသူပေါင်း ၁၉ သန်းနီးပါး ရှိလာပြီဖြစ်သည်။

ဆင်ဟွာ




ကိုဗစ်-၁၉ ကာကွယ်ရန် ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ရေးသည်အရေးကြီးကြောင်း လိုက်လံနှိုးဆော်နေသည်ကိုတွေ့ရစဉ်။

# ကပ်ရောဂါကြားမှတိုကျို အိုလံပစ်အားကစားပြိုင်ပွဲအပြီး အနာဂတ်အားကစားပြိုင်ပွဲများအပေါ် သဘောထားကွဲလွဲမှုများဖြစ်

• • • • • *ကေကေစိုး* • • • • •

အိုလံပစ်အားကစားပြိုင်ပွဲကို အနာဂတ်တွင် ဂျပန်နိုင်ငံ၌ နောက်တစ်ကြိမ် အိမ်ရှင်အဖြစ်လက်ခံကျင်းပရန်နှင့် ပတ်သက်၍ ပြည်သူများကြားတွင် သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်လျက်ရှိသည်။

**စိန်ခေါ်မှုများစွာနှင့်ရင်ဆိုင်ရ**

ကိုဗစ် – ၁၉ ကပ်ရောဂါကြားမှ တိုကျိုအိုလံပစ်အားကစားပြိုင်ပွဲကို ကျင်းပခဲ့ခြင်းမှာ ကောင်းသည်ဟု ဖြေကြားသူ ၄၀ ရာခိုင်နှုန်းနီးပါးရှိသည်ဟု ပုဂ္ဂလိကကဏ္ဍ စစ်တမ်းကောက်ယူမှုအရ သိရသည်။ နိုမူရာသုတေသနအင်စတီကျူမှ ကောက်ယူသည့်အွန်လိုင်းစစ်တမ်းတစ်ခုအရ တိုကျိုမြို့နှင့် အနီးတစ်ဝိုက်တွင်နေထိုင်ကြသည့် ဖြေကြားသူ ၄၅ ရာခိုင်နှုန်းမှာ ပွဲကြည့်ပရိသတ်မပါဘဲ အားကစားပြိုင်ပွဲကို ကျင်းပခဲ့ခြင်းမှာ မှန်ကန်သည့်လုပ်ရပ်မှုဟု ဖြေကြားခဲ့ကြသည်။ ကိုဗစ် – ၁၉ကူးစက်ပျံ့နှံ့မှုကြောင့် ဇူလိုင် ၂၃ ရက်မှ ဩဂုတ် ၈ ရက်အထိ ကျင်းပခဲ့သော အိုလံပစ်ပွဲအတွက် ပွဲစီစဉ်သူများမှာ စိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်ခဲ့ရသည်။

**ပိတ်ပင်တားဆီးခဲ့**

အားကစားပြိုင်ပွဲကြောင့် ရောဂါကူးစက်မှု ပိုမိုဆိုးရွားလာမည်ကိုလည်း စိုးရိမ်ခဲ့ကြရသည်။ နိုင်ငံခြားသားပွဲကြည့်ပရိသတ်များကိုလည်း လာရောက်ကြည့်ရှုခွင့်မှ ပိတ်ပင်တားဆီးခဲ့သည်။ ဂျပန်နိုင်ငံသည် အကယ်၍ အနာဂတ်တွင် အိုလံပစ်အားကစားပြိုင်ပွဲကို နောက်တစ်ကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပသင့် မသင့် စစ်တမ်းကောက်ယူရာ အိမ်ရှင်အဖြစ်လက်ခံကျင်းပသင့်သည်ဟု ဖြေကြားသူ ၃၆ ဒသမ ၃ ရာခိုင်နှုန်းရှိပြီး အိမ်ရှင်အဖြစ် လက်ခံမကျင်းပသင့်ဟုဖြေကြားသူ ၃၆ ဒသမ ၀ ရာခိုင်နှုန်းရှိသည်။ ၂၇ ဒသမ ၇ ရာခိုင်နှုန်းမှာမူ အိုလံပစ်အားကစားပြိုင်ပွဲကို အနာဂတ်တွင် နောက်တစ်ကြိမ် အိမ်ရှင်အဖြစ် ကျင်းပခွင့်ရခဲ့ပါက ဆန့်ကျင်ဖွယ်ရာမရှိဟု ဖြေကြားခဲ့ကြသည်။

**ခက်ခဲသည့်အချိန်များနှင့် ရင်ဆိုင်ခဲ့ရ**

အားကစားပြိုင်ပွဲကျင်းပရန် စီစဉ်သူများနှင့် ဂျပန်အစိုးရသည် လုံခြုံစိတ်ချရသည့် အားကစားပြိုင်ပွဲဖြစ်ရမည်ဟု စိုးရိမ်နေသည့် ပြည်သူများကို အာမခံချက်ပေးနိုင်ရန် နည်းလမ်းရှာဖွေခဲ့သည်။ အိုလံပစ်အားကစားပြိုင်ပွဲကျင်းပရခြင်းမှာ ကောင်းမွန်သည်ဟု ဖြေကြားသူ ၃၈ ဒသမ ၈ ရာခိုင်နှုန်းရှိပြီး အားကစားပြိုင်ပွဲကို ဖျက်သိမ်းသင့်သည်ဟု ဖြေကြားသူ ၃၀ ဒသမ ၅ ရာခိုင်နှုန်းရှိသည်။ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည့် စပွန်ဆာများသည် ဂုဏ်သတင်းပျက်စီးယိုယွင်းမည်ကို စိုးရိမ်သည့်အတွက် ခက်ခဲသည့်အချိန်များနှင့်ရင်ဆိုင်ခဲ့ရသည်။

**ပြောင်းလဲသွားခြင်းမရှိ**

ဂျပန်နိုင်ငံတွင် တိုယိုတာမော်တာကော်ပိုရေးရှင်းသည် ထိပ်တန်းစပွန်ဆာဖြစ်ပြီး အိုလံပစ်နှင့်ပတ်သက်ပြီး တီဗွီကြော်ငြာများ မထုတ်လွှင့်ရန် ဆုံးဖြတ်ခဲ့သည်။ ကုမ္ပဏီဥက္ကဋ္ဌသည်လည်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခြင်းမှ ရှောင်ကြဉ်ခဲ့သည်။ နိုမူရာသုတေသန အင်စတီကျူမှ စစ်တမ်းကောက်ယူမှုကို ဇူလိုင် ၂၄ ရက်မှ ဩဂုတ် ၈ ရက်အထိပြုလုပ်ခဲ့ပြီး အိုလံပစ်ပွဲမကျင်းပမီနှင့် ကျင်းပပြီးနောက်ပိုင်း ပူးပေါင်းဆောင်ရွက်သည့် စပွန်ဆာများနှင့် ပတ်သက်ပြီးပြည်သူများ၏သဘောထားသိသိသာသာ ပြောင်းလဲသွားခြင်းမရှိပေ။



ဩဂုတ် ၈ ရက် အိုလံပစ်အားကစားပြိုင်ပွဲပိတ်ပွဲတွင် ပရိသတ်များ အမျိုးသားအားကစားရုံအပြင်ဘက်တွင် စုဝေးနေသည်ကို တွေ့ရစဉ်။

**တတိယအကြိမ်ကာကွယ်ဆေးထိုးပေးရန်ပြင်ဆင်**

အားကစားပြိုင်ပွဲကြီးမကျင်းပမီ သဘောကျနှစ်ခြိုက်သူ ၄၉ ဒသမ ၉ ရာခိုင်နှုန်းရှိပြီး အဆိုးမြင်သူ ၅၀ ဒသမ ၂ ရာခိုင်နှုန်းရှိသည်။ အိုလံပစ်အားကစားပြိုင်ပွဲကြီးအပြီးတွင် မသန်စွမ်းအားကစားပြိုင်ပွဲ ဆက်လက်ကျင်းပရာ ထိုသို့ကျင်းပစဉ်အတွင်း ကိုဗစ် – ၁၉ ကူးစက်ခံရသူ ၃၂၃ ဦးရှိသည်။ ထို့ကြောင့် ဇူလိုင် ၁ ရက်မှစတင်ကာ မသန်စွမ်းအားကစားပြိုင်ပွဲနှင့် အိုလံပစ်အားကစားပြိုင်ပွဲများ ကျင်းပစဉ်အတွင်း စုစုပေါင်းကူးစက်ခံရသူအရေအတွက်မှာ ၈၇၈ ဦးရှိခဲ့သည်။ ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးပေးခြင်းနှင့် ပတ်သက်၍လည်း ဂျပန်နိုင်ငံသည် တတိယအကြိမ် ကာကွယ်ဆေးထိုးပေးရန် ပြင်ဆင်နေပြီဖြစ်သည်။

**သဘောတူခဲ့**

ယခုနှစ်ကုန်ပိုင်းတွင် ပြည်သူများကို တတိယအကြိမ် ကာကွယ်ဆေးထိုးပေးကောင်းပေးနိုင်သည်ဟု သိရသည်။ ကူးစက်မြန်ဒယ်လ်တာဗိုင်းရပ်စ်ကို တိုက်ဖျက်ရန်အတွက် ကြိုးပမ်းမှုတစ်ရပ်လည်းဖြစ်သည်။ တတိယအကြိမ် ကိုဗစ် – ၁၉ ကာကွယ်ဆေးထိုးပေးရန်အတွက် လိုအပ်သည်များကို ကျန်းမာရေးကျွမ်းကျင်သူများဆပ်ကော်မတီက သဘောတူခဲ့သည်။ ထို့ပြင် ဒုတိယအကြိမ် ကာကွယ်ဆေးထိုးပြီး ရှစ်လ ကြာပြီဖြစ်သောသူများကို ကာကွယ်ဆေးထိုးပေးရန် ဝန်ကြီးဌာန၏အစီအစဉ်ကို သဘောတူခဲ့သည်။

**လေ့လာမှုများထပ်မံပြုလုပ်မည်**

အပိုဆောင်း၍ ကာကွယ်ဆေးထိုးပေးခြင်းအစီအစဉ်ကို နိုဝင်ဘာလတွင် စတင်ကောင်းစတင်နိုင်မည်ဖြစ်ပြီး ကာကွယ်ဆေးထိုးရန်ဆန္ဒရှိသည့် ပြည်သူများကို ထိုးပေးရန် အစိုးရက ရည်ရွယ်ထားသည်။ သုံးကြိမ်စလုံးထိုးပေးသည့်ကာကွယ်ဆေးအမျိုးအစားမှာ တစ်မျိုးတစ်စားတည်းဖြစ်သင့်သည်ဟု ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေးဝန်ကြီးဌာနက ပြောသည်။ သို့သော်လည်း ကောက်ချက်မချမီ လေ့လာမှုများ ထပ်မံပြုလုပ်မည်ဟုလည်း ပြောသည်။

**ဆွေးနွေးမှုများပြုလုပ်သွားမည်**

ဂျပန်နိုင်ငံတွင် ဖိုက်ဇာ၊ မော်ဒါနာနှင့် အက်စ်ထရာဇနီကာတို့မှ ထုတ်လုပ်သည့် ကိုဗစ် – ၁၉ ကာကွယ်ဆေးများကို ခွင့်ပြုချက်ပေးထားသည်။ အဆိုပါ ကာကွယ်ဆေးများမှာ နှစ်ကြိမ်ထိုးရသည့် ကာကွယ်ဆေးများဖြစ်သည်။ အစ္စရေးနိုင်ငံသည် တတိယအကြိမ် ကိုဗစ် – ၁၉ ကာကွယ်ဆေးထိုးပေးနေသည့် နိုင်ငံလည်းဖြစ်သည်။ ဂျပန်အစိုးရသည် အခြားသော နိုင်ငံများ၏ တိုးတက်မှုများနှင့် အချက်အလက်များအပေါ် အခြေခံကာ တတိယအကြိမ် ကာကွယ်ဆေးထိုးပေးရမည့် အသက်အပိုင်းအခြားအုပ်စုနှင့် ဦးစားပေးအုပ်စုကို ဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်သည်။

**တတိယအကြိမ်ကာကွယ်ဆေးထိုးသင့်**

ကျန်းမာရေးဝန်ထမ်းများမှာ ကိုဗစ် – ၁၉ လူနာများကို ထိတွေ့ဆက်ဆံနေရသည်ဖြစ်သည့်အတွက် တတိယအကြိမ် ကာကွယ်ဆေးထိုးပေးသင့်သည်ဟု ဆပ်ကော်မတီအဖွဲ့ဝင်တစ်ဦးက ပြောသည်။ နောက်ထပ် အဖွဲ့ဝင်တစ်ဦးကမူ ပြည်သူများ နှစ်ကြိမ် ကာကွယ်ဆေးမထိုးရသေးမီအချိန်အထိ တတိယအကြိမ် ကာကွယ်ဆေးမထိုးသင့်သေးဟုပြောသည်။ ကာကွယ်ဆေးထုတ်လုပ်သည့် ကုမ္ပဏီများကမူ တတိယအကြိမ် ကာကွယ်ဆေးထိုးပေးခြင်းမှာ ပြုလုပ်သင့်သည်ဟု ပြောဆိုကြသည်။

**စွမ်းဆောင်ရည်ကျဆင်းလာ**

ဂျပန်နိုင်ငံနှင့် နိုင်ငံရပ်ခြားများတွင် ကာကွယ်ဆေးနှစ်ကြိမ်ထိုးပြီးသူများတွင်လည်း ကိုဗစ် – ၁၉ ကူးစက်ခံရကြောင်း တွေ့လာရသည်။ လေ့လာမှုများအရ ဒုတိယအကြိမ်ကာကွယ်ဆေးထိုးပြီး ခြောက်လအကြာတွင် စွမ်းဆောင်ရည်မှာ ကျဆင်းလာသည်ဟု ပြသလျက်ရှိသည်။ ။

**ကိုးကား– ကျိုဒို**

■ **အားကစားပြိုင်ပွဲကြီးမကျင်းပမီ သဘောကျနှစ်ခြိုက်သူ ၄၉ ဒသမ ၉ ရာခိုင်နှုန်းရှိပြီး အဆိုးမြင်သူ ၅၀ ဒသမ ၂ ရာခိုင်နှုန်းရှိသည်။ အိုလံပစ်အားကစားပြိုင်ပွဲကြီး အပြီးတွင် မသန်စွမ်းအားကစားပြိုင်ပွဲ ဆက်လက်ကျင်းပရာ ထိုသို့ကျင်းပစဉ်အတွင်း ကိုဗစ်-၁၉ ကူးစက်ခံရသူ ၃၂၃ ဦး ရှိသည်။ ထို့ကြောင့် ဇူလိုင် ၁ ရက်မှစတင်ကာ မသန်စွမ်းအားကစားပြိုင်ပွဲနှင့် အိုလံပစ်အားကစားပြိုင်ပွဲများ ကျင်းပစဉ်အတွင်း စုစုပေါင်းကူးစက်ခံရသူအရေအတွက်မှာ ၈၇၈ ဦးရှိခဲ့သည်။ ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပေးခြင်းနှင့် ပတ်သက်၍လည်း ဂျပန်နိုင်ငံသည် တတိယအကြိမ် ကာကွယ်ဆေးထိုးပေးရန် ပြင်ဆင်နေ**

❐ *ကျောဖုံးမှ*

- ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၁၉–၉–၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၀–၉–၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၇,၃၀၉)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁,၅၈၅)ဦးတွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၁၂၇,၆၆၁)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၄၄၈,၁၅၈) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁,၉၄၈) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၄၀၀,၁၆၈)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၅၆) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၇,၁၂၉) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၂၀–၉–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၄၇၆)ခု | (၄၀)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၅၄)ခု | (၁၄)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၁၂)ခု | (၂)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၇၇)ခု | (၁၀)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၃၄၈)ခု | (၁၀)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈၁၂)ခု | (၁၅၆)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၅,၂၃၀)ခု | (၁,၃၅၃)ဦး |
| စုစုပေါင်း | (၁၇,၃၀၉)ခု | (၁,၅၈၅)ဦး |

ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့်လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်"အတိုင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**၂၀- ၉ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ**

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၃၉၀၀၉၀၆ | ၃၂၅၀၃၉၈၅ | ၆၉၁၈၈၀ |
| ၂။ | အိန္ဒိယ | ၃၃၄၇၈၄၁၉ | ၃၂၇၁၅၁၀၅ | ၄၄၅၁၆၅ |
| ၃။ | ဘရာဇီး | ၂၁၂၃၉၇၈၃ | ၂၀၂၈၀၂၉၄ | ၅၉၀၇၈၆ |
| ၄။ | ဗြိတိန် | ၇၄၂၉၇၄၆ | ၅၉၈၁၆၈၄ | ၁၃၅၂၀၃ |
| ၅။ | ရုရှား | ၇၂၉၄၆၇၂ | ၆၅၁၀၆၇၄ | ၁၉၈၉၉၆ |
| ၆။ | ပြင်သစ် | ၆၉၅၅၃၃၃ | ၆၆၄၉၆၇၈ | ၁၁၆၀၃၀ |
| ၇။ | တူရကီ | ၆၈၄၇၂၅၉ | ၆၃၃၇၀၇၀ | ၆၁၅၇၄ |
| ၈။ | အီရန် | ၅၄၄၂၂၃၂ | ၄၇၉၂၁၁၇ | ၁၁၇၅၂၆ |
| ၉။ | အာဂျင်တီးနား | ၅၂၃၉၂၃၂ | ၅၀၉၆၂၈၃ | ၁၁၄၄၂၈ |
| ၁၀။ | ကိုလံဘီယာ | ၄၉၄၁၀၆၄ | ၄၇၇၉၅၅၂ | ၁၂၅၈၉၅ |

**အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်**

၂၀– ၉ – ၂၀၂၁

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၁၉၂၆၉၅ | ၃၉၉၆၁၂၅ | ၁၄၀၆၃၄ |
| ဖိလစ်ပိုင် | ၂၃၈၅၆၁၆ | ၂၁၇၁၈၃၂ | ၃၆၉၃၄ |
| မလေးရှား | ၂၀၉၇၈၃၀ | ၁၈၆၃၉၁၉ | ၂၃၄၄၃ |
| ထိုင်း | ၁၄၈၉၁၈၆ | ၁၃၄၁၁၄၄ | ၁၅၄၆၉ |
| ဗီယက်နမ် | ၆၉၅၇၄၄ | ၄၆၄၃၂၆ | ၁၇၃၀၅ |
| မြန်မာ | ၄၄၈၁၅၈ | ၄၀၀၁၆၈ | ၁၇၁၂၉ |
| ကမ္ဘောဒီးယား | ၁၀၄၇၁၆ | ၉၇၇၀၀ | ၂၁၂၃ |
| စင်ကာပူ | ၇၇၈၀၄ | ၇၀၆၀၀ | ၆၀ |
| လာအို | ၁၉၃၉၉ | ၁၅၁၃၃ | ၁၆ |
| ဘရူနိုင်း | ၅၂၆၁ | ၃၅၇၅ | ၂၈ |

## တိုင်းဒေသကြီးနှင့်ပြည်နယ်မြို့ကြီးများသို့ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ပို့ဆောင်ဖြန့်ဖြူး

**နေပြည်တော် စက်တင်ဘာ ၂၀**

ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို တပ်မတော်ဆေးရုံများ၊ ကျန်းမာရေးဌာနများနှင့် ကိုဗစ်စင်တာများ၌ တပ်မတော်သားဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ အင်တိုက်အားတိုက်ဆောင်ရွက်ပေးလျက်ရှိရာ ယင်းလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန်အတွက် ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ တိုးချဲ့ကာကွယ်ဆေးသိုလှောင်ခန်းတွင်ထားရှိသည့် ကိုဗစ်ရောဂါကာကွယ်ဆေးများကို စံချိန်စံညွှန်းများအတိုင်း တိုင်းဒေသကြီးများနှင့်ပြည်နယ်အသီးသီးသို့ တပ်မတော်လေယာဉ်များ၊ Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများဖြင့် ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိသည်။

ထိုသို့ဖြန့်ဖြူးပေးလျက်ရှိရာ ယနေ့တွင် မန္တလေးမြို့သို့ ကာကွယ်ဆေး ၈၂၉၅၂ လုံး၊ မုံရွာမြို့သို့ ကာကွယ်ဆေး အလုံး ၈၀၀၀ နှင့် တောင်ကြီးမြို့သို့ကာကွယ်ဆေး ၂၂၀၄၅ လုံးတို့ကို မြေပြင်ခရီးလမ်းကြောင်းမှ Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများဖြင့် ဆက်လက်ပို့ဆောင်ပေးရာ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများက လက်ခံရယူပြီး သက်ဆိုင်ရာနေရာများသို့ ဆက်လက်ဖြန့်ဖြူးပေးသွားမည်ဖြစ်သည်။

ယင်းသို့ပို့ဆောင်ဖြန့်ဖြူးပေးသော ကိုဗစ်–၁၉ ကာကွယ်ဆေးများကို ဦးတည်အုပ်စု လူဦးရေဦးစားပေးအစီအစဉ်များနှင့်အညီ ပြည်သူများသို့ အမြန်ဆုံးထိုးနှံပေးနိုင်ရေးအတွက် ဆောင်ရွက်ခြင်းဖြစ်ပြီး ဝေးလံခက်ခဲသောဒေသများသို့ တပ်မတော်(လေ)မှ ပို့ဆောင်ရေးလေယာဉ်၊ ရဟတ်ယာဉ်များ၊ မြန်မာ့လေကြောင်းတို့၏အကူအညီများရယူကာ လေကြောင်းခရီးဖြင့်လည်း ဆက်လက်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကျောင်းတွေ မြန်မြန်ဖွင့်နိုင်ဖို့ဆိုတာ ရောဂါကိုကာကွယ်ထိန်းချုပ်နိုင်ဖို့က အရေးကြီးတဲ့အတွက် ပြည်သူတွေအားလုံးက ကိုဗစ် - ၁၉ စည်းကမ်းတွေကို လိုက်နာပြီး ကာကွယ်ထိန်းချုပ်ရေးမှာ အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်ကြဖို့လိုပါတယ်

ဒေါက်တာခင်ခင်ကြီး

ထက်လျှံ

**ကလေးနှင့် ဆယ်ကျော်သက်အရွယ်များတွင် ကိုဗစ် – ၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေနှင့် ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကူးစက်ရောဂါ တိုက်ဖျက်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာခင်ခင်ကြီးနှင့် တွေ့ဆုံမေးမြန်းထားသည်။**

**မေး ။ ။ ကလေးနဲ့ ဆယ်ကျော်သက်အရွယ်တွေမှာ ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားမှုတွေနဲ့ ပတ်သက်ပြီး ရှင်းပြပေးပါဦး။**

**ဖြေ ။ ။** ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ရဲ့ စက်တင်ဘာလ ၁၄ ရက် ထုတ်ပြန်တဲ့ Weekly Epidemiological Update အရ ကလေးတွေနဲ့ ဆယ်ကျော်သက်တွေမှာ ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားမှုနဲ့ ပတ်သက်ပြီး အထူးထုတ်ပြန်ချက် ပါဝင်ပါတယ်။ ကလေးတွေ ရောဂါဖြစ်ပွားရင် လူကြီးတွေလို ဆိုးဆိုးရွားရွားဖြစ်ပွားတာနဲ့ ပြင်းထန်မှုမရှိဘူးဆိုတာ တွေ့ရှိရပါတယ်လို့ ပြောပါတယ်။ ကလေးတွေနဲ့ ဆယ်ကျော်သက်တွေ ဖြစ်တယ်ဆိုရင် သာမန်လက္ခဏာ၊ အချို့ဆိုရင် လက္ခဏာတောင် မပေါ်ပါဘူး၊ အသင့်အတင့် လက္ခဏာလောက်ပဲ ဖြစ်သလို သေဆုံးမှုကလည်း လူကြီးတွေနဲ့ နှိုင်းစာရင် အလွန်နည်းတာ တွေ့ရပါတယ်။

ကိုဗစ် – ၁၉ ကြောင့် သေဆုံးမှုက အသက်ကြီးလေ များလေဖြစ်ပါတယ်။ ကလေးတွေဖြစ်ရင် ပြန်ကောင်းလာတာ များပါတယ်။ ဆေးရုံတက်ရောက်မှု အလွန်နည်းပါတယ်။ ရောဂါဖြစ်ပွားမှုအနေနဲ့ သံသယလက္ခဏာတွေ မပေါ်ပါဘူး၊ အသင့်အတင့်ပဲပေါ်ပါတယ်။ ရောဂါရှိမှန်း၊ ဖြစ်လို့ဖြစ်မှန်း မသိတော့ စစ်ဆေးမှုတွေ မလုပ်ဆောင်မိတဲ့အတွက် ရောဂါဖြစ်ပွားတဲ့ အရေအတွက်နည်းတာကို တွေ့ရပါတယ်။ ရောဂါလက္ခဏာသာမန်နဲ့ အသင့်အတင့်ရှိတဲ့အတွက် သူတို့တွေကနေ အခြားသူကို မကူးစက်နိုင်ဘူးလားဆိုတော့ ဒီလိုလည်း မဟုတ်ပါဘူး။ သူတို့အချင်းချင်းကူးနိုင်သလို လူကြီးတွေနဲ့ သူတို့နေထိုင်တဲ့ ပတ်ဝန်းကျင်ကို ကူးစက်နိုင်ပါတယ်။

ကလေးတွေမှာ ဖြစ်နိုင်တဲ့ရောဂါလက္ခဏာတွေနဲ့ ကူးစက်နိုင်စွမ်းတွေ သိပြီဆိုရင် လိုအပ်တဲ့ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းတွေကို တွေ့ရှိချက်နဲ့အညီ ပြုပြင်ပြောင်းလဲ လုပ်ဆောင်ပေးနိုင်မှာ ဖြစ်ပါတယ်။ နိုင်ငံတိုင်းမှာ ကာကွယ်ဆေးတွေကို အသက် ၁၈ နှစ်နဲ့အထက်တွေကို ထိုးနှံပါတယ်။ အမေရိကန်နိုင်ငံမှာ ကလေးငယ်တွေကို ထိုးနှံတဲ့ လုပ်ငန်းတွေစတင်နေပြီ ဖြစ်ပါတယ်။ Pfizer ကာကွယ်ဆေးက နဂိုကတည်းက အသက် ၁၆ နှစ်အထက်တွေကို ထိုးနှံပေးတာဖြစ်ပါတယ်။ ယူကေမှာ အခု အသက် ၁၂ နှစ်ကနေ ၁၅ နှစ်အထိ ကလေးတွေကို ကာကွယ်ဆေးထိုးဖို့ ခွင့်ပြုလိုက်ပြီ ဖြစ်ပါတယ်။ အသက် ၁၂ နှစ်အောက်ကလေးတွေကို ထိုးနှံပေးမှုက အလွန်နည်းပါတယ်။ တချို့နိုင်ငံတွေမှာ ကလေးငယ်တွေကို ထိုးနှံပေးတယ်ဆိုတာ အများစုကိုထိုးနှံပေးတာ မဟုတ်ပါဘူး။ ခြွင်းချက်အနေနဲ့ Pfizer ကလွဲပြီး WHO က အရေးပေါ်အသုံးပြုခွင့်ပေးထားတဲ့ ကာကွယ်ဆေးတွေသည် အသက် ၁၈ နှစ်အထက်ကို ထိုးနှံပေးထားတာ ဖြစ်ပါတယ်။

လက်ရှိအနေအထားအရ အသက်အပိုင်းအခြားနဲ့ ကြည့်မယ်ဆိုရင် ငါးနှစ်အောက်ကလေးတွေမှာ ကူးစက်မှုအလွန်နည်းပါတယ်။ အသက် ငါးနှစ်ကနေ ကိုးနှစ်ကလည်း နည်းပါတယ်။ ကြီးကောင်ဝင်စ အသက် ၁၀ နှစ်မှ ၁၄ နှစ်က ဖြစ်ပွားမှုနည်းပါတယ်။ ဆယ်ကျော်သက် ၁၅ နှစ်မှ ၁၉ နှစ်က ရောဂါကူးစက်မှု စပြီးရှိလာပါတယ်။ လူငယ် Young Adult အသက် ၂၀ ကနေ ၂၄ နှစ်အရွယ်မှာ ကူးစက်ဖြစ်ပွားမှုတွေ ပိုရှိလာပြီဖြစ်ပါတယ်။ ဒါကြောင့် ကျောင်းတွေ၊ မူကြိုတွေ၊ နေ့ကလေးထိန်းကျောင်းတွေ ဖွင့်တာ၊ ပိတ်တာက ဒီအချက်တွေအပေါ်မူတည်ပြီး စဉ်းစားဆုံးဖြတ်တာ ဖြစ်ပါတယ်။

ကလေးတွေနဲ့ ပတ်သက်ပြီး WHO က သုတေသနလုပ်ထားတာ ရှိပါတယ်။ စက်တင်ဘာလ ၁၄ ရက်က ထုတ်ပြန်ထားတာဖြစ်ပါတယ်။ ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှုတွေ စတင်တဲ့ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်ကစပြီး ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၆ ရက်အထိ ရောဂါပိုးတွေ့လူနာစုစုပေါင်း သန်း ၉၀ ရဲ့ အချက်အလက်အရ အသက်အရွယ်ကြီးလေလေ ရောဂါဖြစ်ပွားမှုများတာကို တွေ့ရပါတယ်။

သုတေသနအရ ရောဂါဖြစ်ပွားမှုအနေနဲ့ အသက်ငါးနှစ်အောက် ကလေးတွေမှာ ရောဂါဖြစ်ပွားမှု အနည်းဆုံးဖြစ်ပါတယ်။ ဖြစ်ပွားမှုရဲ့ ၁ ဒသမ ၈ ရာခိုင်နှုန်းရှိပြီး သေဆုံးမှုအနေနဲ့ ၁၇၀၄ ဦးရှိတဲ့အတွက် ၀ ဒသမ ၁ ရာခိုင်နှုန်း သေဆုံးမှုရှိပါတယ်။

ငါးနှစ်ကနေ ၁၄ နှစ်အတွင်း တစ်ကမ္ဘာလုံးရောဂါဖြစ်ပွားမှုရဲ့ ၆ ဒသမ ၂ ရာခိုင်နှုန်းနဲ့ သေဆုံးသူ ၁၂၁၈ ဦးရှိတဲ့အတွက် တစ်ကမ္ဘာလုံးသေဆုံးမှုရဲ့ ၀ ဒသမ ၁ ရာခိုင်နှုန်း ရှိတယ်ဆိုတာကို တွေ့ရပါတယ်။ အသက် ၁၅ နှစ်ကနေ ၂၄ နှစ်အထိ တစ်ကမ္ဘာလုံးရောဂါဖြစ်ပွားမှုရဲ့ ၁၄ ဒသမ ၃ ရာခိုင်နှုန်းနဲ့ သေဆုံးမှု ၆၃၂၇ ဦးရှိတဲ့အတွက် တစ်ကမ္ဘာလုံးသေဆုံးမှုရဲ့ ၀ ဒသမ ၄ ရာခိုင်နှုန်းရှိတာ တွေ့ရပါတယ်။ တစ်ကမ္ဘာလုံးသေဆုံးမှုမှာ ကလေးတွေကနေ လူငယ်အထိ သေဆုံးမှုက ၀ ဒသမ ၅ ရာခိုင်နှုန်းရှိတဲ့အတွက် ၁၀၀ မှာ တစ်ဦးမရှိပါဘူး၊ လူ ၂၀၀ မှ တစ်ဦးသေဆုံးမှုရှိတဲ့ သဘောဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ ရောဂါဖြစ်ပွားမှုအနေနဲ့ အသက် ၁၅ နှစ်အောက်က တစ်နိုင်ငံလုံး ရောဂါဖြစ်ပွားမှုစုစုပေါင်းရဲ့ ၇ ရာခိုင်နှုန်းရှိတာ တွေ့ရပါတယ်။ အသက် ၁၅ နှစ်ကနေ ၄၅ နှစ်အထိ ရောဂါဖြစ်ပွားမှုစုစုပေါင်းရဲ့ ၅၇ ရာခိုင်နှုန်း ဖြစ်ပွားမှုရှိတဲ့အတွက် ဒီအသက်အပိုင်းအခြားက ဂရုစိုက်ရမယ့်အခြေအနေဖြစ်ပါတယ်။ သေဆုံးမှုအနေနဲ့ အသက် ၁၅ နှစ်အောက် သေဆုံးမှုက တတိယလှိုင်းအစမှ စက်တင်ဘာလ ၆ ရက်အထိ ၂၁ ဦးရှိပါတယ်။ စုစုပေါင်းသေဆုံးမှုရဲ့ ၀ ဒသမ ၂ ရာခိုင်နှုန်းရှိတဲ့အတွက် WHO ရဲ့ အချက်အလက်တွေနဲ့ ကိုက်ညီနေတာကို တွေ့ရမှာ ဖြစ်ပါတယ်။

အသက် ၁၅ နှစ်ကနေ ၂၉ နှစ်အထိ သေဆုံးမှုက ၂၂၂ ဦးရှိတဲ့အတွက် ၁ ဒသမ ၇ ရာခိုင်နှုန်းရှိပါတယ်။ အသက် ၃၀ ကနေ ၄၄ နှစ်အထိ သေဆုံးမှုရာခိုင်နှုန်း ၁၀ ဒသမ ၇ ရာခိုင်နှုန်း ရှိပါတယ်။ အသက် ၄၅ နှစ်ကနေ ၆၀ အထိ သေဆုံးမှုရာခိုင်နှုန်း ၃၅ ဒသမ ၉ ရာခိုင်နှုန်း ရှိပါတယ်။ အသက် ၆၁ နှစ်ကနေ ၇၅ နှစ်အထိ သေဆုံးမှုရာခိုင်နှုန်း ၃၇ ဒသမ ၉ ရာခိုင်နှုန်းရှိပါတယ်။ ဒါက မြန်မာနိုင်ငံမှာ ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှုနဲ့ သေဆုံးမှုတွေကို သိရှိပြီး သတိထားနိုင်စေဖို့ ဖြစ်ပါတယ်။

ရောဂါလက္ခဏာတွေက အသက်ငယ်တဲ့သူ၊ အထူးသဖြင့် အသက်ငါးနှစ် ကလေးငယ်တွေ၊ ကလေးကြီးတွေ၊ အသက် ၁၀ နှစ်မှ ၁၉ နှစ် အရွယ်ကြီးကောင်ဝင်စ၊ ဆယ်ကျော်သက်အရွယ်တွေမှာ လက္ခဏာကရှိချင်မှ ရှိတယ်။ သာမန်နဲ့ အသင့်အတင့်လက္ခဏာမျိုး ရှိတတ်ပါတယ်။ အသက် ၂၅ နှစ်အထက်ဆိုရင် ရောဂါလက္ခဏာတွေ ရှိလာတတ်ပါတယ်။ တစ်နည်းအားဖြင့် အသက်ကြီးလေလေ ရောဂါလက္ခဏာတွေ ပေါ်လာတတ်လေလေ ဖြစ်ပါတယ်။ ဒါပေမယ့် အသက် တစ်နှစ်အောက် ကလေးတွေ၊ မွေးစကနေ ၂၈ ရက် ကလေးတွေမှာ အန္တရာယ်ရှိဆဲ ဖြစ်ပါတယ်။

**ကလေးတွေမှာ ကိုဗစ် – ၁၉ ရောဂါ ဖြစ်ပွားပြီးပြီဆိုရင် နောက်ဆက်တွဲ ရောဂါဝေဒနာတွေ ခံစားရနိုင်ပါတယ်လို့ ပြောထားတဲ့အတွက် မပေါ့ဆစေချင်ပါဘူး။ ဥရောပနဲ့ အမေရိကမှာ ကလေးတွေ ကိုဗစ်ဖြစ်ပွားပြီးရင် ခန္ဓာကိုယ်မှာရှိတဲ့ အင်္ဂါအစိတ်အပိုင်းတွေ ရောင်ရမ်းတဲ့လက္ခဏာတွေနဲ့ နောက်ဆက်တွဲဆက်စပ်မှုတွေ ရှိတတ်တယ်လို့ သိရပါတယ်။ အချို့တွေမှာ ရောဂါပြင်းထန်မှုတွေ ခံစားရနိုင်ပါတယ်။**

> **“ငါးနှစ်အောက်ကလေးတွေမှာ ကူးစက်မှုအလွန်နည်းပါတယ်။ အသက် ငါးနှစ်ကနေ ကိုးနှစ်ကလည်း နည်းပါတယ်။ ကြီးကောင်ဝင်စ အသက် ၁၀ နှစ်မှ ၁၄ နှစ်က ဖြစ်ပွားမှုနည်းပါတယ်။ ဆယ်ကျော်သက် ၁၅ နှစ်မှ ၁၉ နှစ်က ရောဂါကူးစက်မှု စပြီးရှိလာပါတယ်။ လူငယ် Young Adult အသက် ၂၀ ကနေ ၂၄ နှစ်အရွယ်မှာ ကူးစက်ဖြစ်ပွားမှုတွေ ပိုရှိလာပြီဖြစ်ပါတယ်။ ဒါကြောင့် ကျောင်းတွေ၊ မူကြိုတွေ၊ နေ့ကလေးထိန်းကျောင်းတွေ ဖွင့်တာ၊ ပိတ်တာက ဒီအချက်တွေအပေါ်မူတည်ပြီး စဉ်းစားဆုံးဖြတ်တာ ဖြစ်ပါတယ်”**

အချုပ်အားဖြင့် ကလေးတွေနဲ့ ဆယ်ကျော်သက်တွေအနေနဲ့ ကိုဗစ် – ၁၉ ရောဂါ ခံစားရနိုင်ပါတယ်။ လူကြီးတွေနဲ့ နှိုင်းစာရင် ရောဂါလက္ခဏာ ခံစားရမှုနည်းပါတယ်။ ဘာကြောင့်လဲဆိုရင် ကလေးတွေမှာ Biological Factor ဆိုတဲ့ သဘာဝဇီဝဖြစ်စဉ်မှာ ကိုယ်ခံအားစနစ်က ကောင်းစွာဖွံ့ဖြိုးပြီး ရောဂါပိုးတွေကို တိုက်ထုတ်နိုင်စွမ်းရှိပါတယ်။ ဒ့ါအပြင် ဗိုင်းရပ်စ်အနေနဲ့ ကလေးတွေမှာ ရောဂါဖြစ်ပွားမှုသဘော သဘာဝကိုက ပျော့ပါတယ်။ သိပ်ပြီး ဆိုးဆိုးရွားရွား မဖြစ်ပါဘူး။ ဗိုင်းရပ်စ်ရဲ့ သဘောသဘာဝအပေါ် မူတည်ပါတယ်။ ကလေးတွေက အိမ်ထဲမှာ နေတာများတယ်၊ အန္တရာယ်ရှိတဲ့ အပြုအမူတွေ မပြုလုပ်ဘူး၊ နောက်ခံရောဂါတွေ မရှိဘူး ဒီလိုအကြောင်းအချက်တွေက ကလေးတွေမှာ ရောဂါဖြစ်ပွားမှုနဲ့ ကူးစက်မှုနည်းစေတဲ့ အကြောင်းအရင်းတွေ ဖြစ်ပါတယ်။ သူတို့တွေ အပြင်ထွက်ရတာနည်းတဲ့အတွက် ပတ်ဝန်းကျင်ကနေ ကူးစက်မှု အခွင့်အလမ်းနည်းတယ်၊ ဗိုင်းရပ်စ်ရဲ့ ကူးစက်မှု ပမာဏနည်းပါတယ်။ သူတို့ကနေ အခြားသူကို ကူးစက်နိုင်စွမ်းရှိပါတယ်။

ရောဂါဖြစ်ပွားရင် ရောဂါရဲ့နောက်ဆက်တွဲ ဆိုးကျိုးတွေဖြစ်ပွားတာ နည်းပါတယ်။ ဘယ်လိုလူတွေမှာ နောက်ဆက်တွဲဆိုးကျိုးတွေ ဖြစ်စေနိုင်သလဲဆိုရင် မွေးရာပါရောဂါအခံရှိသူ၊ ဆီးချို၊ အဝလွန်တာ၊ သွေးနဲ့ဆိုင်တဲ့ရောဂါတွေခံစားနေရတဲ့ ကလေးတွေဆိုရင် သူများထက်ပိုပြီး ဂရုစိုက်ရမှာ ဖြစ်ပါတယ်။

**မေး ။ ။ ကျောင်းတွေ ပြန်ဖွင့်ချိန်မှာ လိုက်နာရမယ့်အချက်တွေကို ပြောကြားပေးပါဦး။**

**ဖြေ ။ ။** မကြာမီ ရောဂါကို ကာကွယ်ထိန်းချုပ်နိုင်လာပြီဆိုရင် ကျောင်းတွေပြန်ဖွင့်ဖို့ အစီအစဉ် ရှိပါတယ်။ ရောဂါကူးစက်မှုအလွန်များတဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ ကျောင်းတွေ ပြန်ဖွင့်နေပြီး အခြားကမ္ဘာ့နိုင်ငံတွေမှာ ကျောင်းတွေပြန်ဖွင့်ဖို့ ဆောင်ရွက်နေပါတယ်။

**မြန်မာနိုင်ငံအနေနဲ့ ရောဂါကာကွယ်ထိန်းချုပ်နိုင်စွမ်းရှိလာတဲ့ မကြာမီအချိန်မှာ ကျောင်းတွေ ပြန်ဖွင့်ဖို့ရှိပါတယ်။ ဒီအခါ မိဘတွေအနေနဲ့ စိုးရိမ်ပူပန်မှုတွေရှိပြီး ဒီစိုးရိမ်ပူပန်မှုတွေ လျော့နည်းစေဖို့အတွက် ကလေးတွေမှာ ဖြစ်ပွားမှုနည်းတယ်၊ ဖြစ်ပွားရင်လည်း ဆိုးဆိုးရွားရွား မဖြစ်ဘူးဆိုတဲ့ သတင်းစကားပါးလိုပါတယ်။**

အမေရိကန်ရောဂါ ထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဗဟိုဌာန (CDC)ရဲ့ ၂၀၂၁ ခုနှစ် ဇူလိုင်လ ၉ ရက် ထုတ်ပြန်ထားတဲ့ အမေး၊ အဖြေအရ ကလေးတွေ ကူးစက်နိုင်သလားဆိုရင် ကလေးတွေ၊ ဆယ်ကျော်သက်တွေမှာ ကူးစက်နိုင်ပါတယ်။ ရောဂါပြင်းထန်စွာ ခံစားရတာတွေ မရှိနိုင်ပါဘူး။ သူတို့ကနေတစ်ဆင့် အခြားလူကို ကူးစက်နိုင်ပေမယ့် နည်းပါတယ်။ ဘယ်လိုကလေးတွေက အန္တရာယ်များသလဲဆိုရင်

*စာမျက်နှာ ၁၇ သို့*

# ကျိုက်ထိုမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရပြီး ပြန်လည်ကျန်းမာလာသူများ၏ ရင်တွင်းစကားသံများ

**မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် ကိုဗစ်-၁၉ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများကို မြို့ပေါ်ရပ်ကွက်များ သာမက ကျေးရွာများအထိ သတ်မှတ်စုရပ်များအလိုက် ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ကိုဗစ်-၁၉ရောဂါ ကူးစက်ခံရသော်လည်း ပြန်လည်ကောင်းမွန်လာသည့်သူများ၏ ရင်တွင်းစကားသံများကို ဖော်ပြလိုက်ရပါသည်-**


ဒေါ်နန္ဒာအောင်


ဦးအောင်ထွေး


ဒေါ်ကြည်ပြာ

**ဒေါ်နန္ဒာအောင်**
**(မန်နေဂျာ- လယ်ယာဖွံ့ဖြိုးရေးဘဏ်- ကျိုက်ထိုမြို့)**

ရောဂါဘယ်လိုစဖြစ်လဲဆိုတော့ ရုံးကဝန်ထမ်းတွေ အများစုက ဖျားကြရင်း၊ အလုပ်လုပ်နေကြတော့ ကိုယ်ပါဖျားလာပါတယ်။ လူက မလှုပ်ချင်တော့ဘူး၊ အနံ့ပါ ပျောက်လာတယ်၊ အစားလည်း မစားချင်ဘူး၊ ထမင်းစားတဲ့အခါမှာလည်း မနည်းမျိုချရတယ်၊ ရေနဲ့ရောပြီး မျိုချရတယ်၊ ဒါပေမယ့် အစားကိုတော့ ဝင်အောင်စားမှ ရောဂါဒဏ်ကို ခံနိုင်ရည်ရှိမှာ ဖြစ်တဲ့အတွက် ရအောင်စားတယ်။ ခုနစ်ရက်လောက် အနံ့ပျောက်သွားတယ်၊ အနံ့ပြန်ရတဲ့အချိန်မှာ အားက မရှိဘူး၊ စားလို့လည်း မကောင်းသေးဘူး၊ ရေနွေးငွေ့ရှူတယ်၊ အသက်ရှူလေ့ကျင့်ခန်းလုပ်တယ်။ မနက်ပိုင်းမှာ ရေနွေး၊ ပျားရည်၊ ရှောက်ရည်ရောပြီး တစ်ဖန်ခွက်ကုန်အောင် သောက်တယ်၊ ထမင်းစားဝင်လာတယ်၊ မနက်မိုးလင်းရင် နေရောင်ခြည်လှုံတယ်။ စားစရာရှိတာစားပြီး ကိုယ်လက်လေ့ကျင့်ခန်း လုပ်တယ်၊ အသက်ကကြီးလို့လားမသိဘူး သူများတွေထက် ပိုခံစားရတယ်။ ဒါပေမယ့် ဆေးထိုးထားတဲ့အတွက် အသက်အန္တရာယ်ကို ကာကွယ်ပေးနိုင်ခဲ့တယ်၊ ဆေးထိုးထားတော့ ရောဂါဒဏ်ကို ခံနိုင်ရည် ရှိသွားတယ်။ ကျွန်မတို့လို ရောဂါအခံရှိတဲ့သူတွေက ရောဂါဟောင်းက ပြန်ထပြီး ပိုခံစားရတယ်၊ အဓိက က စိတ်ပါ၊ စိတ်ကိုလျှော့လိုက်တာနဲ့ အသက်ပါဆုံးရှုံးနိုင်တဲ့အတွက် စိတ်ကိုမလျှော့ပါနဲ့လို့ တိုက်တွန်းချင်ပါတယ်။

**ဦးအောင်ထွေး**
**(အကြီးတန်းစာရေး- ဥပဒေရုံး၊ ကျိုက်ထိုမြို့)**

ကိုဗစ်ရောဂါ ဘယ်လိုစဖြစ်လာလဲဆိုတော့ အလုပ်လုပ်တဲ့နေရာမှာ ပြင်ပလူတွေနဲ့ ဆက်စပ်ပြောဆိုရင်းကနေ ကူးစက်တယ်လို့ ထင်ပါတယ်။ ဒါပေမယ့်လည်း ပြောဆိုချိန်တွေမှာလည်း နှာခေါင်းစည်းကတော့ အမြဲတပ်ထားတယ်။ ရောဂါစဖြစ်လာတာကတော့ မဖျားဘဲ ထမင်းစားလို့မရဘူး ဖြစ်လာတယ်။ ကိုဗစ်ဖြစ်တယ်လို့ မသိသေးဘူး။ အဲဒါနဲ့ ရေချိုးလိုက်တယ်။ နောက်နေ့လည်းကျရောဖျားလာပါတယ်၊ ကိုယ်တွေပူတယ်၊ ထမင်းစားမရဘူး၊ ရင်ဘတ်အောင့်လာတယ်၊ ကျောအောင့်လာတယ်၊ အသက်ရှူရတာ ကျပ်သလိုလိုဖြစ်လာတယ်။ အဲဒါနဲ့ပဲ စစ်ကြည့်လိုက်တာ ပိုးတွေ့သွားပါတယ်။ ဒါနဲ့ ကိုဗစ်လူနာတွေထားတဲ့ မြို့နယ်ခန်းမ Quarantine Centerမှာ နေရပါတယ်။ Center မှာကတော့ လူနာတွေချည်းပဲဆိုတော့ တစ်ဦးနဲ့တစ်ဦး ဖေးမပြီး အချိန်တန်ရင် ကောင်းသွားမယ်ဆိုတဲ့စိတ်နဲ့ ကိုယ့်ကိုယ်ကိုယ် ကျန်းမာအောင်နေကြပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှုအနေနဲ့ကတော့ အခြေအနေဆိုးတဲ့သူတွေကို မြို့နယ်ဆေးရုံကို ပို့ပေးပါတယ်။ ကျွန်တော်တို့ကတော့ ဖျားပြီးအနံ့ပျောက်ရုံလောက်ဆိုတော့ သောက်ဆေးလောက်နဲ့ အစားကိုဝင်အောင်စားတယ်။ ကိုယ်လက်ကျန်းမာရေး လေ့ကျင့်ခန်းတွေ လုပ်တယ်၊ အသက်ရှူလေ့ကျင့်ခန်းတွေ လုပ်တယ်။ ဒီလိုနဲ့ပဲ ပြန်လည်ကောင်းမွန်လာခဲ့ပါတယ်။ ကာကွယ်ဆေးလည်း မထိုးထားတဲ့အတွက် ဆေးထိုးထားတဲ့သူတွေထက်တော့ ပိုခံစားရပါတယ်။ ဒီလိုရောဂါခံစားရတဲ့အချိန်မှာ စိတ်ဓာတ်မကျသွားဖို့တော့ အကြံပြုတိုက်တွန်းချင်ပါတယ်။

**ဒေါ်ကြည်ပြာ**
**(ဈေးရောင်း- တောင်သူစုရပ်ကွက်၊ ကျိုက်ထိုမြို့)**

ကိုဗစ်ရောဂါ ဖြစ်လာတာကတော့ အမေ့ဆီက ကူးတာပါ။ အမေကဆေးခန်းပြလို့ ကိုဗစ်စစ်လိုက်တာ ပိုးတွေ့သွားတာနဲ့ မော်လမြိုင် Isolation-3 မှာ သွားနေရပါတယ်။ အစ်မက အမေ့ကို လိုက်ပြုစုရင်း ကူးစက်ခံရတာပါ။ ရောဂါခံစားရမှုကတော့ မျက်စိတွေ ရဲပါတယ်။ ဘယ်လိုမှ မခံစားနိုင်အောင် မျက်ရည်တွေ အလိုလိုနေရင်း ကျလာပါတယ်။ ကိုယ်လည်း အလွန်ပူတယ်၊ အဖျားတက်လိုက်ပြန်ကျလိုက်ဖြစ်လာတယ်။ အဲဒါနဲ့ ဆရာဝန်ကိုပြောပြတဲ့အခါ အစ်မမှာ ပိုးရှိနေပြီဆိုတာ သိရပါတယ်။ ဆရာဝန်ပေးတဲ့ဆေးတွေ သောက်တယ်။ ဒါပေမယ့် အသက်ရှူရတာ မောတယ်။ အောက်ဆီဂျင်ကျတဲ့အထိတော့မဖြစ်ဘူး။ မောလာရင် တရားထိုင်တယ်၊ အစ်မက ကာကွယ်ဆေးမထိုးထားတော့ ထိုးထားတဲ့သူတွေထက် ပိုခံစားရပါတယ်။ အခုရောဂါဖြစ်ပြီးချိန်မှာတောင် အမောမခံနိုင်ဘူး၊ အားမရှိသလို ခံစားရတာတွေ ဖြစ်နေသေးတယ်။ ဒါကြောင့်မို့ ကာကွယ်ဆေးကို လူတိုင်း ထိုးသင့်တယ်လို့ တိုက်တွန်းချင်ပါတယ်။

**တွေ့ဆုံမေးမြန်း- သန်းသန်းမော်(ကျိုက်ထို ပြန်/ဆက်)**

---

*စာမျက်နှာ ၁၆ မှ*

လူကြီးတွေလိုပါပဲ။ ဝတဲ့ကလေးတွေ၊ ဆီးချိုရှိသူ၊ ပန်းနာရင်ကျပ်ရှိသူ၊ အဆုတ်မကောင်းသူ၊ သွေးထဲမှာ သွေးနီဥ ပုံပျက်နေတဲ့ ရောဂါရှိသူတွေ၊ ကိုယ်ခံအား ကျဆင်းနေတဲ့ ကလေးတွေမှာ သူများထက်စာရင် အန္တရာယ်ပိုရှိပါတယ်။

လူကြီးတွေထက်စာရင် ဘယ်လောက်အထိ အန္တရာယ်နည်းသလဲဆိုရင် လက်ရှိအချိန်အထိ သိရှိရတဲ့အချက်အလက်တွေအရ အသက် ၁၈ နှစ်အောက်မှာ ရောဂါဖြစ်ပွားမှုက တစ်ကမ္ဘာလုံး ရောဂါဖြစ်ပွားမှုရဲ့ ၈ ဒသမ ၅ ရာခိုင်နှုန်းရှိတယ်လို့ CDC ကပြောထားပါတယ်။ သေဆုံးမှု အလွန်နည်းပါတယ်။ နောက်ခံရောဂါရှိသူတွေလောက်ပဲ အန္တရာယ်ရှိပါတယ်။ ရောဂါလက္ခဏာအနေနဲ့ ပြင်းပြင်းထန်ထန် မဖြစ်ပါဘူး။ ပြင်းပြင်းထန်ထန်ဖြစ်သူ၊ ဝေဒနာခံစားရသူ၊ သေဆုံးသူတွေ ရှိနိုင်ပါတယ်။ သာမန်ကလေးတွေထက် နောက်ခံရောဂါရှိသူတွေမှာ ပိုဖြစ်နိုင်ပါတယ်။

**ကလေးတွေမှာ ရောဂါပိုးကူးစက်ရင် ဆိုးဆိုးရွားရွားဖြစ်လေ့ မရှိပါဘူး။ တချို့မှာ ရောဂါလက္ခဏာမရှိတဲ့အတွက် ဖြစ်လို့ဖြစ်မှန်း မသိပါဘူး။ ဘယ်လိုလက္ခဏာတွေ ပေါ်တတ်သလဲဆိုရင် ကလေးတွေမှာ အနံ့အရသာပျောက်တာထက်စာရင် ဖျားတယ်၊ ချောင်းဆိုးတယ်၊ ဝမ်းပျက်တယ်၊ အန်တယ်၊ ခေါင်းကိုက်တယ်၊ နေရတာမကောင်းဘူး၊ မအီမသာဖြစ်တယ် ဒီလိုပုံစံမျိုးတွေနဲ့ လာတတ်ပါတယ်။**

မိဘစုဝင်တွေ ကာကွယ်ဆေးထိုးခြင်းက ကလေးတွေကို သွယ်ဝိုက်ပြီး ကာကွယ်ရာ ရောက်ပါတယ်။ ကာကွယ်ဆေးထိုးဖို့ အခွင့်အလမ်းရှိသူတွေအနေနဲ့ ကာကွယ်ဆေးထိုးထားမယ်ဆိုရင် မိမိရဲ့မိသားစုထဲမှာရှိတဲ့ ကလေးတွေကို ကိုဗစ်-၁၉ အန္တရာယ်က ကင်းဝေးစေပါတယ်။ ကျောင်းတွေက ဆရာ ဆရာမတွေ အများစုကို ဦးစားပေးအစီအစဉ်နဲ့ ကာကွယ်ဆေးထိုးနှံပေးပြီး ဖြစ်ပါတယ်။

ကျောင်းဖွင့်ဖို့အတွက် ဆရာ ဆရာမတွေ အကုန်လုံး ကာကွယ်ဆေးထိုးပြီး ဖြစ်ရမယ်လို့ သတ်မှတ်ချက် မရှိပါဘူး။ အမေရိကန်လို ကာကွယ်ဆေးလွှမ်းခြုံမှုများတဲ့ နိုင်ငံမှာတောင် ကျောင်းဖွင့်ဖို့အတွက် ကလေးတွေ ကာကွယ်ဆေးထိုးပြီး ဖြစ်ရမယ်၊ ဆရာ ဆရာမတွေ ကာကွယ်ဆေးထိုးပြီး ဖြစ်ရမယ်လို့ သတ်မှတ်ချက် မလုပ်ထားပါဘူး။ မြန်မာနိုင်ငံမှာ စိတ်ချရတဲ့အချိန်၊ ရောဂါကို ထိန်းချုပ်နိုင်တဲ့အချိန်မှာ စာသင်ကျောင်းတွေ ပြန်ဖွင့်မှာ ဖြစ်ပါတယ်။

လက်ရှိအချိန်မှာ ကလေးတွေက စာသင်ကျောင်းတွေနဲ့ ဝေးကွာနေတယ်။ မြန်မာနိုင်ငံမှာ ကျောင်းမနေနိုင်တဲ့ ကလေးတွေက ရာခိုင်နှုန်းအတိုင်းအတာတစ်ခုအထိ များနေဆဲဖြစ်ပါတယ်။ ဒီလိုပိတ်ရက်တွေ များလာတဲ့အခါ ကျောင်းပြင်ပကိုရောက်ရှိသွားနိုင်တဲ့ ကလေးဦးရေတွေများလာပြီး သူတို့ရဲ့ဘဝနောင်ရေး၊ ရှေ့အလားအလာကို အများကြီး ထိခိုက်နိုင်ပါတယ်။ ကျောင်းတွေ မြန်မြန်ဖွင့်နိုင်ဖို့ဆိုတာ ရောဂါကို ကာကွယ်ထိန်းချုပ်နိုင်ဖို့က အရေးကြီးတဲ့အတွက် ပြည်သူတွေအားလုံးက ကိုဗစ်-၁၉ စည်းကမ်းတွေကို လိုက်နာပြီး ကာကွယ်ထိန်းချုပ်ရေးမှာ အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်ကြဖို့လိုပါတယ်။ မကြာမီအချိန်အတွင်းမှာ ပညာရေးကဏ္ဍကို ပုံမှန်အတိုင်း ပြန်လည်လည်ပတ်နိုင်ပြီး မြန်မာနိုင်ငံက ကလေးတွေ အခြားနိုင်ငံတွေထက် နောက်ကျမကျန်ရအောင် အားလုံးပူးပေါင်းဆောင်ရွက်ဖို့ ပြည်သူအားလုံးမှာ တာဝန်ရှိပါတယ်လို့ ပြောလိုပါတယ်။

ကျေးဇူးတင်ပါတယ်။

---

# မိုးညှင်းမြို့၌ အလှူရှင်များ၏ စုပေါင်းလှူဒါန်းငွေဖြင့် ဝယ်ယူထားသည့် အောက်ဆီဂျင်စက်နှင့် ဆက်စပ်ပစ္စည်းများ တပ်ဆင်ပြီးစီး၍ အောက်ဆီဂျင်အခမဲ့ထုတ်ယူနိုင်ပြီ

**မိုးညှင်း စက်တင်ဘာ ၂၀**

ကချင်ပြည်နယ် မိုးညှင်းမြို့၌ ဒေသခံပြည်သူများ၊ လုပ်ငန်းရှင်များ၊ စေတနာအလှူရှင်များနှင့် အခြားနယ်ဝေးမှ အလှူရှင်များ စုပေါင်းလှူဒါန်းငွေဖြင့် ဝယ်ယူထားသည့် အောက်ဆီဂျင်စက်နှင့် ဆက်စပ်ပစ္စည်းများ တပ်ဆင်ပြီးစီး၍ အောက်ဆီဂျင်ကို စက်တင်ဘာ ၁၈ ရက်မှ စတင်၍ အခမဲ့ထုတ်ယူနိုင်ပြီဖြစ်သည်။

အဆိုပါ အောက်ဆီဂျင်စက်နှင့် ဆက်စပ်ပစ္စည်းများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ် ကုသရေး လုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် မိုးညှင်းမြို့ အောင်သပြေရပ်ကွက်ရှိ လမ်းသွယ် (၃) နေရာ၌ အောက်ဆီဂျင်စက် ထားရှိနိုင်ရေး တည်ဆောက်ဆဲနေရာတွင် စက်တင်ဘာ ၁၇ ရက်က အောက်ဆီဂျင်စက်နှင့် ဆက်စပ်ပစ္စည်းများကို တပ်ဆင်ပြီးဖြစ်သည်။

အောက်ဆီဂျင် စက်ပစ္စည်း၏ တန်ဖိုးမှာ ငွေကျပ်သိန်းပေါင်း ၉၅၀ ခန့်ရှိပြီး လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုးကို တစ်နာရီ ငါးလုံးနှုန်းဖြင့် တစ်နေ့လျှင် အလုံးရေ ၆၀ ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ယင်းစက်ရုံ၌ မိုးညှင်းမြို့နယ်အပြင် မြို့နယ်နှင့် နီးစပ်သည့် အခြားဒေသများမှ အရေးပေါ်အောက်ဆီဂျင် လိုအပ်သည့် ပြည်သူများအတွက် အောက်ဆီဂျင် လုံလောက်စွာ ရရှိနိုင်ရေးအတွက် စက်လည်ပတ်နေစဉ်အတွင်း အရေးပေါ် အောက်ဆီဂျင် လိုအပ်သူများအနေဖြင့် အချိန်မရွေး အခမဲ့ လာရောက်လေဖြည့်သွင်းနိုင်ပြီဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**





## ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် စေတနာရှင် အလှူရှင်များက ကျန်းမာရေး အထောက်အကူပြုပစ္စည်းများ လာရောက်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၂၀**

ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် စေတနာရှင် အလှူရှင်များက ကျန်းမာရေး အထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ၊ အောက်ဆီဂျင်အိုးများနှင့် အလှူငွေများ လာရောက်လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ကချင်ပြည်နယ်အတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ယနေ့တွင် စေတနာရှင် အလှူရှင်များဖြစ်သည့် မူဆယ်မြို့ ရွှေလျှက်ကုမ္ပဏီနှင့် ရွှေလီမြို့ ဟုန်ဖွာကုမ္ပဏီတို့မှ Oxygen Concentrator ၁၀ လုံး၊ PPE ဝတ်စုံ အစုံ ၅၀၀နှင့် Surgical Mask အခု၃၀၀၀၀၀တို့ကို ပြည်နယ်အစိုးရအဖွဲ့ရုံး ဆမားဒူဝါဆင်ဝါးနော်ခန်းမ၌ လာရောက်လှူဒါန်းကြရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် မြတ်သက်ဦးတို့က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**သတင်းစဉ်**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက် ထိုးနှံ

**နေပြည်တော် စက်တင်ဘာ ၂၀**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်လျက်ရှိရာ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက် ၅၅နှစ်အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများနှင့် ယာယီတိုက်ပွဲရှောင် စခန်းများရှိ ပြည်သူများ စသည့် ဦးတည်အုပ်စု ၁၆ စု သတ်မှတ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို နေ့စဉ် ထိုးနှံပေးလျက်ရှိသည်။ ယနေ့တွင်လည်း ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ မြို့နယ် လေးမြို့နယ်၌ ၂၃၈၉ ဦး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အတွင်းရှိ မြို့နယ် ငါးမြို့နယ်၌ ၂၆၇၄ ဦး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ် အတွင်းရှိ မြို့နယ် ၁၅ မြို့နယ်၌ ၃၅၃၈၆ ဦး၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်နှင့် ပလောက်မြို့နယ်တို့၌ ၁၈၀၀၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ငါးမြို့နယ်တို့၌ ၄၅၁၃ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၉ မြို့နယ်တို့၌ ၁၀၉၄၃ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ် အတွင်းရှိမြို့နယ် ၁၃ မြို့နယ်တို့၌ ၁၇၉၅၃ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်တို့၌ ၅၁၈ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့၌ ၉၈၉၄ ဦးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၁မြို့နယ်တို့၌ ၈၅၅၀ တို့ကို **(အပေါ်ပုံ)** တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဂျူဗင်တပ်စ်အသင်း အေစီမီလန်ကို သရေကျပြီးနောက် နိုင်ပွဲမရရှိသေး

အီတလီစီးရီးအေပွဲစဉ် (၄) အဖြစ် စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းက ဂျူဗင်တပ်စ်အသင်းနှင့် အေစီမီလန်အသင်းတို့ ပွဲစဉ်ကို ဂျူဗင်တပ်စ်အိမ်ကွင်း၌ အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်တစ်ဂိုးစီဖြင့် ပွဲပြီးဆုံးခဲ့သည်။ ဂျူဗင်တပ်စ်အသင်းအတွက် သွင်းဂိုးကို မိုရာတာက သွင်းယူပေးပြီး အေစီမီလန်အသင်းအတွက် သွင်းဂိုးကို ရီဘစ်က သွင်းယူပေးခဲ့သည်။



အေစီမီလန်အသင်းမှ ရီဘစ် ဂျူဗင်တပ်စ်အသင်းဘက်သို့ ချေပဂိုး သွင်းယူစဉ်။

ဂျူဗင်တပ်စ် အသင်းသည် ယခုနှစ်ရာသီ စီးရီးအေနိုင်ပွဲရရှိရန်အတွက် ယနေ့ပွဲစဉ်တွင် အားထားရသည့် ဆက်ဇီနီ၊ ဘိုနူချီ၊ ချီလီနီ၊ ဆန်ဒရို၊ ဒိုင်ဘာလာ၊ မိုရာတာတို့ဖြင့် ပွဲထွက်လာခဲ့သည်။ အေစီမီလန်အသင်းကလည်း ချန်ပီယံလိဂ်ပြိုင်ပွဲ၌ လီဗာပူးအသင်းအား ရှုံးနိမ့်မှုကို ချေဖျက်နိုင်ရန်အတွက် တိုနယ်လီ၊ ကက်ဆီ၊ ဒီယက်ဇ်၊ ရီဘစ်တို့ဖြင့် ဂျူဗင်တပ်စ်အသင်းကို ရင်ဆိုင်လာခဲ့သည်။ ယခုပွဲစဉ်တွင် အေစီမီလန်အသင်းမှ အဓိကကစားသမားများဖြစ်သည့် အီဗရာဟီမိုဗစ်၊ ဂျီရုဒ်နှင့် ကလာဘရီယာတို့ လွဲချော်ခဲ့သည်။

ဦးဆောင်ဂိုးကို ဂျူဗင်တပ်စ်အသင်းက ပွဲချိန် လေးမိနစ်တွင် စတင်ရရှိခဲ့ပြီး ဒိုင်ဘာလာ၏ ဖန်တီးမှုမှတစ်ဆင့် မိုရာတာက သွင်းယူပေးသည်။ ထို့နောက် အေစီမီလန်အသင်း ချေပဂိုးရရှိရေး ကြိုးစားလာသော်လည်း တိုက်စစ်ကစားသမားများ အဆုံးသတ် မသေချာမှု၊ ဂျူဗင်တပ်စ် ဂိုးသမား ဆက်ဇီနီကာကွယ်နိုင်မှုကြောင့် ပထမပိုင်းတွင် ဂျူဗင်တပ်စ် အသင်း၏ဦးဆောင်ခြင်းကို ခံခဲ့ရသည်။ အေစီမီလန်အသင်းသည် ဒုတိယပိုင်းတွင် ကစားကွက် အပြောင်းအလဲအဖြစ် ဖလော်ရန်ဇီ၊ ဘင်နာဆာတို့ကို ထည့်သွင်းအသုံးပြုခဲ့သည်။ ထို့နောက် အေစီမီလန်အသင်း ကစားအားတက်လာပြီး ချေပဂိုး ရရှိခဲ့သည်။ အဆိုပါ ချေပဂိုးကို ပွဲချိန် ၇၆ မိနစ်တွင် တိုနယ်လီ၏ ဖန်တီးမှုမှတစ်ဆင့် ရီဘစ်က သွင်းယူပေးနိုင်ခဲ့သည်။ အေစီမီလန်အသင်းသည် ယနေ့ပွဲစဉ်တွင် သရေကျခဲ့သောကြောင့် လေးပွဲကစားပြီး သုံးပွဲနိုင်၊ တစ်ပွဲ သရေကျကာ အင်တာမီလန်အသင်းနှင့် ရမှတ် ၁၀ မှတ်တူ ဂိုးကွာခြားချက်ဖြင့် ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။

ဂျူဗင်တပ်စ် အသင်းသည် အသင်းမှ အဓိက တိုက်စစ်ကစားသမား စီရော်နယ်ဒိုထွက်ခွာပြီးနောက်ပိုင်း အသင်းလိုက် စွမ်းဆောင်ရည် ကျဆင်းလာကာ နိုင်ပွဲရရှိရန် ရုန်းကန်နေရသည့် အသင်းဖြစ်သည်။ အဖွင့်ပွဲစဉ်တွင် အူဒီးနိစ် အသင်းကို တစ်ဖက်နှစ်ဂိုးစီ သရေကျပြီးနောက် ပွဲစဉ် (၂) တွင် အမ်ပိုလီကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ထားသလို ပွဲစဉ် (၃) တွင်လည်း နာပိုလီအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ထားသည်။ ထို့အပြင် ယခုပွဲစဉ်တွင်လည်း အေစီမီလန်အသင်းကို သရေကျခဲ့သည့်အတွက် စီးရီးအေလေးပွဲကစားပြီးချိန်တွင် နိုင်ပွဲမရရှိသေးဘဲ ရမှတ်နှစ်မှတ်ဖြင့် အမှတ်ပေးဇယား တန်းဆင်းဇုန်အတွင်း ကျရောက်နေသည်။ အဆိုပါ လေးပွဲတွင်း ရဂိုးက လေးဂိုးသာရှိပြီး ပေးဂိုးက ခြောက်ဂိုးအထိ ရှိနေသည့်အတွက် ယခုနှစ်ရာသီ ဂျူဗင်တပ်စ်အသင်း၏ ခံစစ်ပိုင်း၊ တိုက်စစ်ပိုင်းတွင် သိသိသာသာ အားနည်းနေသည်ကို တွေ့နိုင်သည်။ ထို့ကြောင့် နည်းပြအယ်လီဂရီအနေဖြင့် အသင်း၏လိုအပ်ချက်များကို လာမည့်ပွဲစဉ်မတိုင်မီ အချိန်မီ ပြုပြင်သွားနိုင်မလား စိတ်ဝင်စားဖွယ်ရာပင်။

ဂျူဗင်တပ်စ် အသင်းသည် လာမည့်ပွဲစဉ်အဖြစ် စက်တင်ဘာ ၂၂ ရက်တွင် စပီဇီယာအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ပြိုင်ဘက် အေစီမီလန်အသင်းက စက်တင်ဘာ ၂၃ ရက်တွင် ဗင်နီဇီယာအသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ **အောင်ဇော်**

○ *ကျောဖုံးမှ*

ခြေစစ်ပွဲကစားရမည်ဖြစ်ကာ အနိုင်ရသည့်အသင်းမှာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ ၂၀၂၀ အာဆီယံ ဆူဇူကီးဖလားပြိုင်ပွဲ နောက်ဆုံးအဆင့်တွင် မြန်မာအသင်းအပါအဝင် လက်ရှိချန်ပီယံ ဗီယက်နမ်၊ အအောင်မြင်ဆုံးအသင်းဖြစ်သည့် ထိုင်း၊ စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယားနှင့် လာအိုအသင်းတို့ တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရထားပြီး တီမောနှင့် ဘရူနိုင်းအသင်းတို့မှာ ခြေစစ်ပွဲကစား ရမည်ဖြစ်သည်။ ယနေ့ပြုလုပ်မည့် အုပ်စုမဲခွဲပွဲတွင် ခြေစစ်ပွဲကစားမည့်ရက်များကို ထုတ်ပြန်မည်ဖြစ်ပြီး နောက်ဆုံးအဆင့် အုပ်စုမဲခွဲရန်အတွက် ဆီဒင်သတ်မှတ်ရာတွင် မြန်မာအသင်းသည် POT-2 တွင် ကျရောက်နေသည်။ ပြိုင်ပွဲကို ယခုနှစ် ဒီဇင်ဘာ ၅ ရက်မှ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အရှေ့တောင်အာရှဒေသတွင်း အဆင့်မြင့်ဆုံးပြိုင်ပွဲလည်း ဖြစ်သည်။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ၂၀၂၀ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲကို ယခုနှစ်ကုန်ပိုင်းမှ ပြန်လည်ကျင်းပနိုင်မည်ဖြစ်သလို အုပ်စုမဲခွဲပွဲကို ယခင်သတ်မှတ်ထားသည့် ဩဂုတ် ၁၀ ရက်တွင် ပြုလုပ်နိုင်ခြင်းမရှိဘဲ ယနေ့မှသာ ပြုလုပ်နိုင်ခြင်းဖြစ်သည်။

၂၀၂၀ အာဆီယံဆူဇူကီး ဖလားပြိုင်ပွဲအုပ်စုမဲခွဲပွဲကို စက်တင်ဘာ ၂၁ ရက် (ယနေ့) မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတွင် ပြုလုပ်မည်ဖြစ်ပြီး အရှေ့တောင်အာရှနိုင်ငံများရှိ ဘောလုံးအဖွဲ့ချုပ်များမှ တာဝန်ရှိသူများမှာ အွန်လိုင်းမှတစ်ဆင့် တက်ရောက်မည်ဖြစ်သည်။

**ရဲရင့်လွင်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၁-၉-၂၀၂၁ အင်္ဂါနေ့

### MRTV HD

| | | | |
|---|---|---|---|
| ၀၆:၀၀ | မေတ္တာသုတ်၊ ရတနသုတ်၊ မောရှုံသုတ် အန္တရာယ်ကင်းပရိတ်တရားတော် | ၁၇:၄၀ | ပလပ်စတစ်ညစ်ညမ်းမှု |
| ၀၇:၀၀ | နံနက်ခင်းသတင်း | ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၀၉:၄၅ | ကျန်းမာရေးစနစ်ကိုပြောင်းပြောင်းလဲနေသော ဒယ်လ်တာဗီဇပြောင်းမျိုးစိတ်အန္တရာယ် | ၁၈:၃၀ | သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ |
| ၁၀:၀၀ | သတင်းထဲကသတင်း | ၁၉:၂၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'ပြောင်းလဲနိုင်သော အချိန်စက်ဝန်း' (အပိုင်း-၂) |
| ၁၁:၃၅ | ရုပ်မြင်သံကြားဇာတ်လမ်း 'တစ်နေ့မှာ' | ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၁၃:၃၀ | MRTV National News | ၂၁:၀၀ | သံစဉ်ချိုမြ မြန်မာတေးအလှ |
| ၁၅:၀၀ | Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ 'သမိုင်းဘာသာရပ်' | ၂၁:၂၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'မတူညီသောမေတ္တာများ' (အပိုင်း-၃) |
| ၁၆:၃၅ | ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်းသိကောင်းစရာ | ၂၂:၁၀ | ရုပ်မြင်သံကြားဇာတ်လမ်း 'ကျေးရွာရှင်' |
| ၁၇:၀၅ | ဒေသတစ်ခုထုတ်ကုန်တစ်မျိုး | | |

### mitv

| | |
|---|---|
| 07:01 | News |
| 07:27 | Evergreen Classic: An Da Yel Kin (Htar) |
| 07:35 | Travelogue: "Anyar Myay" or Upcountry (Part-3) |
| 07:51 | Orchid Lover |
| 08:01 | Talk & Discussion: All about Weight Loss |
| 08:43 | Myanmar Betels |
| 09:01 | ALMS BOWL |
| 09:20 | Scented Buddha Images |
| 09:26 | Dances of Myanmar "Muun Traditional Dance" |
| 09:31 | Myanmar Marionette |
| 10:01 | Myanmar Masterclass: Impressionism |
| 10:07 | On the River |
| 10:29 | Manuha Temple Festivities |
| 11:30 | A Day Life Of Kayan Padaung Triber |

### MRTV NRC

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ထဲက ချစ်စရာကယားရိုးရာအိမ်ကလေး

**ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀)**
တလေဒူးခုန်ခြင်း

**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
အင်းရဲကျွန်းဘဲမွေးမြူရေးလုပ်ငန်း

**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
စားလို့ကောင်းတဲ့သပြေသီးတာလပေါ်

**ချင်း (လိုင်ရိုး) (၁၁:၀၀ မှ ၁၂:၀၀)**
သင်မယ်၊ ရေးမယ် ဒို့ချင်းစာ (အပိုင်း-၂၈)

**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
ချင်းရိုးရာခေါင်

**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
ကျိုက္ကမီရေလယ်ဘုရားနှင့်စက်စဲကမ်းခြေသို့ အလည်တစ်ခေါက်

**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
အမှောင်ကမ္ဘာထဲမှ စွမ်းအားရှင်လေးများ

**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
မိုးနဲဒေသလွယ်လျန်းကျောင်းမှ သမိုင်းဝင်လက်ရာများ

**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
ဆန်တို့ဟူးစားကြရအောင်

**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
ဗိုင်ဝါးစကားပြောကြရအောင်

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ |
| ၁၀:၃၀ | ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၁) |
| ၁၁:၀၀ | ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို 'လောဘနဲ့ဒေါသ' |
| ၁၁:၃၀ | အတွေးအမြင် (အပိုင်း-၁) |

### MRTV SPORTS

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၃၀ | အခြေခံအားကစားနည်းစနစ်များ |
| ၀၇:၀၀ | Sports News |
| ၀၇:၃၀ | Soccer View/ Weekly Sports Info |
| ၀၇:၄၅ | အားကစားလောကထဲက သူတို့အကြောင်း |
| ၀၈:၀၀ | ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ |
| ၂၀:၀၀ | ပြည်တွင်းသတင်း |

SCAN ME
MRTV Farmers' Channel MRTV FARMERS ကို နေ့စဉ် နံနက် (၆:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ Education Channel ကို စနေ၊ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀) နာရီမှ ညနေ (၆:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၀**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများကို ရေကြောင်း၊ လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိသည်။ စက်တင်ဘာ ၂၀ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကုမ္ပဏီ သုံးခုမှ Zinc Tablets ၁၄၆ ခု၊ Paracetamol Tablets ၃၈၃၂ ခု၊ Benzyl Benzoate Lotion ၁၁၅၀၊ Phytomenadi အခု ၆၀၊ Vitamin–C Tablets ၇၀၇၄ ခု၊ Vitamin–C + Zinc Tablets ၅၀၄၄ ခု၊ Amero Powder For Injection အခု ၁၅၀၀၀၊ Faceshield အခု ၁၇၀၀၀၊ Thermometer ၁၂၇၇ ခု၊ Mask အခု ၈၅၀၊ Gloves ၃၂၂ ခု၊ PPE သုံးခု၊ Oxygen Supply ၄၇၆ ခု၊ Flow Splitter For Oxygen Concentrator ၃၄ ခု၊ Pulse Oximeter ၁၇ ခု၊ Iehk 2017, Kit, Basic Unit ၄၂ ခု၊ ရန်ကုန်ဆိပ်ကမ်းများမှ Oxygen Plant အခု ၅၀၊ Oxygen Flow Meter အခု ၂၄၀၀၊ Oxygen Cylinder ၆၈၇ ခု၊ Oxygen Concentrator အခု ၁၈၀ နှင့် ဆေးဝါးမျိုးစုံ ၃၅ မျိုး (၂၆၃၃၃၃ ဒသမ ၅၉)Kg၊ နယ်စပ်(မူဆယ်၊ မြဝတီ၊ ချင်းရွှေဟော်)တွင် ကုမ္ပဏီ ၁၈ ခုတို့မှ Oxygen Cylinder အခု ၃၁၈၀၊ Mask ၂၅၂၀၀ Kg၊ Liquid Oxygen ၁၅၀၆၂ $m^3$၊ Flow Meter/Regulator အခု ၅၆၀၊ PPE ၁၉၆၈ ခု၊ Oxygen Plant ငါးခု၊ Liquid Stroge Container တစ်ခု၊ Oxygen Colling Tower တစ်ခု၊ Liquid Gas Conversion တစ်ခု၊ Oxygen Booster တစ်ခု၊ Supercharger For Oxygen Plant တစ်ခု၊ Sodium Chloride Injection ၆၀၇၂၀ Kg၊ Trolley အခု ၁၂၀ တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် စက်တင်ဘာ ၂၀ – တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၀ – ၉ – ၂၀၂၁

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၈၅၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၇၄၃၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၈၅၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၇၄၁၂၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၂၀၀/၁၂၁၀ ကျပ် | ၁၂၀၅/၁၂၃၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၂၀၅/၁၂၂၀ ကျပ် | ၁၂၂၀/၁၂၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၂၀၅/၁၂၁၅ ကျပ် | ၁၂၄၅/၁၂၆၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၂၂၀ /၁၂၅၅ ကျပ် | ၁၃၂၀/၁၃၄၀ ကျပ် |

(၃၆၀ ဒီဂရီ စက်သုံးဆီအရောင်းဆိုင်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၄၇ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၂၉၃ . ၃ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၂ . ၄၆၆ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၉၆ . ၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၁၇ . ၄၁ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၀ . ၆၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၇၃၂ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၉၀၀၀ | ၁၂၃ | ၁၀၉၇၇၀၀ |
| MTSH | ၃၁၀၀ | ၃၁၀၀ | ၄၈၀၇ | ၁၄၉၀၁၇၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၂၀၀၀၀ | ၂၀၀၀၀ | ၆၀၀ | ၁၂၀၀၀၀၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၁၀ | ၅၀၀၀၀ |

ညီညီ – စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် – အောင်နိုင်ဦး
ခေတ္တစာတည်းမှူး – မြင့်စိုး
သတင်းထောက်မှူး – ခင်ရတနာ
စာတည်းများ – ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း – ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ – ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ – နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် – တင်စိုး
သုတေသန – အိအိခင်နှင့် အဖွဲ့
စာပြင် – အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း – ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း – သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် – (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် – (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်–စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# " အိမ်မှာနေချင်တာပေါ့ အဖေ "

## မြင့်ထွေး(ဟိုတယ်/ခရီး)

**နေကမမြင့်သေး။ နံနက် ၈နာရီခန့် ရှိလောက်ပြီ။ နံနက်ငါးနာရီခွဲခန့်မှစပြီး တစ်တိုက်ဝင် တစ်တိုက်ထွက်ဖြင့်တိုက်ပေါင်း ၅၀ ကျော် ဖြတ်သန်းလာခဲ့ခြင်းကြောင့် မောလာ၍ တိုက်တစ်တိုက်၏ ဆင်ဝင်တိုင်နှင့် စက်ဘီးကို မှီရပ်ပြီး ခဏအမောဖြေနေမိသည်။ အမောပြေလျှင် "ပဲပြုတ်၊ အီကြာကွေး" ဟုအော်မည်။ ခဏစောင့်မည်။ ဒုတိယအကြိမ် "ပဲပြုတ်၊ အီကြာကွေး" ဟု ထပ်အော်မည်။ ခဏစောင့်မည်။ အော်လို့မှ တိုက်ခန်းများမှ ဝယ်ယူမည့် အသံမထွက်လာပါက ဘေးနားရှိ တိုက်သို့ ဆက်သွားမည်။ ထိုမှတစ်ဆင့် အခြားတိုက်များသို့ သွားရောက်ကာ တိုက်ခန်းနေဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ ကြားအောင်အော်မည်။ ခဏစောင့်မည်။ အော်မည်။ ထို့နောက် တစ်လမ်းပြီး တစ်လမ်း၊ တစ်တိုက်ပြီးတစ်တိုက်။ ဒါကအေးချမ်း၏ နိစ္စဓူဝအလုပ်ဖြစ်သည်။**

**အေးချမ်း** နာမည်ကတော့ အေးချမ်းလှသည်။ ဘဝက မအေးချမ်း။ ပညတ်သွားရာ ခတ်သက်ပါသည့် သဘောတရားက အေးချမ်းတို့ မိသားစုနှင့် ပြဒါးတစ်လမ်းသံတစ်လမ်း။ အေးချမ်းတို့ မိသားစုက မကွေးဇာတိဖြစ်သည်။ နေပြည်တော်တွင် အလုပ်အကိုင်ကောင်းသည်ဟုကြား၍ မကွေးမှ နေပြည်တော်သို့ မိသားစုအကုန်လုံးပြောင်းလာပြီး အဖေက ဆိုင်ကယ်ကယ်ရီ မောင်းသည်။ အမေက ဆောက်လုပ်ရေးလုပ်ငန်းထဲတွင် ပန်းရန်အကူလုပ်သည်။ အေးချမ်းအသက် ၁၀ နှစ်အရွယ် ငါးတန်းတက်နေချိန်တွင် အဖေယာဉ်တိုက်ခံရပြီး ဆုံးပါးခဲ့သည်။ အဖေဆုံးပါးချိန်တွင် အေးချမ်းအမေနှင့် အစ်မတစ်ယောက်၊ ညီမတစ်ယောက် ကျန်ခဲ့သည်။ ဆင်းရဲလှသော အေးချမ်းတို့ မိသားစုဘဝပိုင်ဆိုင်မှုဆို၍ ဧကသုံးထောင်ဝန်ထမ်းတိုက်ခန်းအနီးတောထဲက တဲလေးတစ်လုံးသာ ရှိသည်။ အငယ်ဆုံးညီမလေးက ငါးနှစ်ရှိပြီဖြစ်သော်လည်း ကျောင်းမထားရသေး။ အေးချမ်းအစ်မကတော့ ငါးတန်းပြီးကတည်းက အိမ်အလုပ်ကိုကူရန် ကျောင်းထွက်လိုက်သည်။

အေးချမ်းအဖေရှိစဉ်က အဖေနှင့်အမေတို့၏ တစ်နေ့လုပ်ခလစာလေးဖြင့် မိသားစုချောင်ချောင်ချိစွာ စားသောက်ကြရသည်။ ငွေပိုငွေလျှံမရှိ။ ပညာနည်းခဲ့သော အေးချမ်းအဖေနှင့်အမေက မိသားစုထဲတွင် သားယောကျ်ားလေးတစ်ဦးသာပါလာသူ အေးချမ်းကို အားကိုးမျှော်လင့်သည် ထင်သည်။ ချို့တဲ့မှုကြားက ကျောင်းကို မဖြစ်မနေထားပေးသည်။ ပညာတတ်ဖြစ်စေချင်သည်ဟု အေးချမ်းအဖေ မကြာခဏ ပြောတတ်သည်။ အစိုးရရုံးစိုက်သော နေပြည်တော်တွင်နေကြ၍ အေးချမ်းကို အနည်းဆုံး ဘွဲ့လေးတစ်ခုရပြီး ရုံးတစ်ရုံးတွင် ဝင်လုပ်စေချင်သည်။ သူ့လို တစ်နေ့လုပ်၊ တစ်နေ့စား အလျဉ်မမီ လှသော ဆိုင်ကယ်ကယ်ရီသမားဘဝကို မရောက်စေလိုသော ဆန္ဒဖြစ်မည်။

> ❍ **အဖေနှင့်အမေက မိသားစုထဲတွင် သားယောကျ်ားလေးတစ်ဦးသာပါလာသူ အေးချမ်းကို အားကိုးမျှော်လင့်သည် ထင်သည်။ ချို့တဲ့မှုကြားက ကျောင်းကို မဖြစ်မနေထားပေးသည်။ ပညာတတ်ဖြစ်စေချင်သည်ဟု အေးချမ်းအဖေ မကြာခဏ ပြောတတ်သည်။ အစိုးရရုံးစိုက်သော နေပြည်တော်တွင် နေကြ၍ အေးချမ်းကို အနည်းဆုံး ဘွဲ့လေးတစ်ခုရပြီး ရုံးတစ်ရုံးတွင် ဝင်လုပ်စေချင်သည်။ သူ့လို တစ်နေ့လုပ်၊ တစ်နေ့စား အလျဉ်မမီ လှသော ဆိုင်ကယ်ကယ်ရီသမားဘဝကို မရောက်စေလိုသော ဆန္ဒဖြစ်မည်**

### အေးချမ်းဘဝ ပြောင်းလဲမှု

မမျှော်လင့်စွာ အေးချမ်းအဖေဆုံးသွားချိန်တွင် အေးချမ်းဘဝ ပြောင်းလဲမှု စခဲ့သည်။ အဖေ မရှိတော့သည့်နောက် အမေတစ်ဦးတည်း၏ ဝင်ငွေဖြင့် ကျန်မိသားစုလေးယောက်အတွက် အခက်အခဲဖြစ်လာသည်။ အေးချမ်းအဖေဆုံးပြီး သုံးလလောက်အထိ အမေ အလုပ် ပိုမိုကြိုးစားလုပ်ကိုင်သော်လည်း နေ့စားအလုပ်သမားတစ်ဦး၏ လုပ်ခက ဖခင်ရှိစဉ်ကလို မည်သို့မျှ မထိန်းနိုင်ခဲ့။ သို့အတွက် အေးချမ်း နံနက်ကျောင်းမတက်မီ အီကြာကွေးကို ဈေးအနီး လက်ဖက်ရည်ဆိုင်ကယူ၍ ဝန်ထမ်းတိုက်များသို့ လိုက်လံရောင်းချမည်။ အစ်မက အဒေါ်ဖြစ်သူထံက ပဲပြုတ်ပြုတ်နည်းကို သင်ယူ၍ ပြုတ်ပေးမည်။ အီကြာကွေးဆိုင်နှင့်လည်း ကြိုတင်ညှိနှိုင်းထား၍ ဆိုင်ကတိုက်ခန်းများသို့ လှည့်လည်ရောင်းချရန် စက်ဘီးလည်း ထုတ်ပေးမည့်အစီအစဉ်ကို အမေနှင့် အစ်မတို့ကို တိုင်ပင်ကြည့်သည်။

ပထမတော့ အေးချမ်းအမေခွင့်မပြု။ တစ်ကြိမ်ပြောမရ၊ နှစ်ကြိမ်ပြောသဘောမတူ။ နောက်ဆုံး ငါးကြိမ်မြောက်တွင် အေးချမ်းကို အမေအလျှော့ပေးခဲ့ရသည်။ သည်အလုပ်က အိပ်ရာတော့ စောစောထရသည်။ မထလို့မဖြစ်။ ဧကတစ်ထောင်၊ နှစ်ထောင်၊ သုံးထောင်၊ လေးထောင်ရှိ ဝန်ထမ်းတိုက်ခန်းများကို တစ်လမ်းဝင် တစ်လမ်းထွက်၊ တစ်တိုက်ဝင် တစ်တိုက်ထွက် လိုက်၍ ရောင်းရသည်ဖြစ်၍ နံနက်ငါးနာရီအိပ်ရာထ မျက်နှာသစ်ပြီး အစ်မပြုတ်ပေးထားသော ပဲပြုတ်ကို ပလတ်စတစ်အိတ်ထဲ ထည့်ကာ တစ်ထုပ်စီတစ်ထုပ်စီ ခြင်းတောင်းထဲတွင်စုသည်။ ထို့နောက် စက်ဘီးစီးကာ လက်ဖက်ရည်ဆိုင်သို့သွားပြီး ပူပူနွေးနွေးကြော်ထားသော အီကြာကွေးများကို ဆိုင်ရှင်မှရေတွက်ကာ ပဲပြုတ်ခြင်းထဲသို့ ထည့်ပေးသည်။ သည်လိုနှင့် ပဲပြုတ်နှင့် အီကြာကွေး လှည့်လည်ရောင်းချခြင်းလုပ်ငန်းကို ငါးနာရီမခွဲခင်ခန့်က စတင်သည်။ တစ်မနက်တာအတွက် တိုက်ပေါင်းငါးဆယ်ကျော် အခန်းပေါင်း နှစ်ရာဝန်းကျင်သို့ မနားတမ်း လှည့်ပတ်ရောင်းပြီး လက်ဖက်ရည်ဆိုင်သို့ ပြန်ဝင်ကာ အီကြာကွေး ရောင်းချရငွေကို ယူသွားသော အရေအတွက်အတိုင်း အပ်နှံပြီးသည့်အခါ တစ်ခါတစ်ရံဆိုင်ရှင်က အီကြာကွေး ပေးလိုက်သည်လည်း ရှိသည်။ သည်လိုနှင့် နံနက် ၈ နာရီခန့်တွင် အိမ်ပြန်ရောက်ပြီး အမောပြေ ရေတစ်ခွက်သောက်ကာ တဲအနီးရှိ လျှိုပိတ်ဆည်တွင် ရေချိုးသည်။ ထို့နောက် အစ်မပြင်ထားသော နံနက်စာထမင်းကြမ်းနှင့် ပဲပြုတ်ကို အလျင်စလို စားပြီး ထမင်းချိုင့်ဆွဲကာ ကျောင်းအမီ စက်ဘီးနှင့်ပြေးရသည်။

### အေးချမ်း၏ဆန္ဒ

ခြောက်လခန့်ကြာတော့ လက်ဖက်ရည်ဆိုင်ပိုင်ရှင်က တရုတ်စက်ဘီးလေးတစ်စီးကို လစဉ်ဆပ်စနစ်ဖြင့် ကရုဏာသက်စွာ စီစဉ်ပေးသည်။ သို့နှင့် အေးချမ်းတစ်ယောက် ကိုယ်ပိုင်စက်ဘီးဖြင့် ပဲပြုတ်၊ အီကြာကွေးလိုက်လံရောင်းချရမှု တွင်ကျယ်လာသည်။ အေးချမ်း၏ရိုးသားမှု၊ မိသားစုအပေါ် ပြုစုစောင့်ရှောက်မှုက ရောင်ပြန်ဟပ်သည်ဟု ထင်သည်။ ပိုမိုအားပေးဝယ်ယူမှုကြောင့် အပိုဝင်ငွေလေးများ စုမိလာသည်။ သည်လိုနှင့် ကျောင်းဆင်းချိန် ညနေပိုင်းတွင် ပြောင်းဖူးပြုတ်ကို ကိုယ်တိုင်ချက်ပြုတ်ပြီး ရောင်းချလျှင် မိသားစုအတွက် ပိုပြီးအဆင်ပြေမည်ကို တွေးမိ၍ အေးချမ်းက အမေနှင့် အစ်မကို တိုင်ပင်သည်။ အမေက ပညာရေးထိခိုက်မည်စိုးသော်လည်း အေးချမ်း၏ဆန္ဒကို တားလို့မရမှန်းသိတော့ မတားတော့။

သို့နှင့်အေးချမ်းတစ်ယောက် နံနက်ပိုင်းတွင် ပဲပြုတ်၊ အီကြာကွေး ညနေပိုင်းတွင် ပြောင်းဖူးပြုတ် လှည့်လည်ရောင်းချဖြစ်လာသည် ။ ပြောင်းဖူးကိုတော့ အေးချမ်းကျောင်းတက်ချိန် နေ့လယ်ပိုင်း အစ်မက မြို့မဈေးတွင် ဝယ်ယူပြီးပြုတ်ထားသည်။ ညနေပိုင်း ကျောင်းဆင်းချိန်တွင် အေးချမ်း ပြောင်းဖူးပြုတ်ရောင်းရန် အသင့်ဖြစ်နေပြီ။

"တချို့တိုက်တွေက အလွန်ဆိုးတဲ့ခွေးတွေရှိတယ်။ စက်ဘီးသံကြားရင် ဝိုင်းဟောင် ဝိုင်းဆွဲကြတယ်။ ခွေးတွေဝိုင်းဆွဲလို့ စက်ဘီးနင်းပြေးရတယ်။ တစ်ခါတလေ စက်ဘီးလဲပြီး ပဲပြုတ်၊ အီကြာကွေးတွေ ဆုံးရှုံးရတာတွေလည်း ရှိတယ်။ နောက်တော့ဒီခွေးတွေကို ထန်းလျက်ခဲ အသုံးပြုပြီး အပေါင်းအသင်းပြုရတယ်။ အခုဆိုကျွန်တော်လာရင် ဒီခွေးတွေ မဟောင်တော့ဘူး။ ဝိုင်းလည်း မဆွဲတော့ဘူး" ဟု ပြောပြသည်။

### အလုပ်ပိုမိုလုပ်ဖို့ဆုံးဖြတ်

ယခု အေးချမ်းတစ်ယောက် ခုနစ်တန်းနှင့် အငယ်ဆုံးညီမလေးက သူငယ်တန်းတက်နေပြီ။ သည်နှစ် နွေရာသီကျောင်းများ ပိတ်ချိန်တွင် အေးချမ်းတစ်ယောက် အလုပ်ပိုမိုလုပ်ဖို့ ဆုံးဖြတ်ထားသည်။ အမေဖြစ်သူက နေပူမရှောင်၊ မိုးရွာမရှောင် ပင်ပန်းခဲ့မှုကြောင့် မကြာခဏ ဖျားလာပြီး နာတာရှည်လို ဖြစ်လာသည်။ အမေ အလုပ်မဆင်းနိုင်လျှင် လုပ်ခမရရှိသဖြင့် စားဝတ်နေရေး ပိုကျပ်တည်းလာသည်။ နောက်ဆုံး အေးချမ်းအမေ အလုပ်က နားလိုက်ရသည်။ သည်ကြားထဲ တောထဲနေသော တဲအိမ်လေးများ ဖျက်သိမ်းမည်သတင်းက ထွက်လာလို့ ဘယ်ပြေးရမှန်းမသိ။

ဒီအချိန် အေးချမ်းအဖေ့ကို ပိုသတိရသည်။ အဖေသာရှိလျှင် ဆိုသည့်အတွေးတွေက မကြာခဏ ဝင်လာသည်။ လွန်ခဲ့သောနှစ်နှစ် အဖေမရှိစဉ်ကတည်းက ကြုံကြုံခံရုန်းကန်ခဲ့သော အခြေအနေများနှင့် အမေနေမကောင်းချိန်တွင် ယခုလို တောထဲနေ၊ ကြုံရာကျပန်း အလုပ်လုပ် စားနေရသော အေးချမ်းတို့လို ဘဝတူမိသားစုတွေ နေထိုင်ရာ တဲအိမ်များ ဖျက်သိမ်းရမည့် အခြေအနေဖြစ်ပေါ်ပါက မည်သို့ဆောင်ရွက်ရမည်ကို မစဉ်းစားတတ်။ အဖေရှိစဉ်က သုံးခါလောက် ပြောင်းရွှေ့ရဖူးသည်။ အဖေရှိရင် အဖေဦးဆောင်ရာနောက်ကို လိုက်ဖို့သာပင်။

ကံကောင်းသည်ဟု ဆိုရမည်။ တဲအိမ်လေးများ ဖျက်သိမ်းရန် လတ်တလော မဖြစ်လာသေး၍ မူလရည်မှန်းထားသည့် ကျောင်းပိတ်ချိန် နံနက် ပဲပြုတ်၊ အီကြာကွေး၊ ည ပြောင်းဖူးပြုတ်ဖြင့် ဝန်ထမ်းတိုက်ခန်းများသို့ လှည့်လည်ရောင်းချကာ လာမည့် ကျောင်းဖွင့်ရာသီအတွက် လိုအပ်သော ကျောင်းစရိတ်ရသမျှကို စုရမည်။

ယခုရက်ပိုင်းအတွင်း အေးချမ်း၏ရောင်းအား သိပ်မကောင်း။ ယခင်က တစ်နေ့စာရင်းချုပ်ချိန်တွင် တစ်ခါတစ်ရံ ငါးထောင်ကျပ်၊ တစ်ခါတစ်ရံ လေးထောင်ကျပ်အထိ ကျန်သည်။ တစ်နေ့ထက်တစ်နေ့ ဝယ်ယူစားသုံးသူ နည်းလာ၍ ရောင်းအားကျဆင်းလာသည်။ အေးချမ်း၏ ဖောက်သည်များက နှာခေါင်းစည်းတပ်ဖို့၊ လက်အိတ်စွပ်ဖို့ ပြောသည်။ ဘာလို့လဲဟု အေးချမ်းက ပြန်လည်မေးမိသည်။ ဝယ်ယူစားသုံးသူများက ကိုရိုနာဗိုင်းရပ်စ်ရောဂါ တစ်ကမ္ဘာလုံးနီးပါး ကူးစက်ပြန့်ပွားနေကြောင်း၊ ရောဂါကာကွယ်ရေးအတွက် နေအိမ်တွင် နေထိုင်ဖို့

*စာမျက်နှာ ၂၁ သို့*



# သတ်မှတ်နေရာများ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးလျက်ရှိ

### သရက်

မကွေးတိုင်းဒေသကြီး သရက်မြို့ ရွှေသက်လွတ်ဘုရားဝင်းအတွင်းရှိ သာသနာ့ဗိမာန်တော်၊ တေဇခန်းမနှင့် ကျေးရွာအုပ်စုများတွင် ယနေ့နံနက်ပိုင်းက ကိုဗစ်- ၁၉ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

သရက်မြို့နယ်၌ ကိုဗစ်-၁၉ ကာကွယ်ဆေးအလုံးရေ ၁၉၀၀ လုံး ထပ်မံရရှိထားပြီး ဆေးတစ်လုံးလျှင် လူငါးဦး ထိုးနှံပေးနိုင်သည့်အတွက် လူဦးရေ ၉၅၀၀ ကို ကာကွယ်ဆေးများ ထိုးနှံပေးနိုင်မည်ဖြစ်ကြောင်း၊ စက်တင်ဘာ ၁၇ ရက်မှ ၁၉ ရက်အထိ မြို့နယ်အတွင်းမှ လူဦးရေ ၃၉၉၅ ဦးအား ပထမအကြိမ် ကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်ကြောင်းနှင့် ကျန်ရှိနေသူများအား ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**ဇော်ဝမ်းထွန်း(အောင်လံ)**

### ကံမ

ကံမမြို့နယ်၌ မြို့နယ်ကျန်းမာရေးဝန်ထမ်းများ ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စေတနာ့ဝန်ထမ်းများပူးပေါင်းပြီး သတ်မှတ်အုပ်စုအလိုက် ဦးစားပေးအစီအစဉ်အတိုင်း ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးထိုးနှံပေးကြောင်း သိရသည်။

ထိုသို့ထိုးနှံရာတွင် ယနေ့နံနက်ပိုင်းမှစတင်၍ မြို့နယ်သာသနာ့ဗိမာန်၊ နံကပ်ကျေးရွာမူလတန်းကျောင်း၊ အလယ်ကျေးရွာမူလတန်းကျောင်းနှင့် မြဝတီကျေးရွာ မူလတန်းကျောင်း ဆေးထိုးစုရပ် နေရာများတွင် အသက် ၅၅ နှစ်နှင့်အထက် ပြည်သူများ၊ မသန်စွမ်းသူများ၊ နာတာရှည်ရောဂါရှိသူများအား ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်- ၁၉ ကာကွယ်ဆေး စနစ်တကျထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

**ကျော်ဇေယျဝင်း(ကံမ)**

### ဂန့်ဂေါ

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့တွင် အသက် ၁၈ နှစ်နှင့် အထက်ပြည်သူများ၊ သံဃာတော်များကို ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေး ဆီနိုဖမ်းကို ဒုတိယအသုတ်၊ ပထမအကြိမ်အဖြစ် ယနေ့နံနက်ပိုင်းမှစ၍ ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာန မိုးလုံလေလုံအားကစားခန်းမ၌ စတင်ထိုးနှံပေးသည်။

ထိုသို့ ထိုးနှံပေးရာတွင် ကာကွယ်ဆေးထိုးရန် ကျန်ရှိသည့် ရဟန်းသံဃာတော်များ၊ အသက် ၁၈ နှစ်နှင့်အထက် ပြည်သူများအား နံနက် ၉ နာရီမှ ၁၂ နာရီအထိ၊ မွန်းလွဲ ၁ နာရီမှ ၃ နာရီအထိ ထိုးနှံပေးလျက်ရှိသည်။

ဂန့်ဂေါမြို့နယ်တွင် ကာကွယ်ဆေးတစ်ကြိမ်မှ မထိုးနှံရသေးသည့် ပြည်သူများအတွက် ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေးကို တစ်ရက်လျှင် ဝွေကျပ် ၂၅၀ နှုန်းဖြင့် စက်တင်ဘာ ၂၀ ရက်မှ ၂၃ ရက်အထိ လေးရက်တိုင် ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်မျိုးမင်း(ယော)**

### မိုးညှင်း

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်အတွင်း အသက် ၅၅ နှစ်နှင့်အထက် ပြည်သူများနှင့် ဦးတည်အုပ်စုများအား ဒုတိယအသုတ်အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအကြိမ် ထိုးနှံပေးခြင်းကို စက်တင်ဘာ ၁၈ ရက်မှစတင်ကာ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ ထိုးနှံပေးသည်။

ကာကွယ်ဆေးထိုးနှံရာတွင် သံဃာတော်/ သီလရှင်လေးပါး၊ အသက် ၅၅ နှစ်နှင့် အထက်ပြည်သူ ၄၅၈ ဦး၊ ဌာနဆိုင်ရာဝန်ထမ်း ၁၀ ဦး၊ မသန်စွမ်းသူသုံးဦး၊ ရွှေ့ပြောင်းလူအုပ်စုများနှင့် ယာယီစခန်းများမှ နှစ်ဦး၊ နာတာရှည်ရောဂါရှိသူ ၁၇ ဦးနှင့် စေတနာ့ဝန်ထမ်းတစ်ဦး စုစုပေါင်း ၄၉၅ ဦးစသည်တို့ကို ထိုးနှံပေးခဲ့ပြီး အဆိုပါ ကာကွယ်ဆေး ထိုးနှံပြီးသူများကို ဒုတိယအကြိမ်အနေဖြင့် အောက်တိုဘာ ၁၆ ရက်တွင် ဆက်လက်ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

**ဖွဲ့သူရအောင်(ပြန်/ဆက်)**

### ပေါင်းတည်

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ ကာကွယ်ဆေးမထိုးနှံရသေးသည့် ရဟန်းသံဃာတော်များ၊အသက် ၅၅ နှစ်နှင့်အထက်ရှိသူများ၊ မသန်စွမ်းသူများ၊ ကူးစက်ရောဂါမဟုတ်သည့် နာတာရှည်ရောဂါဖြစ်သူများအား ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းကို ယနေ့နံနက်ပိုင်းမှစတင်၍ သတ်မှတ်ထားသော ဆေးထိုးစုရပ်များ၌ ဆက်လက်ထိုးနှံပေးကြောင်း သိရသည်။

**ချစ်နှင်းသုန်(ပြန်/ဆက်)**

### ရသေ့တောင်

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်၌ အသက် ၅၅ နှစ်နှင့်အထက်ရှိသူများနှင့် ဦးစားပေးသတ်မှတ်အုပ်စုများတွင် ပါဝင်သည့် ဒေသခံပြည်သူများအား ကိုဗစ်- ၁၉ ကာကွယ်ဆေး ပထမအကြိမ် ထိုးနှံပေးခြင်းကို စက်တင်ဘာ ၁၉ ရက်မှစ၍ သတ်မှတ်စုရပ်များတွင် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ထိုးနှံပေးလျက်ရှိသည်။

အဆိုပါ မြို့နယ်အတွင်း သတ်မှတ်စုရပ်များဖြစ်သည့် မြို့မစုရပ်၊ စေတီပြင် CFSI စင်တာ၊ လောင်းချောင်း RHC၊ ကူတောင် အထကနှင့် ဘာထလေ အထကတို့တွင် အသက် ၅၅ နှစ်နှင့်အထက်ရှိသူများ၊ ရဟန်းသံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ မသန်စွမ်းသူများ၊ နာတာရှည်ရောဂါခံစားနေရသူများ၊ အစိုးရ၊ ပုဂ္ဂလိက ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ နိုင်ငံ့ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများ၊ ပုဂ္ဂလိကစက်ရုံအလုပ်ရုံဝန်ထမ်းများ၊ ကုန်စုံဆိုင်ဈေးသည်များ၊ ပုဂ္ဂလိကပို့ဆောင်ရေးဝန်ထမ်းများ စသည့် ဦးစားပေး သတ်မှတ်အုပ်စုများတွင် ပါဝင်သည့် ဒေသခံပြည်သူ ၁၆၄၂ ဦးတို့အား ထိုးနှံပေးခဲ့ပြီး ကျန်ရှိသူများကိုလည်း ဆက်လက်ထိုးနှံပေးလျက်ရှိသည်။

**အောင်စံထွန်း (ပြန်/ဆက်)**

### ချောင်းဦး

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့ အနော်ရထာခန်းမ၌ ယနေ့နံနက်ပိုင်းမှ စတင်ပြီး ညနေ ၃ နာရီအထိ ကာကွယ်ဆေးတစ်ကြိမ်မှ မထိုးရသေးသည့် သံဃာတော်များ၊ အသက် ၆၅ နှစ်နှင့် အထက် သက်ကြီးဘိုးဘွားများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အသက် ၅၅ နှစ်မှ ၆၄ နှစ်အတွင်း ပြည်သူများ၊ မသန်စွမ်းသူများ၊ ရွှေ့ပြောင်းလူအုပ်စုများနှင့် ယာယီစခန်းများ၊ နာတာရှည်နှင့် မကူးစက်နိုင်သောရောဂါရှိသူများအား ဆီနိုဖမ်း ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးကို ဒုတိယအသုတ် ပထမအကြိမ်အဖြစ် လူဦးရေ ၇၀၀ အား ဆက်လက်ထိုးနှံပေးကြောင်း သိရသည်။

ချောင်းဦးမြို့နယ်အတွက် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးကို ပထမအသုတ်လူဦးရေ ၄၅၀၀ အား ထိုးနှံပေးပြီးဖြစ်ကြောင်း၊ ဒုတိယအသုတ် ပထမအကြိမ် ထိုးနှံပေးရန်အတွက် ဆေးအလုံးရေ ၁၀၀၀၊ လူဦးရေ ၅၀၀၀ စာရရှိထားကြောင်း၊ စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းက စတင်ထိုးနှံပေးခဲ့ပြီး တတိယနေ့ဆေးထိုးပြီးချိန်အထိ ပြည်သူဦးရေ ၂၇၅၀ ကျော် ထိုးနှံပေးခဲ့ပြီးဖြစ်ကြောင်း မြို့နယ် ကိုဗစ်- ၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ သိရသည်။

**ဝင်းမြင့်အောင်(ပြန်/ဆက်)**

## ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်



### သုံးခွ

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ပုလဲကျေးရွာဘုန်းတော်ကြီးကျောင်းတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများ စက်တင်ဘာ ၁၉ ရက်က ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းပြုလုပ်ပေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် သုံးခွမြို့နယ်အတွင်းရှိ လူဦးရေ ၁၀၆ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပြီး ပန်းခင်းစီမံချက်နှင့် ပတ်သက်၍ လက်ကမ်းစာစောင်များဖြန့်ဝေခဲ့ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

### ကြာအင်းဆိပ်ကြီး

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီး မြို့နယ်လူဝင်မှုကြီးကြပ်ရေးရုံးမှ ခလယ်ကျေးရွာအုပ်စုနှင့် တံခွန်တိုင်ကျေးရွာအုပ်စုရှိ ဒေသခံတိုင်းရင်းသားပြည်သူများအား စက်တင်ဘာ ၁၈ ရက်မှ စက်တင်ဘာ ၁၉ ရက်အထိ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ကတ်များ ပြုလုပ်ပေးသည်။

ထိုသို့ ပန်းခင်းစီမံချက်ဖြင့် ပြုလုပ်ပေးခဲ့သည့် နိုင်ငံသားစိစစ်ရေးကတ် ၁၂၉ ကတ်အား တံခွန်ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း ကျောင်းခန်းမ၌ ဒေသခံတိုင်းရင်းသား ပြည်သူလက်ဝယ် အရောက်ပေးအပ်ကြောင်း သိရသည်။

**မျိုးမင်းဦး**

### ကျွန်းစု

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကျွန်းစုမြို့နယ်ရုံးမှ "ပန်းခင်းစီမံချက်"ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို စက်တင်ဘာ ၁၈ ရက်မှ ၁၉ ရက်အထိ ပရည်ကျွန်းကျေးရွာ၌ ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ပြုလုပ်ရာတွင် မြို့နယ်လဝက ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက အသက် ၁၀ နှစ်ပြည့် လေးဦး၊ အသက် ၁၈ နှစ်ပြည့် ၃၂ ဦး၊ လဲလှယ် ၁၀ ဦး၊ မိတ္တူ၁၂ဦး စုစုပေါင်း၅၈ ဦးအား ကွင်းဆင်းဆောင်ရွက်ပေးကြောင်း သိရသည်။

**စည်သူရအောင်(ကျွန်းစု)**

**လူမှုဘဝပြည့်စုံဖို့**
**နိုင်ငံသားကတ်ကိုင်ကြစို့**

---

*စာမျက်နှာ ၂၀ မှ*

ကြေညာထားကြောင်း ပြောပြသည်။ အီကြာကွေးတစ်ချောင်း ရောင်းရလျှင် ငါးဆယ်ကျပ်ရသောသူ့အတွက် နှာခေါင်းစည်းတစ်ခု ငါးရာကျပ်က လှောင်ရယ်နေသလို။ အေးချမ်းကတော့ ရောဂါသယ်ယူပို့ဆောင်သူ မဖြစ်လိုသော်လည်း နှာခေါင်းစည်းဝယ်တပ်ဖို့လည်း မတတ်နိုင်။ လက်အိတ်ဝယ်ဖို့လည်း မစွန့်စားနိုင်။ စားဝတ်နေရေးနှင့် ကျန်းမာရေးအကြား မဝေခွဲနိုင်။

သည်ရောဂါ မြန်မာပြည်ရောက်နေတာ အေးချမ်းမသိ။ အေးချမ်းသိသည်က လာမည့်ကျောင်းဖွင့်ချိန်တွင် ညီမလေးနှင့် သူ၏ ကျောင်းစရိတ်ကို အမေ၏ စုဘူးထဲမှ ထုတ်မသုံးရရေးဖြစ်သည်။ အေးချမ်းတို့လို တောထဲတွင် နေထိုင်နေသောသူများထဲသို့ ဒီကိုရိုနာဗိုင်းရပ်စ်ပိုးက ဘယ်က ဘယ်ပုံ ခုန်ပျံရောက်လာနိုင်မှာလဲဆိုတာ ဉာဏ်မမီ၍ တွေးမရ။ အိမ်ထဲမှာနေရလျှင် ကျောင်းစရိတ်စုဆောင်းနိုင်မည်မဟုတ်။

တစ်ခုကောင်းသည်က အစိုးရရုံးစိုက်သောမြို့ဖြစ်၍ တစ်ဝက်အလုပ်ဆင်း တစ်ဝက်အိမ်အလုပ်လုပ် ကာလနှင့်တိုး၍ တချို့နေ့လယ်ဘက် မှာယူသောအစားအစာ၊ ရေများကို ပို့ဆောင်ပေးခြင်းဖြင့်လည်း အပိုဝင်ငွေလေး ရလာသည်။ အိမ်အပြင်သို့ထွက်၍ စားစရာများ ထွက်ဝယ်မှုမရှိတော့သဖြင့် အေးချမ်း၏စက်ဘီးဖြင့် လှည့်လည်ရောင်းချသည့် လုပ်ငန်း၊ မှာယူသောပစ္စည်း အစားအစာများ ပို့ဆောင်ပေးသောလုပ်ငန်းမှာ ဝင်ငွေ အပိုလေးရလာသည်။ တချို့ကတော့မုန့်ဖိုးလေးတွေ ပေးတတ်သည်။ ပေးပေး မပေးပေး၊ ရရ မရရ အေးချမ်းကတော့ မငြီးမငြူ လုပ်ပေးသည်။

"ဒီအချိန် အိမ်မှာနေရမယ်လို့ ဆိုတဲ့အတိုင်း အိမ်မှာနေရင် ကျွန်တော်တို့မိသားစု စားစရိတ်၊ ညီမလေးနဲ့ ကျွန်တော့်ကျောင်းစရိတ်ကို ဘယ်သူကထောက်ပံ့ပေးမှာလဲ "။ ကျောင်းဖွင့်ရင် ကျွန်တော် ခုနစ်တန်းတက်ရမှာ။ ညီမလေးက နှစ်တန်းတက်ရမှာ။ ကျွန်တော် ဒီရောဂါကို ကြောက်လို့ဆိုပြီး အိမ်မှာ နေလို့မရဘူး။ အဖေရှိနေရင်တော့ အိမ်မှာနေမှာပေါ့"ဟုအေးချမ်းက ဆိုသည်။

နေလောင်ထားသော အသားအရေ၊ နွမ်းဖတ်သော အရောင်လွင့် အင်္ကျီဝတ်ဆင်လျက် စက်ဘီးတစ်စီးဖြင့် အချိန်မှန်နီးပါး ကြားရတတ်သော "ပဲပြုတ်၊အီကြာကွေး "၊ "ပြောင်းဖူးပြုတ်ပူပူလေး" အသံကတော့ တိုက်တစ်တိုက်နှင့် တစ်တိုက်ကြား လွှမ်းမိုးနေဦးမည်ဖြစ်သည်။

# မင်းလှမြို့၌ အခြေခံပညာကျောင်းဆောင်သစ်များဆောက်လုပ်

**အထက်မင်းလှ စက်တင်ဘာ ၂၀**

မကွေးတိုင်းဒေသကြီး မင်းလှမြို့၌ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် အခြေခံပညာကျောင်းဆောင်သစ်များ ဆောက်လုပ်လျက်ရှိသည်။

အဆိုပါ ကျောင်းဆောင်သစ်များမှာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုငွေလုံး ငွေရင်းရန်ပုံငွေဖြင့် ဆောက်လုပ်သည့်လုပ်ငန်းများဖြစ်ပြီး ညောင်ဝိုင်း (အ-ထ-က) အာစီစီနှစ်ထပ်ဆောင်၊ မြောက်မျှားကုန်း(အ-လ-က) အာစီစီနှစ်ထပ်ဆောင်၊ စစ္စနို့(အ-လ-က)၊ လယ်လှ (အ-လ-က) အာစီစီနှစ်ထပ်ဆောင်၊ လိန်ကြော(မူလွန်)ကျောင်း အာစီစီတစ်ထပ်ဆောင် မင်းဂံကျေးရွာ၊ တလုတ်ပင်ကိုင်းကျေးရွာ၊ ရွာသာယာကျေးရွာနှင့် ကျစ်ဖျားကျေးရွာတို့မှ (အ-မ-က) ကျောင်းများ၌ အာစီစီတစ်ထပ်ကျောင်းဆောင်သစ်များကို သက်ဆိုင်ရာကုမ္ပဏီများမှ တာဝန်ယူဆောက်လုပ်လျက်ရှိရာ ဆောင်ရွက်နေမှုအခြေအနေများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အရည်အသွေးစစ်ဆေးရေး ကော်မတီအဖွဲ့ဝင်များက ယမန်နေ့နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးစဉ် တာဝန်ယူဆောက်လုပ်နေသည့် ကုမ္ပဏီများအနေဖြင့် လုပ်ငန်းများသတ်မှတ်အရည်အသွေး ပြည့်မီရေး၊ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးနိုင်ရေး အလေးထားလိုက်နာ ဆောင်ရွက်ကြရန် မှာကြားကြောင်း သိရသည်။

**ဇာဇာ(အထက်မင်းလှ)**




# မိတ္ထီလာပညာရေးကောလိပ်မှ တက္ကသိုလ်အထိ လမ်းလယ်ကျွန်းနှင့် လမ်းမီးတိုင်များ စိုက်ထူ

မိတ္ထီလာ စက်တင်ဘာ ၂၀

**မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် မိတ္ထီလာ-ကျောက်ပန်းတောင်းသွား ကားလမ်း မိတ္ထီလာပညာရေးကောလိပ်မှ တက္ကသိုလ်အထိ လမ်းလယ်ကျွန်းနှင့် လမ်းမီးတိုင်များ စိုက်ထူခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး၍ စက်တင်ဘာ ၁၉ ရက်မှစတင်ပြီး လမ်းမီးတိုင်များမှ လျှပ်စစ်မီးထွန်းလင်းနေပြီဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ထံမှ သိရသည်။** (ယာပုံ)



မိတ္ထီလာမြို့ စည်ပင်သာယာရေးအဖွဲ့မှ မြို့သာယာလှပစေရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရန်အတွက် မိတ္ထီလာ-ကျောက်ပန်းတောင်းသွား ကားလမ်း မိတ္ထီလာပညာရေးကောလိပ်မှ တက္ကသိုလ်အထိ လမ်းလယ်ကျွန်းနှင့် လမ်းမီးတိုင် စိုက်ထူခြင်း လုပ်ငန်းများကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် စည်ပင်သာယာရေးအဖွဲ့ ဘတ်ဂျက်ဖြင့် စက်တင်ဘာ ၁ ရက်မှ စတင်၍ ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ရာတွင် မိတ္ထီလာပညာရေးကောလိပ်မှ မိတ္ထီလာတက္ကသိုလ် အနောက်ဘက်အပေါက်အထိ အရှည် ပေ ၂၀၊ အကျယ် နှစ်ပေ၊ အမြင့်တစ်ပေရှိ လမ်းလယ်ကျွန်း ၄၀၊ လမ်းမီးတိုင် ၂၀ နှင့် LED မီးသီး ထွန်းခြင်း လုပ်ငန်းများ ပြီးစီးနေပြီဖြစ်သည်။

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့သာယာလှပစေရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရေး တို့အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ဖြည့်စွက်ရန်ပုံငွေနှင့် ၂၀၁၉-၂၀၂၀ မူလရန်ပုံငွေတို့ဖြင့် လမ်းလယ်ကျွန်းမီးတိုင်များ စိုက်ထူခြင်းကို မြို့ပေါ် အချက်အချာကျသောနေရာများဖြစ်သည့် ရန်ကုန်-မန္တလေး လမ်းမကြီးအတိုင်း သာစည်လမ်းဆုံထိပ်မှ ရန်မျိုးအောင်လမ်းဆုံ၌ လည်းကောင်း၊ မိတ္ထီလာ-မြင်းခြံ လမ်းအတိုင်း ဝန်ဇင်းကန်ပေါင်နှင့် မိတ္ထီလာ-ကျောက်ပန်းတောင်းလမ်းပေါ်ရှိ စည်ပင်ရိပ်သာ အဝင်လမ်း စသည့်နေရာများကို လမ်းမီးတိုင်များ စိုက်ထူကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ကျပ်ငွေ ၁၁ သန်း အကုန်ကျခံ၍ တံတားဦးမြို့နယ် ကန်ကြီးရွာရေကန် ပြုပြင်

**တံတားဦး စက်တင်ဘာ ၂၀**

ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ် ကန်ကြီးကျေးရွာအုပ်စု ကန်ကြီး (နောက်) ကျေးရွာ၌ တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် မြေသားရေကန် ပြုပြင်တူးဖော်ခြင်းလုပ်ငန်းကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါရေကန်ပြုပြင်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ချောယဉ်စုနှင့် ဝန်ထမ်းများက ယနေ့နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးသည်။

ကန်ကြီး ကျေးရွာအုပ်စု ကန်ကြီး(နောက်) ကျေးရွာ မြေသားရေကန် အကျယ်မှာ အလျားပေ ၂၅၀၊ အနံပေ ၁၀၀ ၊ အနက်သုံးပေ ဖြစ်ကြောင်း၊ လုပ်ငန်းအားလုံးအတွက် တင်ဒါအောင်ကုမ္ပဏီမှ တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် ၁၁ ဒသမ ၀၆ သန်းဖြင့် တာဝန်ယူဆောင်ရွက်နေကြောင်း သိရသည်။

မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းပြီးစီးပါက ကျေးရွာသူ၊ ကျေးရွာသားများ သောက်သုံးရေဖူလုံစွာ ရရှိနိုင်မည် ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါကာလအတွင်း ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်သည့် လုပ်အားခများကို ကျေးရွာသူ၊ ကျေးရွာသားများအား ထောက်ပံ့ပေးကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည် ။ .

**ရဲတင့်(တံတားဦး)**





# မြို့သစ်မြို့နယ်၌ ဆဒ္ဒန်ဆည်ရေလှောင်တမံနှင့် စွန်ဆည်ရေလှောင်တမံ ရေပိုလွှဲမှ ရေကျော်ကျလျက်ရှိ

**မြို့သစ် စက်တင်ဘာ ၂၀**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်အတွင်းရှိ တောင်သူများ စိုက်ပျိုးရေးတွင် အသုံးပြုနေသည့် ဆဒ္ဒန်ဆည်ရေလှောင်တမံနှင့် စွန်ဆည်ရေလှောင်တမံတို့သည် ယနေ့နံနက်ပိုင်းတွင် ရေပြည့်အမှတ်ထက် ကျော်လွန်၍ ရေပိုလွှဲမှ ရေကျော်ကျလျက်ရှိကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာနမှ သိရသည်။

အဆိုပါ စွန်ဆည်ရေလှောင်တမံ၏ ရေပြည့်အမှတ်သည် ၆၂၅ ပေဖြစ်ပြီး လက်ရှိရေမှတ်မှာ ၆၂၅ ဒသမ ၁၀ ပေဖြစ်၍ ရေပြည့်အမှတ်ထက် သုည ဒသမ တစ်ပေခန့် ရေကျော်ကျလျက်ရှိကာ ဆဒ္ဒန်ဆည် ရေလှောင်တမံ၏ ရေပြည့်အမှတ်သည် ပေ ၅၆၀ ဒသမ ၅၀ ဖြစ်ပြီး လက်ရှိရေမှတ်မှာ ၅၆၁ ဒသမ ၃၀ ပေရှိသဖြင့် ရေပြည့်အမှတ်ထက် သုည ဒသမ ရှစ်ပေခန့် ရေကျော်ကျလျက်ရှိကြောင်း သိရသည်။

ဆည်များ၏ ရေပိုလွှဲမှ ရေကျော်ကျမှုကြောင့် ဆည်အောက်ပိုင်းရှိ ကျေးရွာနေပြည်သူများ ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် ဆည်အနီးအနားရှိ ကျေးရွာများတွင် အရေးပေါ်အခြေအနေ အဆင့်(၁)အဖြစ် အစိမ်းရောင်အလံ စိုက်ထူ၍ အသိပေး နှိုးဆော်ထားကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ဇော်ထက်ထံမှ သိရသည်။

**ဝင်းအိဇွန် (ပြန်/ဆက်)**

# ကျောက်ကြီးမြို့နယ်၌(၁၃၃)ကြိမ်မြောက်ရှင်ဥပဂုတ္တရဟန္တာမြတ်ဆွမ်းကြီးခံလှည့်လည်ပွဲနှင့်မီးမျှောပူဇော်ပွဲကျင်းပ

**ကျောက်ကြီး စက်တင်ဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်၌ (၁၃၃) ကြိမ်မြောက် ရှင်ဥပဂုတ္တရဟန္တာမြတ် ဆွမ်းကြီးခံ လှည့်လည်ပူဇော်၍ မီးမျှောပူဇော်ပွဲကို ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါမီးမျှောပူဇော်ပွဲအား ကျောက်ကြီးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပွဲတော် ကျင်းပရေးကော်မတီဝင်များက စက်တင်ဘာ ၁၇ ရက်မှ ၂၀ ရက်အထိ ကျောက်ကြီးမြို့ပေါ်နှင့် အနီး ပတ်ဝန်းကျင်ကျေးရွာများတွင် ရှင်ဥပဂုတ္တရဟန္တာ မြတ်အား လှည့်လည်ပူဇော်ကာ မြို့တွင်းရှိ ဘုန်းတော် ကြီးကျောင်းများမှ ဆရာတော် သံဃာတော်များက နံနက်ဆွမ်းကြီးခံကြွရာ လမ်းတစ်လျှောက်၌ ပရိတ်၊ ပဋ္ဌာန်းများ ရွတ်ဖတ်ပူဇော်ကြသည်။

ယင်းပွဲတော်ကို တောင်သူလယ်သမားများ၏ ထွန်တုံးပိတ် အမွှမ်းတင်သည့် ပွဲတော်ဖြစ်၍ ကျောက်ကြီးမြို့နယ်သူ မြို့နယ်သားများအတွက် အစဉ်အလာ ရိုးရာမပျက် သတ်မှတ်စည်းကမ်းချက် များနှင့်အညီ ကျင်းပပေးခြင်းဖြစ်ပြီး ယနေ့လပြည့် နေ့နံနက်ပိုင်း၌ ရှင်ဥပဂုတ္တရဟန္တာမြတ်ရုပ်ပွားတော် အား မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများမှ သံဃာတော်များက အနေကဇာတင်ခြင်း၊ ကျောက်ကြီး မြို့လယ်တံတားပေါ်၌ ရိုးရာထမင်းထုပ်များ ဖြန့်ဝေ ပေးခြင်းများ ပြုလုပ်ကြသည်။ ညပိုင်းတွင် မြို့ပေါ် ရပ်ကွက် ဓမ္မယောဂီများက ဓမ္မစကြာရွတ်ဖတ် ပူဇော်ကာ ကျောက်ကြီးမြို့လယ်ချောင်းအတွင်း မီးကြာခွက်များမျှော၍ ရှင်ဥပဂုတ္တရဟန္တာမြတ်အား ပူဇော်ပြီး ပွဲတော်ကို သတ်မှတ်စည်းကမ်းချက် များနှင့်အညီ ရုပ်သိမ်းမည်ဖြစ်ကြောင်း ပွဲတော် ကျင်းပရေး ကော်မတီဝင်များက ပြောကြား သည်။

မြို့နယ်(ပြန်/ဆက်)



# အလုံမြို့နယ်၌ ဆန်စပါးကုန်သည်များအသင်းမှ ဆန်၊ ဆီနှင့် ကြက်ဥများကို စျေးနှုန်းချိုသာစွာရောင်းချ

**ရန်ကုန် စက်တင်ဘာ ၂၀**

မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း၏ စီစဉ် မှုဖြင့် ဆန်၊ ဆီနှင့် ကြက်ဥများကို စက်တင်ဘာ ၂၀ ရက်က အလုံမြို့နယ် ဌာနာရပ်ကွက် နှင်းဆီလမ်းရှိ အလုံမြို့နယ်ခန်းမရှေ့၌ လာရောက်ရောင်းချ ကြောင်း သိရသည်။

ထိုသို့ရောင်းချပေးရာတွင် ဧည့်မထဆန် တစ် ပြည်လျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ငါးပြည်ဝင် အိတ် တစ်အိတ်လျှင် ငွေကျပ် ၅၀၀၀ ၊ ပေါ်ဆန်း တစ် ပြည်လျှင် ငွေကျပ် ၁၇၀၀ နှုန်းဖြင့် ငါးပြည့်ဝင်အိတ် တစ်အိတ်လျှင် ငွေကျပ်၈၅၀၀၊ ဆီ တစ်လီတာလျှင် ငွေကျပ် ၁၈၅၀ ၊ ကြက်ဥ ၁၀ လုံး ၁ကတ်လျှင် ငွေကျပ် ၁၁၀၀ စျေးနှုန်းဖြင့် ရောင်းချပေးကြောင်း သိရပြီး ရောင်းချရာသို့ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မြို့နယ်စည်ပင်မှ တာဝန်ရှိသူများက ပါဝင် ကူညီဆောင်ရွက်ပေးကြကြောင်း သိရ သည်။

**တင်မောင်ဦး (အလုံ)**



# ဇီးကုန်းမြို့နယ်၌ အိမ်ထောင်စု ၁၀၀ ကျော်ကို အခြေခံစားသောက်ကုန်များ လှူဒါန်း

**ဇီးကုန်း စက်တင်ဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်၌ ကိုဗစ်- ၁၉ ဖြစ်ပွားနေသည့် ကာလအတွင်း ပြည်သူများ စားသောက်ရေးအဆင်ပြေစေရန်အတွက် အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်၊ ဆီ၊ ဆား အပါအဝင် ပစ္စည်းရှစ်မျိုးကို ယနေ့နံနက်ပိုင်းက အမှတ်(၃) ရပ်ကွက်မိုဃ်းကောင်း ကျောင်းတိုက်၌ ပြည်သူများအား လှူဒါန်းသည်။

မိုဃ်းကောင်းကျောင်းတိုက် ဆရာတော် ဦးဉာဏသိဒ္ဓိ ဦးဆောင်၍ အလှူရှင် ဒေါ်နန်းမြင့်မြင့်ဦး မိသားစုက ကိုဗစ်- ၁၉ ဖြစ်ပွားနေသည့် ကာလအတွင်း ပြည်သူများ စားသောက်ရေး အဆင်ပြေစေရန်အတွက် အိမ်ထောင်စုတစ်စုလျှင် အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်၊ ဆီ၊ ဆား ၊ ကြက်သွန် အပါအဝင် ပစ္စည်းရှစ်မျိုးကို အမှတ်(၃)ရပ်ကွက်ရှိ အိမ်ထောင်စု ၁၀၈ စုအား ထောက်ပံ့လှူဒါန်းပေးကြောင်း သိရသည်။

တင့်ဆွေ(ပြန်/ဆက်)

## နွားထိုးကြီး၌ ဆီထွက်သီးနှံနေကြာကို သီးထပ်သီးညှပ်ဖြင့် ဧက ၁၈၀၀ စိုက်မည်

**နွားထိုးကြီး စက်တင်ဘာ ၂၀** မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ်တွင် ဆီဖူလုံရေးအတွက် နှမ်း၊ မြေပဲအပြင် ရေရာသေချာသော နေကြာကို သီးထပ်သီးညှပ်ဖြင့်ဧက ၁၈၀၀ လျာထားပြီး စိုက်ပျိုးနေရာ ၆၁၁ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဌာနမှ သိရသည်။ နေကြာကိုတစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်နေရာ ဧက ၁၈၀၀ ရည်မှန်းထားခြင်းဖြစ်ကြောင်း၊ နွားထိုးကြီး၌နှမ်း၊ မြေပဲ အဓိကဖြစ်နေ၍နေကြာကို သီးထပ်သီးညှပ်စိုက်နေကြောင်း၊ ဧကထောင်ချီ စိုက်ရန်ကြိုးစားနေကြောင်း မြို့နယ်စိုက်ပျိုးရေး မန်နေဂျာ ဒေါ်ခင်ထားနွယ်ထံမှသိရသည်။ မန္တလေးတိုင်းဒေသကြီးတွင် နေကြာ ဧက ၄၈၀၀၀ စိုက်ရန်လျာထားရာ ဧက ၃၃၀၀၀ ကျော် စိုက်ပျိုးနိုင်ပြီဖြစ်ကြောင်း သိရသည်။ **ဌေးမြင့်မောင်**

သက်ရှိလောက တည်မြဲဖို့
သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့

# တာမွေမြို့နယ်၌ ကိုဗစ်- ၁၉ ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီးသူ ၈၉၇၇ ဦးအထိရှိ

**ရန်ကုန် စက်တင်ဘာ ၂၀**

ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေ မြို့နယ်အတွင်း ကိုဗစ်- ၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို တားဆီးနိုင်စေရန် ရည်ရွယ်၍ ယနေ့နံနက်ပိုင်းက မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင် မှုဖြင့်မြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ဝန်ထမ်းများက မြို့နယ်အတွင်းရှိ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးရန် ကျန်ရှိနေသေးသည့်သူများအား လူတစ်ဦးလျှင် နှစ်ကြိမ်နှုန်းဖြင့် ဆီနိုဖမ်းအမျိုးအစား ကိုဗစ်-၁၉ ကာကွယ်ဆေးများကို တာမွေ မြို့နယ်ရှိ အမှတ်(၁) အခြေခံ ပညာအထက်တန်းကျောင်းနှင့် အမှတ်(၃) အခြေခံပညာအထက် တန်းကျောင်းတို့တွင် နှစ်နေရာ ခွဲ၍ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး လမ်းညွှန်ချက်များနှင့် အညီ ဆက်လက် ထိုးနှံပေးလျက်ရှိရာ မြို့နယ်အတွင်း ကိုဗစ်- ၁၉ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံ ပြီးသူ ၈၉၇၇ ဦးအထိ ရှိလာပြီ ဖြစ်ကြောင်း မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးလုပ်ငန်းကော်မတီမှ သိရသည်။

ထိုသို့ထိုးနှံပေးရာတွင် လူစု လူဝေး မဖြစ်ပေါ်စေရေးနှင့် လာရောက်ထိုးနှံသူများ အဆင် ပြေချောမွေ့စွာ ထိုးနှံနိုင်စေရေး အတွက် မြို့နယ် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးလုပ်ငန်း ကော်မတီဝင် များ၊ နယ်မြေခံတပ်မတော်သား များ၊ ယာဉ်ထိန်း တပ်ဖွဲ့ဝင်များ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများ၊ မြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင် များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ ဝင်များ၊ မြို့နယ်အတွင်းရှိ လူမှု ကူညီရေး ပရဟိတအသင်းဝင် များနှင့် ရပ်မိရပ်ဖများက ကိုယ်ပူချိန် တိုင်းတာပေးခြင်း၊ လက်ကို စနစ်တကျ ဆေးကြော စေခြင်းနှင့် တစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာမှ တန်းစီ စောင့်ဆိုင်းစေခြင်း အပါအဝင် လိုအပ်သည်များကို ဆောင်ရွက် ပေးကြသည်။



တာမွေ မြို့နယ်တွင် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများကို ၂၀၂၁ ခုနှစ် ဩဂုတ် ၂ ရက်မှ စတင် ထိုးနှံပေးလျက်ရှိပြီး စက်တင်ဘာ ၁၈ ရက်အထိ တာမွေမြို့နယ်အတွင်းရှိ အသက် ၆၅ နှစ်နှင့်အထက် အဘိုးအဘွား ၄၈၈၄ ဦးကိုလည်းကောင်း၊ အစိုးရ/ ပုဂ္ဂလိက ကျန်းမာရေး ဝန်ထမ်း ၁၃၅၇ ဦးကို လည်း ကောင်း၊ ပရဟိတအသင်းဝင် ၁၀၂၄ ဦးကိုလည်းကောင်း၊ ဘုန်းတော်ကြီးကျောင်း/ သီလ ရှင်ကျောင်းနှင့် ဘာသာရေး ကျောင်းများမှ ၃၆၂ ဦးကို လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်း ၁၁၀၈ ဦးကို လည်းကောင်း၊ နိုင်ငံ့ ဝန်ထမ်းမိသားစု ၂၀၉ ဦးကို လည်းကောင်း၊ ဟိုတယ်/ မိုတယ် နှင့် တည်းခိုခန်းများမှ ဝန်ထမ်း ၁၆ ဦးကိုလည်းကောင်း၊ ပုဂ္ဂလိက ပို့ဆောင်ရေးလုပ်ငန်းမှ ဝန်ထမ်း ၁၇ ဦးကိုလည်းကောင်း အကြိမ် ပြည့်ထိုးနှံပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယခုအခါ ကာကွယ်ဆေးထိုးရန် ကျန်ရှိနေသေးသည့်သူများအား စက်တင်ဘာ၂၀ ရက် မှ ၂၄ ရက် အထိ နေ့စဉ် နံနက် ၉ နာရီမှ မွန်းလွဲ ၂ နာရီအထိ ထိုးနှံပေး မည်ဖြစ်ကြောင်း မြို့နယ် ကိုဗစ်- ၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးလုပ်ငန်း ကော်မတီမှ သိရသည်။

**နိုင်လင်းအောင်(ပြန်/ဆက်)**

# စာဖတ်ခြင်းအလေ့အထ

သွယ်လင်းကို

**လူသားဘဝတစ်ခုရပ်တည်မှုမှာ မိမိပုံရိပ်ကောင်းဖို့အတွက် အခြေခံအကျဆုံး လုပ်ဆောင်ရမှာက စာများများဖတ်ဖို့ပါပဲ။ ယနေ့နိုင်ငံ့ရတနာ လူငယ်လူရွယ်များ အသိဉာဏ်ပညာ ပြည့်ဝရင့်ကျက်လာအောင် စာဖတ်ခြင်းအလေ့အထကို ပြုစုပျိုးထောင်ကြရမည်။ ကလေးသူငယ်အရွယ်၊ ကျောင်းသားကျောင်းသူ လူငယ်လူရွယ်၊ အရွယ်ရောက်ပြီးသူတွေ အားလုံးအားလုံးအတွက် စာများများဖတ်ဖို့ ဘာကြောင့် အရေးကြီးပါသလဲ။**



စာဖတ်ခြင်းသည် ပညာဗဟုသုတ တိုးပွားစေသည်သာမက စိတ်စေတနာကောင်းများကို နှိုးဆော်ပေးတတ်သော စိတ်အာဟာရကိုလည်း ပြည့်ဝစေသည်။ ဉာဏ်အမြော်အမြင်ကိုလည်း ကြီးမားစေသည်။ ရှေးလူကြီးသူမများ၏ အယူအဆ အကောင်းအဆိုးများ အတွေ့အကြုံကောင်းများကို အတုယူမှတ်သားရနိုင်သည်။

စာဖတ်ခြင်းဖြင့် မိမိအတွက် စိတ်ပိုင်းဆိုင်ရာ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်ခြင်းရလဒ်များကို ရရှိစေသည်။ ယင်းအကျိုးကျေးဇူးသည် ဘဝတစ်သက်တာအတွက် ဆုလာဘ်ပင်ဖြစ်ပါသည်။

စာမဖတ်သူ (သို့မဟုတ်) စာဖတ်အားနည်းတဲ့သူတွေဟာ မိမိကိုယ်မိမိယုံကြည်မှုမရှိ မိမိကိုယ်မိမိ စွမ်းဆောင်နိုင်မှု လုပ်ဆောင်နိုင်မှု အားနည်းတယ်လို့လည်း ထင်မြင်နေတတ်ပါတယ်။ မိမိနှင့် တစ်လောကလုံး ဆန့်ကျင်ဘက်ဖြစ်နေတယ်လို့လည်း ကြိမ်ဖန်များစွာ ခံစားတတ်ကြပါတယ်။

### စာဖတ်ခြင်းကို စိတ်မဝင်စားကြ

ဟိုးရှေးပဝေသဏီ အချိန်များစွာကတည်းက စာဖတ်ခြင်းအလေ့အထဆိုတာ ရှိပြီးသားပါ။ သို့သော်လည်း ခေတ်အချိန်ကာလများ ပြောင်းလဲသွားပြီးနောက် နည်းပညာများ တိုးတက်ဖွံ့ဖြိုးလာမှုနှင့်အတူ မိမိတို့နိုင်ငံမှာတော့ ကလေးသူငယ်အရွယ်၊ ကျောင်းသားကျောင်းသူ လူငယ်လူရွယ်နှင့် ဆယ်ကျော်သက်အရွယ်များဟာ စာဖတ်ဖို့အားနည်းလာပါတယ်။ စာအုပ်များကို မြတ်နိုးတန်ဖိုးထားမှု လျော့ပါးလာပြီး စာဖတ်ခြင်းကို စိတ်မဝင်စားကြတော့ပါ။ စမတ်ဖုန်းကဲ့သို့ နည်းပညာပစ္စည်းတွေပေါ်မှာသာ စွဲလမ်းလာကြပါတယ်။ ဖုန်းမျက်နှာပြင်များ၊ ကွန်ပျူတာမျက်နှာပြင်များ၏ ဆွဲဆောင်မှုနောက်ကို ပို၍ ပါသွားကြပါပြီ။ စာဖတ်ခြင်းကပေးတဲ့ အရသာကိုသိဖို့ ခဲယဉ်းသွားကြပါပြီ။ မိမိရဲ့ ကိုယ်ပိုင်အချိန်တချို့ကို စိတ်ဝင်စားစရာကောင်းတဲ့ စာအုပ်များမှတစ်ဆင့် သာယာချမ်းမြေ့မှု၊ ပျော်ရွှင်မှုများဆီကို သွားရောက်ဖို့ လုံးဝကို မကြိုးစားနိုင်ကြတော့ပါဘူး။

မိမိတို့ငယ်စဉ်ကာလအချိန်ကို ခေတ္တခဏ ပြန်သွားကြည့်ပါမည်။ ကျွန်မ ကျောင်းနေအရွယ်က ပြည်မြို့မှာ စာပေတိုက်နှစ်ခုရှိပါတယ်။ သုခစာပေနဲ့ အောင်နိုင်စာပေပါ။ ထွက်သမျှစာအုပ်တွေကို အချိန်နှင့်တစ်ပြေးညီ ဝယ်ယူလို့ရပါတယ်။ ဒီဆိုင်နှစ်ဆိုင်ကလည်း မျက်နှာချင်းဆိုင် ဖြစ်ပါတယ်။ ကိုယ်ဖတ်ချင်တဲ့စာအုပ် တစ်ဆိုင်မှာကုန်သွားပြီဆိုရင် ချက်ချင်းလမ်းကူးပြီး အမြန်နောက်တစ်ဆိုင်ကို သွားဝယ်ရတာပါပဲ။ မိမိတို့ ကလေးဘဝက ရွှေသွေးဂျာနယ်၊ တေဇရုပ်စုံ၊ မိုးသောက်ပန်းဂျာနယ်တွေဟာ တစိုက်မတ်မတ် ကြိုက်နှစ်သက်ခဲ့ရတဲ့ အပတ်စဉ်/လစဉ်ထုတ် စာစောင်တွေပါ။ နောက်ပိုင်းမှာ အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာနဲ့ ထုတ်ဝေပါတယ်။ ဒီစာစောင်တွေထွက်မယ့်ရက်ဆိုရင် စာသင်ခန်းထဲမှာ စာသင်ရင်းနဲ့ကို စိတ်ကရောက်လိုက်သေး။ အပတ်စဉ်ထွက်တဲ့ ရွှေသွေးဂျာနယ်ဆိုရင် လက်ထဲရောက်တာနဲ့ မောင်နှမနှစ်ယောက် လုဖတ်ရပါတယ်။ ဦးတဲ့သူက ရှေ့မျက်နှာဖုံးကစလို့ ဇိမ်နဲ့ဖတ်ရပြီးတော့ နောက်ကျတဲ့သူက အလယ်က တစ်ရွက်ရွက်ကိုသာ စဖတ်ရပါတယ်။ အဲဒီလောက်အထိကို လုယက်ပြီး စာဖတ်ဖို့ ပျော်မွေ့ခဲ့ကြတဲ့ ကလေးဘဝများကို ဖြတ်သန်းခဲ့ကြပါတယ်။ မိဘများဟာ ဝန်ထမ်းများဖြစ်တဲ့အတွက် အသုံးစရိတ်ချွေတာဖို့ လိုအပ်လာရင်တောင် ဖေဖေနဲ့မေမေဟာ ဘယ်သောအခါမှ အပတ်စဉ်/လစဉ်ထုတ် ဝယ်ပေးနေကျ စာစောင်/စာအုပ်ဝယ်ပေးဖို့ကိုတော့ မချွေတာစေခဲ့ပါဘူး။

### သူ့ထက်ငါအပြိုင်ရှိ

ကျွန်မတို့ အရွယ်ရောက်လာတာနဲ့အမျှ စာအုပ်များကို ရွေးဖတ်တတ်လာပါတယ်။ စာအုပ်ဆိုင်သွားပြီး စာအုပ်တွေကို လိုက်မြည်းကြည့်ပြီးမှဝယ်ရတာကို အလွန်ကြိုက်နှစ်သက်ပါတယ်။ တစ်ချိန်က တန်ဖိုးကြီးလို့ မဝယ်နိုင်ခဲ့ရတဲ့ စာအုပ်ကို အဟောင်းဆိုင်မှာပြန်တွေ့ပြီး အဟောင်းဈေးနဲ့ ဝယ်ခွင့်ရရင် အတိုင်းမသိပျော်ပါတယ်။ လမ်းဘေးစာအုပ်အဟောင်းဆိုင်ကနေ မိမိအကြိုက်စာအုပ်တွေကို ရှာဖွေဝယ်ရတာ အလွန်ကို အရသာရှိလှပါတယ်။ နောက် ရပ်ကွက်တွေထဲမှာ စာအုပ်ငှားဆိုင်တွေလည်း သူ့ထက်ငါ အပြိုင်ရှိပါတယ်။ ကျောင်းပိတ်ရက်ရှည် (သို့မဟုတ်) သောကြာနေ့ညလိုမျိုးမှာ စာအုပ်ငှားဆိုင်သွားခွင့်ရပါတယ်။ အလွန်ပျော်ပါတယ်။ ဆိုလိုချင်တာက တခြားအားလပ်ချိန် စိတ်အပန်းဖြေစရာ မရှိတဲ့အတွက်လည်း စာအုပ်စာစောင်တွေပေါ်မှာ ပိုလို့အာရုံထားနိုင်ခဲ့ကြပါတယ်။

ကျွန်မကိုယ်တိုင် မိခင်ဖြစ်လာတဲ့အချိန်မှာလည်း သားတို့ကို စာဖတ်ခြင်း အလေ့အထကောင်းမှာ ပျော်မွေ့ဖို့အတွက် အရွယ်နဲ့အညီ ပျိုးထောင်လာခဲ့ပါတယ်။ ဖုန်းပေးမကိုင်ဘဲ စည်းကမ်းထားနိုင်သေးပေမယ့်လည်း တီဗွီကိုတော့ အချိန်နဲ့ပေးကြည့်ရပါတယ်။ နောက်ပိုင်း ၁၄-၁၅ နှစ်အရွယ်ရောက်လာချိန်မှာတော့ ကွန်ပျူတာနဲ့ စမတ်ဖုန်းတွေစတဲ့ နည်းပညာပစ္စည်းတွေရဲ့ ဆွဲဆောင်မှုနောက်ကို အားသာသွားပြီး အားလပ်ချိန်မှာ စာသိပ်မဖတ်ချင်ကြတော့ပါ။ လူငယ်လူရွယ်တွေ စာဖတ်တာက ဟိုတုန်းကနဲ့စာရင် သိပ်ကိုနည်းသွားကြပြီ၊ ဘဝနေထိုင်မှုပုံစံတွေ ပြောင်းလဲလာကြလို့ပဲလို့ ပြောရမလား။

ကလေးသူငယ်အရွယ်၊ ကျောင်းသားကျောင်းသူ လူငယ်လူရွယ်၊ အရွယ်ရောက်ပြီး သူတွေ အားလုံး စာများများဖတ်ဖို့၊ စာဖတ်ခြင်းကို မြတ်နိုးတန်ဖိုးထား စေလိုပါတယ်။ နည်းပညာစွမ်းပကားကလည်း မိမိအတွက်လိုအပ်တဲ့အကြောင်းအရာ အသုံးဝင်တဲ့ အချက်အလက်တွေကို အလွယ်တကူ လက်လှမ်းမီတဲ့ အချိန်အခါဖြစ်နေပါပြီ။

> ❖ **ပုံနှိပ်စာအုပ်ကိုဖတ်သူများဟာ E-Book ဖြင့် ဖတ်သူများထက် အကြောင်းအရာကို ပိုမိုမှတ်မိစေတယ်လို့ အီတလီသုတေသန ပညာရှင်တစ်ဦးက ၂၀၁၄ ခုနှစ်ခန့်က သုတေသနတွေ့ရှိချက်မှာ ဖော်ပြထားပါတယ်။ ဒီထက်အစောပိုင်း လေ့လာသူများရဲ့ တွေ့ရှိချက်များမှာလည်း ပုံနှိပ်စာအုပ်ဖြင့် စာဖတ်သူတွေဟာ မိမိဖတ်နေတဲ့ အကြောင်းအရာပေါ်မှာ စီးဝင်မျောပါမှု၊ ဇာတ်လမ်းအကြောင်းအရာပေါ်မှာ စာနာနားလည်မှုတွေ ပိုမြင့်မားကြတယ်လို့ ရလဒ်ကို ဖော်ပြကြ**

### စာဖတ်နှုန်းတွေ လျော့ကျမသွား

တိုးတက်တဲ့ နိုင်ငံတွေမှာတော့ နည်းပညာတွေ ဘယ်လောက်ပဲ မြင့်လာပါစေ နည်းပညာတိုးတက်မြင့်မားလာတာနှင့်အမျှ စိတ်အပန်းဖြေစရာ နယ်ပယ်တွေ ကျယ်ပြန့်လာတာတွေကို အကြောင်းပြုလို့ စာဖတ်နှုန်းတွေ လျော့ကျမသွားပါဘူး။ ဒါကြောင့်လည်း သူတို့နိုင်ငံတွေမှာ အချိန်နဲ့အမျှ တိုးတက်မှုတွေက ဆက်ပြီး အရှိန်အဟုန်နဲ့ တိုးတက်နေတာ ဖြစ်ပါတယ်။ မိမိတို့နိုင်ငံမှာတော့ စာဖတ်ခြင်းအလေ့အထ တကယ့်ကို လျော့နည်းသွားပါတယ်။

နည်းပညာတိုးတက်လာမှုနှင့်အတူ ပြောင်းလဲလာတဲ့ ခေတ်စနစ်ကာလမှာ ကျွန်မတို့ရဲ့ ကောင်းမွေဆိုးမွေတွေကို ခံစားရမယ့် ကျောင်းသားအရွယ်လူငယ်တို့အတွက် အကောင်းအဆိုး ဒွန်တွဲနေတဲ့ လောကနိယာမတရားအောက်မှာ စာဖတ်ရာမှာလည်း စာအုပ်ဖြင့် စာဖတ်ခြင်းနှင့် E-book များကို ဖတ်ခြင်းမှာ ဘယ်လိုဖတ်ကြမလဲ။ ဘယ်နည်းလမ်းဖြင့် ဘယ်လိုချင့်ချိန်လို့ စာဖတ်ကြမလဲဆိုတာကိုလည်း တွေးဆစေချင်ပါတယ်။

ပုံနှိပ်စာအုပ်ကိုဖတ်သူများဟာ E-Book ဖြင့်ဖတ်သူများထက် အကြောင်းအရာကို ပိုမိုမှတ်မိစေတယ်လို့ အီတလီသုတေသန ပညာရှင်တစ်ဦးက ၂၀၁၄ ခုနှစ်ခန့်က သုတေသနတွေ့ရှိချက်မှာ ဖော်ပြထားပါတယ်။ ဒီထက်အစောပိုင်း လေ့လာသူများရဲ့ တွေ့ရှိချက်များမှာလည်း ပုံနှိပ်စာအုပ်ဖြင့် စာဖတ်သူတွေဟာ မိမိဖတ်နေတဲ့ အကြောင်းအရာပေါ်မှာ စီးဝင်မျောပါမှု၊ ဇာတ်လမ်းအကြောင်းအရာပေါ်မှာ စာနာနားလည်မှုတွေ ပိုမြင့်မားကြတယ်လို့ ရလဒ်ကိုဖော်ပြကြပါတယ်။ ယခုလတ်တလော သုတေသနပြုလုပ်ထားရှိမှုတွေမှာလည်း ဖုန်း၊ ကွန်ပျူတာမျက်နှာပြင်ပေါ်က စာဖတ်ခြင်းဟာ မိမိဖတ်နေတဲ့ အကြောင်းအရာပေါ်က စာဖတ်သူကိုပေးတဲ့ ရသခံစားမှုများ၊ မိမိဖတ်နေတဲ့ အကြောင်းအရာအပေါ် နားလည်မှု၊ အာရုံစုစည်းမှုတွေကို လျော့ပါးစေတယ်လို့ ဆိုထားပါတယ်။

ဒါကြောင့် ယနေ့ ဒစ်ဂျစ်တယ်ကမ္ဘာမှာကြီးပြင်းလာကြတဲ့ လူငယ်လူရွယ်တွေကို စာများများဖတ်ဖို့တိုက်တွန်းရာမှာ ကျောင်းသင်ခန်းစာများနှင့် ပတ်သက်လို့ စာဖတ်သည့်အခါ၌ လည်းကောင်း၊ သုတေသနအတွက် စာဖတ်သည့်အခါ၊ ခရီးသွားလာရင်း စာဖတ်သည့်အခါမျိုး၌ လည်းကောင်း၊ မိမိဘာစာအုပ်ဖတ်နေတယ်ဆိုတာကို မသိစေချင်၍သော်လည်းကောင်း ဒစ်ဂျစ်တယ်နည်းပညာပစ္စည်းများဖြင့် စာဖတ်ခြင်းမှာ အဆင်ပြေနိုင်သော်လည်း အားလပ်ချိန်စာဖတ်ခြင်း၊ အိပ်ရာဝင်စာဖတ်ခြင်း၊ ချစ်ခင်ရသူ သူငယ်ချင်းနှင့်အတူ ဖတ်တာမျိုးဆိုရင်တော့ ပုံနှိပ်စာအုပ်ကိုသာ မြဲမြဲဆုပ်ကိုင်လိုက်ပါလို့ အကြံပြုတိုက်တွန်းချင်ပါတယ်။

### စာဖတ်တဲ့သူကသာပိုပြီးရင့်ကျက်

အားလပ်ချိန်စာဖတ်ခြင်းဟာ နောက်ရောက်လာမည့် အနာဂတ်ဖြတ်သန်းရမည့် အချိန်များအတွက် စိတ်ခွန်အားဖြည့်ဆည်းခြင်းပါပဲ။ စာဖတ်နေတဲ့သူတစ်ယောက်ဟာ စာမဖတ်တဲ့ သူထက်တော့ အသိဉာဏ်ပညာတွေ ပိုပြီးမြင့်မားနေလိမ့်မယ်။ အသက်အရွယ်ချင်းတူရင် စာဖတ်တဲ့ သူကသာ ပိုပြီး ရင့်ကျက်နေပါလိမ့်မယ်။

စာဖတ်ခြင်းမှာ ပျော်မွေ့တဲ့သူတွေ ဖြစ်လာအောင် ငယ်စဉ်ကတည်းက ပြုစုပျိုးထောင်ပေးကြရပါမယ်။ မိဘတွေကလည်း မိမိတို့သားသမီးများကို နို့တိုက်အရွယ်မှစလို့ ကျောင်းနေအရွယ်အထိ ပုံပြင်စာအုပ်များ၊ ကလေးငယ်များ စိတ်ဝင်စားအောင် ရုပ်ပုံများဖြင့် ရေးသားထားသည့် ရာဇဝင်သမိုင်းကြောင်းများ၊ ကာတွန်းစာအုပ်များကို အတူတကွ ဖတ်ပြသည့် အလေ့အထ လုပ်ပေးရပါမယ်။ ဒီလို အလေ့အထသည် မိမိရင်သွေးအတွက် နွေးထွေးမှု၊ ပျော်ရွှင်မှုတို့ကို စာအုပ်များနှင့် တွဲဖက်တည်ဆောက်ပေးလိုက်ခြင်း ဖြစ်ပါတယ်။ ဒါဟာ မိမိရင်သွေးရတနာတွေကို အရွယ်ရောက်လာချိန်များအတွက် စာဖတ်ခြင်းကို နှစ်သက်ပျော်မွေ့နေမယ့် အလေ့အထကောင်းရဖို့ ပြုစုပျိုးထောင်ပေးလိုက်တာပဲ ဖြစ်ပါတယ်။

တစ်ပတ်ကိုအနည်းဆုံး ၄ နာရီခန့် စာဖတ်သူတစ်ဦးဟာ စာလုံးဝမဖတ်သူထက် ၂၃ ရာခိုင်နှုန်း အသက်ပိုရှည်တယ်လို့ သုတေသနရလဒ်တစ်ခုကို မှတ်သားဖူးပါတယ်။ အမေရိကန်မှ ကျန်းမာရေးသိပ္ပံလေ့လာမှုအတွက် သုတေသီများ လေ့လာတွေ့ရှိချက်မှာ မိနစ် ၃၀ စာဖတ်ခြင်းဟာ ယောဂလေ့ကျင့်ခန်းပြုလုပ်ခြင်း (သို့မဟုတ်) ရယ်ရွှင်ဖွယ်ဟာသပြောခြင်းတို့ အလားတူ သွေးပေါင်ချိန်ကို လျော့ကျစေခြင်း၊ နှလုံးခုန်နှုန်း ပုံမှန်ကြိမ်နှုန်းသို့ ရောက်စေခြင်း၊ စိတ်ပိုင်းဆိုင်ရာ ဖိအားများလျော့ကျစေခြင်း စသည့်အကျိုးကျေးဇူးများရှိကြောင်း လေ့လာသိရှိရပါတယ်။

### စာပေမှာအားလုံးရှိ

စာပေမှာအားလုံးရှိနေတယ်၊ အကုန်ရနိုင်ပါတယ်။ မိမိတို့ရဲ့ကလေးငယ်များ၊ လူငယ်လူရွယ်များ စာဖတ်ခြင်းဖြင့် ပျော်မွေ့စေချင်ပါတယ်။ စာအုပ်များကို မြတ်နိုးစေချင်ပါတယ်။ စာဖတ်ခြင်းကြောင့် ရရှိမယ့် များပြားလှတဲ့ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ အကျိုးရလဒ်ကောင်းတွေကို သိစေချင်ပါတယ်။ ဒီရလဒ်တွေကို ပိုင်ဆိုင်လှမ်းယူဖို့ ဘယ်သောအခါမှ နောက်ကျတယ်ဆိုတာ မရှိပါဘူး။ စာဖတ်ခြင်းရဲ့အကျိုးရလဒ်ဟာ အနှိုင်းမဲ့ဖြစ်တဲ့အတွက် လူတိုင်းလူတိုင်းအားလုံး စာဖတ်ကြဖို့ တိုက်တွန်းလိုက်ပါတယ်။ ဒါကြောင့် အခုချက်ချင်းပဲ သင့်အနားမှာရှိတဲ့ စာအုပ်တစ်အုပ်ကို လှမ်းကိုင်လိုက်ပါလို့ တိုက်တွန်းလိုက်ပါရစေ။ ။

# မြောက်ဦးမြို့ ပြည်သူ့ဆေးရုံကြီးအတွင်း လိုအပ်လျက်ရှိသော အောက်ဆီဂျင်ဘူးများကို အခမဲ့ကူညီဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိ

မြောက်ဦး စက်တင်ဘာ ၂၀

**ရခိုင်ပြည်နယ် မြောက်ဦးမြို့ ပြည်သူ့ဆေးရုံကြီးအတွင်း အောက်ဆီဂျင်ဘူးများ လုံလောက်စွာရရှိရေး၊ အောက်ဆီဂျင်ပြတ်လပ်မှုမရှိစေရေးနှင့် ကိုဗစ်ပိုးတွေ့လူနာများအား အမြန်ဆုံးကုစားပေးနိုင်ရေးအတွက် မြို့နယ်ပြည်သူ့ဆေးရုံကြီးအတွင်း၌ တက်ရောက်ဆေးကုသမှုခံယူနေကြသော လူနာများအတွက် လိုအပ်သော အောက်ဆီဂျင်များကို နေ့စဉ်အချိန်မီ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။**



ထိုသို့ မြို့နယ်ပြည်သူ့ဆေးရုံကြီးအတွင်း လိုအပ်သော အောက်ဆီဂျင် ပြတ်လပ်မှုမရှိစေရေးနှင့် ဆေးကုသမှု ခံယူနေကြသော အရေးပေါ်လူနာများနှင့် ကိုဗစ်-၁၉ ပိုးတွေ့လူနာများအား ကုသပေးနိုင်ရေးအတွက် အောက်ဆီဂျင်ဘူးများကို နေ့စဉ် ၁၆ လုံးမှ အလုံး ၂၀ ကြား ကူညီဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

မြောက်ဦးမြို့ ရတနာ့မာရ်အောင် ကျောင်းတိုက်မှ မြောက်ဦးဆရာတော်ကြီး ဝနဝါသီအရှင်ဝါယာမိန္ဒ က ဆေးရုံတက်ရောက်ဆေးကုသမှုခံယူနေသော လူနာများအတွက် အရေးပေါ် အောက်ဆီဂျင် လိုအပ်ချက်များကို ဩဂုတ်လမှ စက်တင်ဘာလအကုန်အထိ နှစ်လကြာ အခမဲ့လှူဒါန်း ကူညီဆောင်ရွက်ပေးလျက်ရှိပြီး နန်းရိပ်ကရုဏာ အောက်ဆီဂျင် အခမဲ့ကူညီရေးအသင်းအနေဖြင့် အောက်ဆီဂျင်စက်ရုံမှ လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး အလုံး ၄၀ ဖြင့် နေ့စဉ်ထုတ်လုပ် လည်ပတ်လျက်ရှိကြောင်းနှင့် မြောက်ဦးမြို့နယ်အတွင်း အောက်ဆီဂျင်လိုအပ်သည့် လူနာများအတွက် အောက်ဆီဂျင်ဘူးများ အလုံအလောက် နေ့ညမပြတ် ကူညီဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း နန်းရိပ်ကရုဏာ အောက်ဆီဂျင် အခမဲ့ကူညီရေးအသင်း ဥက္ကဋ္ဌ ဦးမောင်ဝင်းရွှေထံမှ သိရသည်။

**ခင်မောင်ထွန်း(ပြန်/ဆက်)**



ချောင်းဦးမြို့ မြို့မရပ်ကွက်ရှိ ရှေးဟောင်းသမိုင်းဝင် ရတနာရွှေဂူဘုရားကြီး ပတ်ဝန်းကျင်နှင့် အဝင်လမ်းများကို မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများ စက်တင်ဘာ ၂၀ ရက်က သန့်ရှင်းရေးများ ဆောင်ရွက်စဉ်။ ဝင်းမြင့်အောင်(ပြန်/ဆက်)



ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့ စမ်းမာလာဥယျာဉ်အတွင်းရှိ မြို့တော်ခန်းမ၌ မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအကြိမ်ထိုးနှံပြီးသော ပြည်သူများအား ဒုတိယအကြိမ် ဆက်လက်ထိုးနှံပေးစဉ်။ စိုင်း(သီပေါ)



မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်၌ ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးရာတွင် စက်တင်ဘာ ၁၉ ရက်က အမှတ်(၂) ရပ်ကွက် ရွှေပြည်စိုး သာသနာ့ဗိမာန်စုရပ်နယ်မြေတွင် ပြည်သူများအား သတ်မှတ်ဦးစားပေးအုပ်စုများနှင့်အညီ ထိုးနှံပေးစဉ်။

ကျော်စွာ(ပြန်/ဆက်)

# လက်ပံတန်းမြို့၌ ရေဝတီမြစ်ရေ၊ မြစ်မခရေတိုက်စားပြီး ကမ်းပြိုကျမှုကြောင့် ထောက်ပံ့ငွေနှင့်ပစ္စည်းများ ပေးအပ်

လက်ပံတန်း စက်တင်ဘာ ၂၀

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်ဦးစီးမှူးရုံးမှ ဒေါ်ဝင်းဝင်းမာ ဦးစီးအရာရှိနှင့် ဝန်ထမ်းများသည် စက်တင်ဘာ ၂၀ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ လက်ပံတန်းမြို့နယ် မြင်ကဝကျေးရွာအုပ်စု ညောင်ကုန်းကျေးရွာနှင့် ပျဉ်းကတိုးကုန်းကျေးရွာအုပ်စု ပျဉ်းကတိုးကုန်းကျေးရွာတို့တွင် ရေဝတီမြစ်နှင့် မြစ်မခမြစ်ရေတိုက်စားမှုကြောင့်ဖြစ်ပွားသော ကမ်းပြိုဘေးမှ ကြိုတင်ဖျက်သိမ်းပြောင်းရွှေ့နေအိမ် ၂၈ လုံး၊ လူဦးရေ ၁၁၀ တို့အတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။ ထိုသို့ထောက်ပံ့ရာတွင် ဆန်ရိက္ခာ ခုနစ်ရက်စာဖိုး ထောက်ပံ့ငွေကျပ် ၂၃၁၀၀၀ နှင့် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် ၂၈၀၀၀၀၀ တို့ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဘုန်းလှိုင်နှင့် အဖွဲ့ဝင်များ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ရပ်/ကျေးစာရေး၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများနှင့်အတူ ထောက်ပံ့ကြောင်း ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးလမ်းရှိ မဟာပုညောပကာရဓမ္မာရုံတွင် စက်တင်ဘာ ၂၀ ရက်က အသက် ၅၅ နှစ်နှင့်အထက်ရှိသူများအား ကိုဗစ်-၁၉ ကာကွယ်ဆေးများ စတင်ထိုးနှံပေးလျက်ရှိရာ ကာကွယ်ဆေးထိုးမည့်သူများ စာရင်းပေးသွင်းမှုကို တွေ့ရစဉ်။ တင်ဝင်းလေး(ကြည့်မြင်တိုင်)

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း



## မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကောလင်းမြို့မြေနိမ့်ပိုင်းရပ်ကွက်တချို့ရှိ နေအိမ်များ ရေဝင်

**ကောလင်း စက်တင်ဘာ ၂၀**

မိုးသည်းထန်စွာ ရွာသွန်းနေမှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့ မြေနိမ့်ပိုင်းရပ်ကွက်တချို့ရှိ နေအိမ်များအတွင်းသို့ ယခုအခါ ရေဝင်ရောက်နေ၍ သွားလာရေး အဆင်မပြေမှုများ ဖြစ်နေကြောင်း သိရသည်။

စက်တင်ဘာ ၁၇ ရက်မှစကာ ယနေ့နံနက်ပိုင်းအထိ အဆက်မပြတ် မိုးသည်းထန်စွာရွာသွန်းနေသဖြင့် ဒေါင်းမြူးချောင်း ရေကြီးရေလျှံမှုဖြစ်ပေါ်လာကာ ချောင်းအနီး၌ နေထိုင်ကြသော မြေနိမ့်ပိုင်းရပ်ကွက်များဖြစ်သည့် ကျော်ဇေယျာရပ်ကွက်(၁)၊ ကျော်ဇေယျာ ရပ်ကွက်(၂)နှင့် ပြင်ဦးလွင်ရပ်ကွက်များရှိ နေအိမ်များအတွင်းသို့ ရေများလေးပေအထိ ဝင်ရောက်လျက်ရှိသဖြင့် ရပ်ကွက်နေပြည်သူများမှာ သွားလာရေးအဆင်မပြေမှုများ ဖြစ်နေကြောင်း သိရသည်။



အဆိုပါ ရေကြီးရေလျှံမှုများကြောင့် ကောလင်းမြို့နယ်အတွင်းရှိ ဒေါင်းမြူးချောင်းပတ်ဝန်းကျင် အနီးအနားတွင် နေထိုင်ကြသည့် ညောင်ပင်သာကျေးရွာ၊ သရက်ခုံကျေးရွာနှင့် ညောင်ဝိုင်းကျေးရွာများသို့လည်း ရေများဝင်ရောက်ခဲ့ပြီး တောင်သူများ စိုက်ပျိုးထားသော စပါးခင်းများ ရေနစ်မြုပ်ခဲ့သော်လည်း ပျက်စီးဆုံးရှုံးမှုများ မရှိကြောင်း သိရသည်။

ယခင်နှစ်များက မိုးရာသီကာလရောက်လျှင် ဒေါင်းမြူးချောင်း ရေကြီးရေလျှံမှုကြောင့် ကောလင်းမြို့ မြေနိမ့်ပိုင်းရပ်ကွက်ရှိ နေအိမ်များသို့ ရေများဝင်ရောက်မှု ခုနစ်ကြိမ်အထိ ရှိခဲ့သော်လည်း ယခုနှစ် မိုးရာသီတွင် သုံးကြိမ်သာ ရေဝင်မှုရှိကြောင်း သိရသည်။

လှိုင်ဘွား(ဇန်းမောက်)

## မြို့နယ်အချို့၌ မိုးသည်းထန်စွာရွာသွန်းပြီး မြစ်ရေတိုက်စားမှုများဖြစ်ပွား

**နေပြည်တော် စက်တင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ်အတွင်း၌ စက်တင်ဘာ ၁၉ ရက် နံနက် ၁၁ နာရီခွဲက မိုးရွာသွန်းပြီး ချောင်းရေတိုက်စားမှုကြောင့် တွင်းငယ်ကျေးရွာအတွင်းရှိ ကျေးရွာမြောက်ပိုင်းနှင့် တောင်ပိုင်းတို့ကို ဆက်သွယ်ထားသည့် အလျား ပေ ၁၀၀ ခန့် သံကူကွန်ကရစ်သစ်သားချောင်းကူးတံတား တိမ်းစောင်းသွားပြီး ဒေါင်းပုန်းကျေးရွာအတွင်းရှိ ကျေးရွာမြောက်ပိုင်းနှင့် တောင်ပိုင်းတို့အား ဆက်သွယ်ထားသည့် အလျား ပေ ၁၀၀ ခန့်ရှိ သစ်သားချောင်းကူးတံတားမှာ ချောင်းအတွင်းသို့ ကျိုးကျပျက်စီးခဲ့သည်။

အလားတူ စက်တင်ဘာ ၁၉ ရက် နံနက် ၉ နာရီက ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ဟသ်ာဒုံးကျေးရွာနှင့် အထက်ပေကုန်းကျေးရွာတို့၌ ရွှေလောင်းမြစ်ရေတိုက်စားမှုကြောင့် မြစ်ကမ်းပါးအနီး နေထိုင်သည့် အိမ်ထောင်စု ရှစ်စုတို့သည် ဥယျာဉ်ခြံမြေများအတွင်းသို့ ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် ညနေ ၄ နာရီ ၁၅ မိနစ်က မအူပင်မြို့နယ် စစ်ကုန်းကျေးရွာအနီး၌ ရာဇူဒိုင်မြစ်ရေတိုက်စားမှုကြောင့် မြစ်ကမ်းပါး ပြိုကျခဲ့သဖြင့် မြစ်ကမ်းပါးအနီးရှိ အိမ်ထောင်စု ငါးစု၊ လူဦးရေ ၁၉ ဦးတို့သည် ကျေးရွာအတွင်းရှိ ဆွေမျိုးများနေအိမ်သို့ ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား

## ဂန့်ဂေါ၌ မိုးအဆက်မပြတ်ရွာသွန်းပြီး မြစ်သာမြစ်ရေမြင့်တက် လမ်းပန်းဆက်သွယ်မှု မပြတ်တောက်ရန် သက်ဆိုင်ရာကစီစဉ်ဆောင်ရွက်ပေး

**ဂန့်ဂေါ စက်တင်ဘာ ၂၀**

ဂန့်ဂေါမြို့နယ်၌ ယခုတစ်ပတ်အတွင်း မိုးအဆက်မပြတ် ရွာသွန်းသည့်အတွက် ဒေသအတွင်း စီးဆင်းသည့် ချောင်းများ၊ တောင်ကျချောင်းများ ရေမြင့်တက်လျက်ရှိသည့်အပြင် ဂန့်ဂေါမြို့နယ်အတွင်း ဖြတ်သန်းစီးဆင်းသည့် မြစ်သာမြစ်ရေမှာလည်း မြင့်တက်လျက်ရှိသည်။

ထိုသို့ မြစ်ချောင်းရေများ မြင့်တက်လျက်ရှိရာ ဂန့်ဂေါမြို့နယ် ရွှေဘိုရွာအနီး ဖြတ်သန်းစီးဆင်းသည့် ခင်ရန်းချောင်းရေမြင့်တက်သဖြင့် ယမန်နေ့က ကျေးရွာအနိမ့်ပိုင်းရှိ လူနေအိမ် ၃၅ လုံးသို့ ရေဝင်ရောက်မှုရှိသော်လည်း လူနှင့်ကျွဲ၊ နွား၊ တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း သိရသည်။

ထို့ပြင် ဂန့်ဂေါမြို့နယ် မြင်းဇာရွာနှင့် ကွဲနန်းကျေးရွာတို့အနီး ထီးလင်း - ဂန့်ဂေါ ကားလမ်း မိုင်တိုင်အမှတ် ၁၀၄/၅ အနီးရှိ တံတားအမှတ် ၄/၁၀၅ အုတ်စီကမ်းကပ်ခုံနှင့် သံကူကွန်ကရစ်ကြမ်းခင်းနိမ့်ကျသွား၍ လတ်တလောတွင် လမ်းပန်းဆက်သွယ်မှုပြတ်တောက်လျက်ရှိပြီး ယာဉ်ငယ်များ ဖြတ်သန်းသွားလာနိုင်ရန် သက်ဆိုင်ရာက စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဂန့်ဂေါမြို့နယ် မြစ်သာရေလှောင်တမံ စီမံကိန်းကို တည်ဆောက်လျက်ရှိရာ အဆိုပါ စီမံကိန်းမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးလျက်ရှိပြီး ၂၀၁၅ ခုနှစ်မှ ရေကြီးမြင့်တက်ခြင်း မရှိခဲ့ရာ ယခုနှစ် မြစ်သာမြစ်ရေမြင့်တက်ခြင်းမှာ အများဆုံးဖြစ်ကြောင်းနှင့် မြစ်သာတမံ အခြေအနေမှာ ယခင်နှစ်များကကဲ့သို့ပင် ရေကျော်မှု နှစ်ပေခွဲသာရှိပြီး မြစ်သာမြစ်၏ မြစ်လက်တက်များဖြစ်သည့် မောချောင်း၊ စက်နီးချောင်း၊ လောင်ထောင်ချောင်းတို့ ရေမြင့်တက်လာမှုများကြောင့် မြစ်သာမြစ် အောက်ပိုင်း၌ ရေမြင့်တက်ခြင်းဖြစ်ကြောင်း သိရသည်။

ထို့အတူ ခင်ရန်းချောင်းတွင် တမံတည်ဆောက်သည့် တောင်ခင်ရန်းရေလှောင်တမံမှ ယခုလ တတိယပတ်ရောက်မှသာ ရေကျော်မှု ဖြစ်ခဲ့ကြောင်းနှင့် ဂန့်ဂေါတွင် မိုးဆက်လက်ရွာသွန်းလျက်ရှိကြောင်း သိရသည်။

ထင်အောင်နိုင်(ဂန့်ဂေါ)

## မူဆယ်မြို့နယ်၌ ငွေကျပ်သိန်း ၃၀၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ်၌ ငွေကျပ်သိန်း ၃၀၀၀ ကျော် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၉ ရက် နံနက် ၁၁ နာရီခွဲတွင် မူဆယ်မြို့ စွမ်စော်ရပ်ကွက် ခိုဝိန်းနယ်မြေ အမှတ်(၁၀/၁၃၇) အခန်း(၁၀)တွင် ၎င်းရမ်းနေထိုင်သူ ကျောက်ကွမ်ကြူ(ခ) ကျောက်ကျိုး (၃၅ နှစ်)၏ နေအိမ်ကို သတင်းအရ ရှာဖွေရာ နေအိမ်အတွင်းမှ ဒေသကာလတန်ဖိုးငွေကျပ်သိန်း ၃၀၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၆၂၀၀၀၀ နှင့် စိတ်ကြွဆေးပြား အကြေ ၂ ဒသမ ၄ ကီလိုတို့ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းအားဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက် ပြစ်မှုကျူးလွန်သူများအား စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



ကျောက်ကွမ်ကြူ (ခ) ကျောက်ကျိုး ကို သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

## ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၀**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၂၁ ခုနှစ် စက်တင်ဘာ ၁၉ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၇၃ စီး၊ သွင်းကုန် ၁၅၅ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၄၄ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုများပြုလုပ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၁၉ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုနှစ်မှု၊ ခန့်မှန်းတန်ဖိုးကျပ် သန်း ၂ ဒသမ ၈၇၀ တန်ဖိုးရှိ တရားဝင်စာရွက်စာတမ်းတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Lactasoy Milk (125 mlx60) (50 Pkgs), Lipovitan-D (100 mlx50) (40 Pkgs) နှင့် Child One Set (1x 500 U) (2 Pkgs) ကို ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ဥတ္တရသီရိမြို့နယ်၌ စကားများရန်ဖြစ်သူများအား ဝင်ရောက်ဖျန်ဖြေရာမှ တုတ်ဖြင့်အရိုက်ခံရသဖြင့် အမျိုးသားတစ်ဦး သေဆုံး

**နေပြည်တော် စက်တင်ဘာ ၂၀**

နေပြည်တော် ဥတ္တရသီရိမြို့နယ်၌ စက်တင်ဘာ ၁၈ ရက်က စကားများရန်ဖြစ်သူများအား ဝင်ရောက်ဖျန်ဖြေရာမှ တုတ်ဖြင့်ရိုက်ခံရ၍ အမျိုးသားတစ်ဦး သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၈ ရက် ည ၈ နာရီတွင် ဥတ္တရသီရိမြို့နယ် မိုးစွေကျေးရွာနေ ညီအစ်ကိုတော်စပ်သူ ထွန်းမင်းအောင်နှင့် စောမိုးဝင်းတို့သည် ၎င်းတို့၏နေအိမ်ရှေ့တွင် ဆိုင်ကယ်ဆီထည့်သည့်ကိစ္စနှင့်ပတ်သက်၍ စကားများရန်ဖြစ်နေစဉ် ဖခင်ဖြစ်သူ ဦးဝင်းကို (၃၇ နှစ်)က ဝင်ရောက်ဖျန်ဖြေပေးရာ တစ်ရွာတည်းနေ စောမိုးဝင်း(၃၃ နှစ်)က အရှည် သုံးပေခန့်ရှိ တုတ်ဖြင့်ဝင်ရောက်ရိုက်နှက်ခဲ့သဖြင့် ဦးဝင်းကိုတွင် နဖူး၊ ဦးခေါင်းနောက်စေ့ ပေါက်ပြဲဒဏ်ရာများ ရရှိခဲ့သဖြင့် ခုတင် ၁၀၀၀ ဆေးရုံကြီးသို့ ပို့ဆောင်ကုသစဉ် သေဆုံးသွားခဲ့သောကြောင့် စောမိုးဝင်းအား တောင်ညိုနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား

## မြောင်းမြမြို့နယ်၌ ဖဲရိုက်လောင်းကစားရာမှ စကားများရန်ဖြစ်စဉ် ဓားဖြင့်အထိုးခံရမှုကြောင့် အမျိုးသားတစ်ဦး သေဆုံး

**နေပြည်တော် စက်တင်ဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်၌ စက်တင်ဘာ ၁၉ ရက်က ဖဲရိုက်လောင်းကစားရာမှ စကားများရန်ဖြစ်စဉ် ဓားဖြင့်ထိုးခံရ၍ အမျိုးသားတစ်ဦး သေဆုံးသွားကြောင်း သိရသည်။

စက်တင်ဘာ ၁၈ ရက် ည ၁၁ နာရီတွင် မြောင်းမြမြို့နယ် ရေလျှံကျေးရွာရှိ နာရေးအိမ်၌ မောင်မောင်(ခ) ဇင်ကိုမင်း (၃၅ နှစ်) နှင့် ဆန်းလွင်ဦး(၅၀ နှစ်)တို့ ဖဲရိုက်လောင်းကစားနေစဉ် စကားများရန်ဖြစ်ပြီး မောင်မောင်(ခ)ဇင်ကိုမင်းက ဓားဖြင့်ထိုးခဲ့၍ ဆန်းလွင်ဦးတွင် ခါးထိုးသွင်းဒဏ်ရာတစ်ချက်ရရှိခဲ့သဖြင့် ဆေးရုံသို့ပို့ဆောင်စဉ် သေဆုံးသွားခဲ့သောကြောင့် မောင်မောင်(ခ) ဇင်ကိုမင်းအား ရန်မနိုင်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

ရဲပြန်ကြား

ဥပဒေဘောင်အတွင်းနေထိုင်ခြင်း
ဘေးကင်းရန်ကွာ စိတ်ချမ်းသာ




# CLAIMS DAY NOTICE

## MV – MALAYSIA STAR VOY:NO(EAL 28)

Consignees of cargo carried by MV– MALAYSIA STAR VOY:NO(EAL 28) are here by notified that the vessel will arrive on about 21-09-2021 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from (08:00)AM to (11:20)AM and (12:00) NOON to (04:00)PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်– – ၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

## ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၆)၊ အကွက်အမှတ်(RA–IV/၊ ကွက်ပြင်)၊ ဦးပိုင်အမှတ်(၅၅–တ)၊ မြေယာအမှတ် (11/302–D2)၊ မြေရီယာ(၀ဒသမ၂၄)ဧကရှိ မြေကွက်အား မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဦးသန်းဆွေ၁၀/သထန(နိုင်)၀၅၁၀၃၄ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့် ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေး
ဦးစီးဌာန
ပြင်ဦးလွင်မြို့

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မုံရွာမြို့၊ စက်မှုဇုန်ရပ်ကွက်၊ မြတ်လေးလမ်းနေ ဦးအောင်မင်း–ဒေါ်ကျော့ကျော့တို့၏သား မောင်ဟိန်းလတ် ၅/ဆလက (နိုင်)၁၀၇၉၂၈ သည် ၎င်း၏ဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့် ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးအောင်မင်း–ဒေါ်ကျော့ကျော့

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် Q/7338 ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်သူ ၉/မခန(နိုင်)၁၄၁၂၉၇ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊တိုင်းရုံး(ပဲခူး)

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ လှည်းတန်း၊ (၇)လမ်း၊ အမှတ်(၄၆)မြေပေါ်ရှိ နှစ်ခန်းတွဲ(၆) ထပ်တိုက်၊ ခြေရင်းခန်း၊ နှစ်လွှာ/B ဟုခေါ်တွင်သည့် အကျယ်အဝန်း (၁၈ ပေ x ၅၀ ပေ)ရှိ တိုက်ခန်းအား ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ရွှယ်ကျီး ၁/မကန(နိုင်) ၀၁၉၃၂၀ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါအရောင်းအဝယ်ပြုလုပ် ထားသည့် တိုက်ခန်းနှင့် ပတ်သက်၍ အခွင့်အရေးတစ်စုံတစ်ရာရှိသူမည်သူမဆို ဤကြော်ငြာပါရှိသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော မူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်အေးအေးမြင့်(LL.B) တရားလွှတ်တော်ရှေ့နေ
(စဥ်–၁၁၈၀၆)
ဖုန်း–၀၉–၅၅၀၄၁၅၄

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆/မြဝတီ၊ ဦးပိုင်အမှတ် ၁၆၂၊ ဧရိယာ ဝဒသမ ၁၀၄ဧက အနက်မှ ဧရိယာ ဝဒသမ ၀၅၃ ဧကအား ဦးအောင်အောင်(ဘ) ဦးစောအောင် ၉/တကန(နိုင်)၁၁၈၁၆၀ မှ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာအမှတ် ၄၆/၂၀၂၁၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ တပ်ကုန်းမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာနထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဦးပိုင်ခွဲ မြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါ သည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဦးပိုင်ခွဲမြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

စာအုပ်စာပေ လူ့မိတ်ဆွေ

# မောက်မယ်မြို့နယ်၌ ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်နှစ်နှစ်အောက် ကလေးငယ်များအား ထောက်ပံ့ငွေများပေးအပ်

**မောက်မယ် စက်တင်ဘာ ၂၀**

ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေး ခရိုင် မောက်မယ်မြို့နယ်အတွင်း ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်နှစ်နှစ်အောက် ကလေးငယ်များအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနမှ ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ် (အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာ) လများအတွက် ထောက်ပံ့ငွေများ ပေးအပ်ခြင်းကို ယနေ့ မွန်းလွဲ ၂ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဇော်က အမှာစကား ပြောကြားပြီး လူမှုဝန်ထမ်းဦးစီးဌာန မြို့နယ်လူမှုဝန်ထမ်းရုံးမှ ဦးစီးမှူး ဒေါ်ချိုချိုလွင်က မောက်မယ်မြို့နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်နှစ်နှစ်အောက်ကလေးငယ်များအားထောက်ပံ့ငွေများ ပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်း ပြောကြားပြီး ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်နှစ်နှစ်အောက် ကလေးငယ်များအတွက် ထောက်ပံ့ငွေများကို သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများထံသို့ ပေးအပ်သည်။




ဆက်လက်ပြီး မိမိ ရပ်ကွက်/ ကျေးရွာအုပ်စုအတွင်းရှိ ကိုယ်ဝန်ဆောင် မိခင် ၃၆၂ ဦးနှင့် အသက်နှစ်နှစ်အောက် ကလေးငယ် ၃၁၃ ဦး အတွက် တစ်ဦးလျှင် ငွေကျပ် လေးသောင်းငါးထောင် နှုန်းဖြင့် ထောက်ပံ့ငွေကျပ် ၃၀၃၇၅၀၀၀ ကို သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများက ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်နှစ်နှစ်အောက် ကလေးငယ်များ၏ မိဘများ လက်ဝယ်အရောက် ပြန်လည်ထောက်ပံ့ပေးမည်ဖြစ်ကြောင်း သိရသည်။

**စိုင်းမျိုးသန့်(မောက်မယ်)**

# မတ္တရာမြို့နယ်၌ ရွှေတချောင်းမြောင်းပေါင် ရေကျော်၊ ကျိုးပေါက်မှုမဖြစ်ရေး ဆောင်ရွက်နေ

**မတ္တရာ စက်တင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်တွင် စက်တင်ဘာ ၁၉ ရက် ညတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဘေးမဲ့ကျေးရွာနှင့် ကြပ်ကုန်းကျေးရွာကြားရှိ ရွှေတချောင်းမြောင်းပေါင်မှာ ယနေ့နံနက်ပိုင်းမှစ၍ ရေကျော်ကျမှုဖြစ်ပွားကြောင်း သိရသည်။

ထိုသို့ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကျော်လျက်ရှိသည့်နေရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သူရသိန်းနှင့် အဖွဲ့ဝင် ဗိုလ်မှူးစန်းယုတို့က ဦးစီး၍ မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေးအဖွဲ့(မတ္တရာ)နှင့် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ရွာသူ ရွာသားများ ပူးပေါင်းကာ မြောင်းပေါင်ကျိုးပေါက်မှု မဖြစ်ပေါ်စေရေး၊ ပြည်သူများ အသွားအလာ အခက်အခဲမရှိစေရေးအတွက် သဲအိတ်များဖို့ခြင်း၊ မြေထိန်းနံရံများ ကာရံခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

# ပေါက်မြို့နယ်၌ ချောင်းကူး-ကျွန်းတိုင်းတံတား ချဉ်းကပ်လမ်းတာပေါင်ဘေးရှိ ကျောက်စီမြေကာနံရံပြိုကျပျက်စီး

**ပေါက် စက်တင်ဘာ ၂၀**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်တွင် စက်တင်ဘာလ တတိယပတ်အတွင်း မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ချောင်းကူးကျေးရွာအုပ်စု ချောင်းကူး၊ ငွေးဂုံအုပ်စုနှင့် ကျွန်းတိုင်းကျေးရွာကို ဆက်သွယ်ထားသော ချောင်းကူး–ကျွန်းတိုင်း တံတားချဉ်းကပ်လမ်း တာပေါင်ဘေးရှိ ကျောက်စီမြေကာနံရံသည် ချောင်းရေတိုက်စားမှုကြောင့် စက်တင်ဘာ ၂၀ ရက် မွန်းတည့် ၁၂ နာရီခန့်က ပေ ၃၀ ခန့် ပြိုကျပျက်စီးခဲ့သည်။

အဆိုပါ ကျောက်စီမြေကာနံရံ ပြိုကျပျက်စီးမှုကြောင့် လူနှင့် တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်းနှင့် လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှု မရှိစေရေးအတွက် မြို့နယ်ကျေးလက်လမ်းဦးစီးဌာနနှင့် ချောင်းကူးကျေးရွာရှိ ပြည်သူများက ပူးပေါင်း၍ ယာယီပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ကျေးလက်လမ်းဦးစီးဌာနမှ သိရသည်။

**ဥမ္မာကျော်(ပြန်/ဆက်)**

# အခြေခံငါးမွေးမြူရေးနှင့် ရေချိုငါးများ ဆေးထိုးသားဖောက်ခြင်းသင်တန်း ဖွင့်လှစ်

**နေပြည်တော် စက်တင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး နတ်ရေကန်ငါးလုပ်ငန်းစခန်းတွင် အခြေခံငါးမွေးမြူရေးနှင့် ရေချိုငါးများ ဆေးထိုးသားဖောက်ခြင်း နည်းပညာပေးသင်တန်းကို စက်တင်ဘာ ၁၇ ရက် မှ ၁၈ ရက်အထိ နတ်ရေကန်ငါးစခန်းတွင် ဖွင့်လှစ်ပို့ချပေးသည်။

သင်တန်းတွင် မန္တလေးခရိုင် ငါးလုပ်ငန်းဦးစီးမှူး ဦးဌေးမင်းက ငါးလုပ်ငန်းဦးစီးဌာနမှ ငါးမွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန်၊ နည်းစနစ်ကျနစွာ မွေးမြူတတ်စေရန်၊ ငါးမွေးသူများကိုယ်တိုင် ငါးသားပေါက်ထုတ်လုပ် မွေးမြူတတ်စေရန်၊ အစားအသောက်ဘေးဥပဒ်ကင်းရှင်းသည့် မွေးမြူရေး ရေထွက်ကုန်ငါးရိက္ခာများ ထုတ်လုပ်နိုင်စေရန် ရည်ရွယ်၍ အခြေခံငါးမွေးမြူရေးနှင့် ရေချိုငါးများ ဆေးထိုးသားဖောက်ခြင်း နည်းပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချလျက်ရှိကြောင်း ပြောကြားသည်။

သင်တန်းသို့ အမရပူရမြို့နယ်မှ ငါးမွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေသူ သင်တန်းသား ၁၆ ဦး တက်ရောက်ပြီး စခန်းတာဝန်ခံ ဒေါ်အေးအေးမော်နှင့် ဝန်ထမ်းများက စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးကြောင်း သိရသည်။ **(အောက်ပုံ)**

**သတင်းစဉ်**



# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ဓမ္မာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀. ၂၁ | ၁ လုံး | - | ၁ လုံး |
| ၂။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၁ | ၁ ခု | - | ၁ ခု |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၄။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁ | ၄၅၅ ခန်း | ၁၂ ခန်း | ၄၄၃ ခန်း |
| ၅။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၈ တိုင် | ၄၂ တိုင် |
| ၆။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၄၆ ခု | ၆၀၆ ခု |
| ၇။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၁၃ တိုင် | ၁၆၇ တိုင် |
| ၈။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၁၅ တိုင် | ၇၅ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၉။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ (၄၆ ပေ×၃၄ ပေ×၂၂. ၈ ပေ) (၂၀-၉-၂၀၂၁)ရက်နေ့တွင် လှူဒါန်းပြီး | ၁၄၉၈ | ၁ ခု |
| | (ခ) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ဂ) အဝင်မုခ်အဆောက်အဦ ပင်မလှေကား(၃၅ ပေ×၃၂ ပေ) | ၅၆၂ | ၁ စင်း |
| | (ဃ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (င) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (စ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (ဆ) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| | (ဇ) ရေကန်ပတ်လည်မြေယာရှုခင်း (၁၈-၉-၂၀၂၁)ရက်နေ့တွင် လှူဒါန်းပြီး | ၅၁ | ၁ ခု |
| ၁၀။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၁။ | High Mast မီးတိုင်(၂၀ မီတာ (၁)တိုင်) | ၄၉၄ | ၉ တိုင် |
| ၁၂။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |
| ၁၃။ | မဟာရံတံတိုင်း၏ မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း |
| ၁၄။ | မဟာရံတံတိုင်း(အင်္ဂတေမြန်မာမှု) | ၄.၁ | ၂၁၈ ကျင်း |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ပြည်ထောင်စုနယ်မြေ နေပြည်တော်လမ်းဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(၁/၂၀၂၁-၂၀၂၂)

၁။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်လမ်းဦးစီးဌာန၊ ဒက္ခိဏခရိုင်နှင့် ဥတ္တရခရိုင်တို့မှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ် (Mini Budget) ပြည်ထောင်စု/နေပြည်တော်ကောင်စီ၏ခွင့်ပြုရန်ပုံငွေများဖြင့် ဆောင်ရွက်မည့် လမ်း/တံတား/အဆောက်အအုံလုပ်ငန်းများအတွက် (လုပ်ငန်းတင်ဒါ)နှင့် အသုံးပြုရန် လိုအပ်သော စံချိန်စံညွှန်းမီ အရည်အသွေးပြည့်ဝသော တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများဝယ်ယူနိုင်ရန်အတွက် (ပစ္စည်းတင်ဒါ)တို့ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် (မြန်မာကျပ်ငွေဖြင့်)ဝယ်ယူဆောင်ရွက်လိုပါသောကြောင့် စိတ်ပါဝင်စားသော ကုမ္ပဏီနှင့်လုပ်ငန်းရှင်များအား လာရောက်ယှဉ်ပြိုင်တင်သွင်းနိုင်ပါကြောင်း အသိပေး ကြေညာ၍ ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| (က) | **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** | - | ၂၃-၉-၂၀၂၁ရက် (ကြာသပတေးနေ့) |
| (ခ) | **တင်ဒါလျှောက်လွှာ ဝယ်ယူရမည့်နေရာ** | - | လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး ဒက္ခိဏ/ဥတ္တရခရိုင်၊ လမ်းဦးစီးဌာန |
| (ဂ) | **တင်ဒါလျှောက်လွှာပိတ်မည့် ရက်/အချိန်** | - | ၁၂-၁၀-၂၀၂၁ ရက်(အင်္ဂါနေ့) မွန်းတည့် ၁၂:၀၀ နာရီ |

၂။ တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဖော်ပြပါဖုန်းနံပါတ်များ ဒက္ခိဏခရိုင်လမ်းဦးစီးဌာန ဖုန်း-၀၆၇-၅၅၀၃၂၈ နှင့် ဥတ္တရခရိုင်လမ်းဦးစီးဌာန ဖုန်း-၀၆၇-၄၅၁၀၂၃၈ တို့တွင် ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအရှေ့ရပ်ကွက်၊ ပိတောက်ပင်လမ်း၊ မြေကွက်အမှတ်(၁၁၇)၊ မြေအမည်ပေါက် ဒေါ်စိန်စိန် မြေပေါ်ရှိ တိုက်အမှတ်(၈၆)ခေါင်းရင်း မြေညီထပ် (၁၂ ပေခွဲxပေ ၅၀)နှင့် ပထမထပ် (၁၂ ပေခွဲxပေ ၅၀) တိုက်ခန်းများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကိုပိုင်ဆိုင်၍ ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးငွေသန်း ၁၂/ဥကတ(နိုင်)၀၁၀၀၉၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေ မသန်းသန်းကြည် ၁၁/ရဗန(နိုင်)၀၅၂၅၅၄ က အပြီးအပိုင်ဝယ်ယူရန် ရောင်းချသည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးနေအောင်ခိုင်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၉၂၁)**
**အမှတ်(၂၁)၊ အခန်း(၆၇)၊ ပြည်ရိပ်မွန်အိမ်ရာ(၇)ရပ်ကွက်၊ ဗဟိုလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၇၆၃၁၇၇၂၅၃**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ လူနေရပ်ကွက် အမှတ်-၅/၄၊ မြရတနာလမ်း၊ အမှတ်(၁၉၃)ဟုခေါ်တွင်သော အလျား(၄၀)ပေxအနံ(၆၀)ပေအနက်မှ ခြေရင်းခြမ်းအလျား (၂၀)ပေxအနံ(၆၀)ပေမြေကွက်နှင့် မြေကွက်ပေါ်ရှိနေအိမ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ထားရှိပိုင်ဆိုင်၍ ရောင်းချခွင့်ရှိသူ ဒေါ်သန်းသန်းဝင်း ၁၂/ရပသ(နိုင်)၀၀၀၄၉၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် အထက်ဖော်ပြပါ မြေကွက်၊ နေအိမ်တို့နှင့်ပတ်သက်၍ ပိုင်ရေးပိုင်ခွင့်ရှိသူမည်သူ မဆို ဤအရောင်းအဝယ်ကိုကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၃)ရက်အတွင်း ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းမူရင်းများနှင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင်ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယမင်းထွန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၃၂၇)**
**အမှတ်(၁၄၇/က)၊ သီရိမင်္ဂလာပတ်လမ်း၊ ရွှေပြည်သာမြို့နယ်။**
**ဖုန်း-၀၉-၈၅၇၄၅၇၈၂၄**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ဈ/၃၄၊ လူနေရပ်ကွက်အမှတ်-ဈ/၃၄/၁၀၊ အမှတ်၁၉၀(က)ဟုခေါ်တွင်သော အလျား(၂၀)ပေxအနံ(၆၀)ပေအနက်မှ ခြေရင်းခြမ်းအလျား (၁၀)ပေxအနံ(၆၀)ပေမြေကွက်နှင့် မြေကွက်ပေါ်ရှိနေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ထားရှိပိုင်ဆိုင်၍ ရောင်းချခွင့်ရှိသူ ဒေါ်နွဲ့ရီ ၁၂/မရက(နိုင်)၀၇၁၆၀၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် အထက်ဖော်ပြပါ မြေကွက်၊ နေအိမ်တို့နှင့်ပတ်သက်၍ ပိုင်ရေးပိုင်ခွင့်ရှိသူမည်သူမဆို ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၃)ရက်အတွင်း ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင်ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယမင်းထွန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၃၂၇)**
**အမှတ်(၁၄၇/က)၊ သီရိမင်္ဂလာပတ်လမ်း၊ ရွှေပြည်သာမြို့နယ်။**
**ဖုန်း-၀၉-၈၅၇၄၅၇၈၂၄**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ၂၀၂၁ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ခုနှစ် မတ်လအထိ (၆)လ ဘတ်ဂျက်ဘဏ္ဍာနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဥက္ကဋ္ဌရုံးအဖွဲ့၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)နှင့် (အောက်မြန်မာပြည်)တို့တွင် ဆောင်ရွက်မည့် Software အဆင့်မြှင့်တင်ခြင်းလုပ်ငန်းနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | | | |
|---|---|---|---|
| (က) | **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** | - | ၂၂-၉-၂၀၂၁ရက် |
| (ခ) | **တင်ဒါလျှောက်လွှာနောက်ဆုံးရောင်းချမည့်ရက်** | - | ၂၂-၁၀-၂၀၂၁ရက် |
| (ဂ) | **တင်ဒါလျှောက်လွှာနောက်ဆုံးတင်သွင်းရမည့်ရက်** | - | ၂၂-၁၀-၂၀၂၁ရက် ၁၆:၃၀နာရီ |
| (ဃ) | **တင်ဒါတင်သွင်းရမည့်နေရာ** | - | ရုံးအမှတ်(၁၇)၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့၊ နေပြည်တော် |

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက်ဝယ်သည့်စနစ်ဖြင့် ရောင်းချမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးအမှတ်(၁၇)၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဖုန်း-၀၆၇-၄၀၉၄၅၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## သွာနုတ္တသမီးအဖြစ် ကြေညာ၍ အမွေပြတ်စွန့်လွှတ်ခြင်း

စစ်တွေမြို့၊ ရူပမြောက်ရပ်ကွက်၊ အိမ်အမှတ်(၄၇)နေ ကျွန်မ ဒေါ်စိန်စိန် ၁၁/စတန(နိုင်)၀၁၈၀၆၁ က မိမိ၏သမီးကြီးဖြစ်သူ မစန်းစန်းမူ ၁၁/စတန(နိုင်)၀၂၁၃၈၀ သည် မိသားစုဝင်များနှင့်အတူနေစဉ် မိမိ၏ဆိုဆုံးမမှုကို မနာခံဘဲ သူစိမ်းတစ်ရံရှေ့၌ မိမိ၏ဂုဏ်သိက္ခာကို ထိခိုက်အောင်ပြောဆိုခဲ့ခြင်း၊ မိသားစုဝင်များအား ရိုင်းပျစွာပြုမူပြောဆိုကိုယ်ထိလက်ရောက်စော်ကားခဲ့ခြင်း၊ မိခင်၏ပိုင်ဆိုင်မှုအပေါ် အကြိမ်ကြိမ်အတိအလင်း ဆန့်ကျင်ကန့်ကွက်ခဲ့ခြင်း စသည်တို့ကို ပြုလုပ်လျက် မိမိအား ရန်သူသဖွယ်ပြုမူဆက်ဆံ၍ စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် ၎င်းအား ဤကြော်ငြာပါသည့်ရက်မှစ၍ သွာနုတ္တသမီးအဖြစ် အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

**မိခင်-ဒေါ်စိန်စိန်**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျောက်မဲမြို့၊ အမှတ်(၁)ရပ်ကွက်၊ နယ်မြေ(၃)၊ အိမ်အမှတ် ၁/၉၉(ခ)နေ ဦးစိန်ဝင်း(ခ)ရှိန်ဝင်း-ဒေါ်သန်းသန်းဝင်းတို့၏ သမီးဖြစ်သူ မသွယ်သွယ်ရှိန် ၁၃/ကမန(နိုင်)၁၀၁၁၈၅ သည် မိဘ၏ဆိုဆုံးမမှုကိုနာခံမှုမရှိဘဲ မိဘနှင့်ဆွေမျိုးများကို အရှက်ရစေခြင်း၊ သိက္ခာကျစေခြင်း၊ စိတ်ဆင်းရဲအောင်ကြိမ်ဖန်များစွာ ပြုလုပ်နေသည့်အပြင် မိမိသဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် မသွယ်သွယ်ရှိန်အား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့် အရှုပ်အရှင်းကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဖခင် ဦးစိန်ဝင်း(ခ)ရှိန်ဝင်း-မိခင် ဒေါ်သန်းသန်းဝင်း**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၂၁)၊ မြေကွက်အမှတ်(၁၀၅)၊ အကျယ်အဝန်း (ပေ၆၀xပေ ၄၀)ရှိ ဦးသီဟ အမည်ပေါက် မြေကွက်နှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးသီဟ ၁၀/ပမန(နိုင်)၀၈၁၀၆၇မှ တရားဝင်အမည်ပေါက် ပိုင်ဆိုင်လွှဲပြောင်းရောင်းချလိုကြောင်း ပြောဆိုကမ်းလှမ်းချက်အရ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမောင်လေး ၇/ပမန(ပြု)၀၁၀၁၅၇က အဆိုပါ မြေကွက်ကို ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ တရားဝင်အမည်ပေါက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးမောင်လေး** | **ဒေါ်ဝင်းပပစန္ဒာ** |
| **၇/ပမန(ပြု)၀၁၀၁၅၇** | **LL.B, D.B.L, D.M.L, D.I.L** |
| | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၂၀၄)** |
| | **တိုက်အမှတ်-(၁၅/၉၁)၊ (တတိယထပ်-ညာ)** |
| | **ပတ္တမြားလမ်း၊ (င/က)ရပ်ကွက်၊** |
| | **သဃ်န်းကျွန်းမြို့နယ်၊** |
| | **ဖုန်း-၀၉-၄၂၁၁၂၄၈၀၇** |

**ကိုယ်ပိုင်ဈေး၊ကုန်တိုက်၊ဆေးရုံ၊စာသင်ကျောင်းဆောက်လုပ်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင်၊ အဝေးပြေးလမ်းမကြီးဘေး မျက်နှာစာ အကျယ်အဝန်း ပေ ၆၀၀ ရှေ့နောက်၊ ပေ ၇၅၀ ရှိ မြို့မြေကွက်ခန့်မှန်း၊ ၁၀ ဧကကျော်ရှိ မြေကွက်ရောင်းလိုပါသည်။ (၁) စတုရန်းပေ ၅၀၀၀ ကျပ်နှုန်းဖြစ်ပါသည်။**

**ဆက်သွယ်ရန်**
**ပီတိ ဖုန်း-၀၉-၅၁၅၃၉၄၀**
**(၃၈)ဘီ၊ သီရိလမ်း၊ (၂)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဆ/ကရပ်ကွက်၊ သမာဓိ(၃)လမ်း၊ အမှတ်(၁၀/က)၊ တတိယထပ်(ဝဲ)၊ အလျားxအနံ (၁၂x၄၅)ပေအကျယ်အဝန်းရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်သူ ဒေါ်အေးအေးခိုင် ၁၂/သဃက(နိုင်)၁၁၁၁၄၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးညီညီဇော် ၆/တဆန(နိုင်)၀၉၃၃၉၂ သည် ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်၍ ယင်းတိုက်ခန်းနှင့်ပတ်သက်ပြီး အကျိုးခံစားခွင့်ရှိသူ မည်သူမဆို တိကျခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့ကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည့်အခါ အရောင်းအဝယ်ကိစ္စအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်မင်းဦး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၁၇၀)**
**ဖုန်း-၀၉-၄၂၀၁၈၀၃၀၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဦးအေးမင်းထွန်း-ဒေါ်ဥမ္မာသိန်း ၁၂/သဃက(နိုင်)၀၁၃၄၅၆သည် အမှတ်(၃၁၀)၊ ငမိုးရိပ်(၇)လမ်း၊ အပိုင်း(၁)၊ ၄လွှာ(ဘီ)ကို ဒေါ်ခင်ခင်ဝင်း ၁၂/သဃက(နိုင်)၀၅၀၆၇၅အား အပြီးအပိုင်ရောင်းချလိုက်သည်။ အပြီးအပိုင်ငွေချေပြီးဖြစ်သည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခုနစ်ရက်အတွင်း စာရွက်စာတမ်းများနှင့် ကျွန်မ ဒေါ်ခင်ခင်ဝင်းထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဒေါ်ခင်ခင်ဝင်း**
**၁၂/သဃက(နိုင်)၀၅၀၆၇၅**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၇)၊ မြေကွက်အမှတ်(၉၄၆)၊ အကျယ်အဝန်း(အလျား ၄၀ပေ xအနံ၆၀ပေ) ဧရိယာအားဖြင့် ၀ ဒသမ ၀၅၅ ဧကရှိ ဒေါ်သန်းသန်း ၁၂/မရက(နိုင်)၀၆၇၃၅၇ အမည်ပေါက် နှစ်(၆၀)မြေငှားဂရန် မြေအမျိုးအစား မြေကွက်၊ ယင်းမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ပိုင်ရှင်ထံမှ ဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချခွင့်ရှိသူ ဦးဟုန်ကွယ်ချင်း ၁၃/လရန(နိုင်)၁၁၈၇၂၅ ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေအနက်မှ တစ်စိတ်တစ်ဒေသ တန်ဖိုးငွေပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါမြေကွက်နှင့် စပ်လျဉ်း၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးကျော်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၈၃၃)**
**အမှတ်(၂၅၃)၊ (၂)ဘီ၊ အောင်သီရိလမ်း၊ မြို့သစ်ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## ကန့်ကွက်နိုင်ပါကြောင်း

မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ချထားပေးခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်ထထောင်မြို့နယ်၊ (၃)ရပ်ကွက်၊ ကုန်သည်လမ်းရှိ Time Square အိမ်ရာ၊ တိုက်အမှတ်(C2B)၊ အခန်းအမှတ်(311)၏ မူလအမည်ပေါက် ဒေါ်ခင်ဝင်းကြည် ၁၂/ လမတ(နိုင်)၀၁၅၄၉၉ထံမှ မေတ္တာဖြင့် ပေးကမ်းမှုဖြင့် ရရှိထားပါသဖြင့် ဒေါ်ခိုင်မျိုးသူ ၁၄/အဂပ(နိုင်)၁၅၅၆၇၀ အမည်ဖြင့် ပိုင်ဆိုင်မှုစာအုပ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှစ၍ ၁၄ ရက်အတွင်း အထောက်အထားပြည့်စုံစွာ တင်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ပျောက်ဆုံးကြောင်း

ကျွန်မရွှေစင်ဝင်း ၁၂/ဗတထ(နိုင်)၀၃၈၁၀၁ ၏ ကားတင်သွင်းခွင့်ပါမစ် ISV IDV8 2021 00871( 19-11-2020)မှာ ကညန မှတ်ပုံတင်လုပ်ငန်းများ လုပ်ဆောင်နေစဉ်အတွင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါ။ ဖုန်း-၀၉-၂၆၀၅၇၄၀၇၂

## ပျောက်ဆုံးကြောင်း

ကျွန်တော် စောလော်လတ် CDC-39268 ၏ SIDကတ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၃၅၄၆၅၀၈**

## ပတ်စ်ပို့ပျောက်

ကျွန်မ မနှင်းမြအေး ၃/ဘအန(နိုင်) ၁၂၅၃၃၅ ၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**မနှင်းမြအေး**
**ဖုန်း-၀၉-၈၈၇၀၇၁၂၆၁**

## အမည်ပြောင်း

ကချင်ပြည်နယ်၊ တနိုင်းမြို့၊ မူလွန်တပ်နယ်ကျောင်း (Grade-6) အခန်းမှ မောင်ပိုင်ဖြိုးမင်းအား မောင်ကောင်းဇေယျာသော်ဟု လည်းကောင်း မောင်ပြည့်ဖြိုးမင်းအား မောင်ခန့်ဇေယျာသော်ဟု လည်းကောင်း ပြောင်းလဲခေါ်ဆိုပါရန်။

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ်(ဓ-၇)၊ ဦးပိုင်အမှတ်(၂၉)၊ ၆၇x၆၈လမ်းကြား၊ ၄၂x၄၃လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်သိင်္ဂီအောင်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၃၁၆/၂၀၂၀)ဖြင့်ဝယ်ယူခဲ့သူ ဒေါ်မိသော့ ၉/မတရ(နိုင်)၀၅၀၃၆၄ က သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာခြင်းအား ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ခဲ့ရာ ကန့်ကွက်သူမရှိပါသဖြင့် ဂရန်မိတ္တူထုတ်ပေးပြီးဖြစ်ပါသည်။ ဂရန်မိတ္တူဖြစ်ပါ၍ သားရေဖုံးဂရန်တွင်ပါရှိလာမည့် မင်နီမှတ်ချက်ရေးသားခြင်းအား ပယ်ဖျက်ပြီး ဒေါ်သိင်္ဂီအောင် အမည်ပေါက် အမှုတွဲအမှတ် ၈၁၄/၁၉၉၁-၁၉၉၂ အရ ထုတ်ပေးထားသော ဂရန်စာချုပ်နံပါတ် ၇၈၇/၁၉၉၁-၁၉၉၂ အား ဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြော်ငြာ

ရောဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ အမာမြို့နယ်၊ ဒေါ်ငြိမ်းကျေးရွာ(၁)ရပ်ကွက်၊ ဘုရားကြီးကျောင်းလမ်းနေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသန်းစိုး ၁၄/ဖပန(နိုင်) ၀၅၀၄၉၅၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသန်းစိုး၏ သားဖြစ်သူ မောင်စိုးကိုကို ၁၄/ အမတ(နိုင်)၀၃၇၁၉၁သည် မိဘ၏ ဆိုဆုံးမမှုကို မနာခံဘဲ ကိုယ်စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်၍ တစ်စုံတစ်ရာတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်း သည်းခံပါ)**

**ဦးသန်းစိုး၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဗိုလ်ဗိုလ်ဇော်(LL.B, D.B.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၆၉၈/၂၀၁၈)**
**အမှတ်(၁၁၃၀)၊ (၁၅)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်**
**ဖုန်း-၀၉-၄၅၀၀၃၅၀၇၀**

## ၁၆-၉-၂၀၂၁ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာပါ စာမျက်နှာ ၃၀ တွင် တရားလွှတ်တော်ရှေ့နေများဖြစ်သော ဦးမြအောင်၊ ဒေါ်နီလာအေး၊ ဒေါ်ခင်နှင်းအေး၊ ဒေါ်တင်တင်ယုနှင့် အထက်တန်းရှေ့နေ ဒေါ်မေဇင်လင်းဖြိုးတို့၏ကြေညာချက်အပေါ် ဂျပန်နိုင်ငံနေ Kira Tatuya(ခ) ဦးတင့်ဝေဖြိုး၊ အမေရိကန်နိုင်ငံနေ Johnny Simon (ခ)ဦးဇေယျာဖြိုးနှင့် အများသိစေရန် ပြန်လည်တုံ့ပြန်အသိပေးကြေညာခြင်း

၁။ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ မင်းရဲကျော်စွာလမ်း၊ တာဝါ(အေ)၊ အမှတ်(၁၆၀၅)နေ ဦးဖြိုးညီညီ ၁၂/လသန(နိုင်)၀၂၁၁၃၃၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်အသိပေးကြေညာအပ်ပါသည်။

၂။ ကျွန်ုပ်၏မိတ်ဆွေဦးဖြိုးညီညီသည် ဖခင်ဦးတင်ဦးနှင့် မိခင်ဒေါ်သန်းဝင်းတို့၏သား(၃)ဦးအနက် အငယ်ဆုံးသားဖြစ်ပြီး ဖခင်ကွယ်လွန်ပြီးနောက် မိခင်၏စားဝတ်နေရေးနှင့် ကျန်းမာရေးကို သားသမီးဝတ္တရားနှင့်အညီ ပြုစုစောင့်ရှောက်ခဲ့ပြီး ၃၀-၆-၂၀၂၁ ရက်တွင် ကွယ်လွန်ခဲ့သော မိခင်ကြီး နာရေးကိစ္စအဝဝကိုလည်း သားတစ်ဦး၏ တာဝန်ဝတ္တရားနှင့်အညီ ဆောင်ရွက်ခဲ့ပါသည်။ မိခင်ကွယ်လွန်ချိန် အောက်စာရင်းတွင် ဖော်ပြထားသော အမွေပစ္စည်းများ ကျန်ရစ်ခဲ့ပါသည်။

၃။ မိခင်ဒေါ်သန်းဝင်းကျန်ရစ်သော ပစ္စည်းစာရင်း

- (၁) ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၂၄)လမ်း၊ အမှတ်(၁၁၇)၊ တိုက်ခန်း(၁)ခန်း၊
- (၂) ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မုဒိတာ(၂)အိမ်ရာ၊ အခန်းအမှတ်၂/အေ (၃၇၁)တိုက်ခန်း(၁)ခန်း၊
- (၃) ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ၈၂ ရပ်ကွက်၊ အမှတ်(၄၆၄)၊ အကျယ်အဝန်းပေ(၂၀x၆၀) အကျယ်ရှိ မြေကွက်(၁)ကွက်၊
- (၄) မိခင်ဒေါ်သန်းဝင်းအမည်ဖြင့် မြန်မာ့စီးပွားရေးဘဏ်စာအုပ်အတွင်းရှိ စုစုပေါင်းငွေ ၅၇၀၉၃ ကျပ်တိတိ၊
- (၅) ကာလတန်ဖိုး ၅ သိန်းတန်ရှိ ဖခင်ဝတ်ဆင်ခဲ့သော ပတ္တမြားလက်စွပ် (၁)ကွင်း၊
- (၆) ကာလတန်ဖိုး ၇ သိန်းတန် မိခင်ဝတ်ဆင်ခဲ့သော ရွှေဆွဲကြိုး(၁)ကုံး၊
- (၇) ကာလတန်ဖိုး ၂ သိန်းဝန်းကျင်ခန့် မိခင်ဝတ်ဆင်ခဲ့သော ကျောက်တန်း လက်စွပ် ၂ ကွင်းတို့ဖြစ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ ဦးဖြိုးညီညီအနေဖြင့် မိခင်ကျန်ရစ်ခဲ့သော ပစ္စည်းများအပေါ် ကျန်ညီအစ်ကိုနှစ်ဦးအား အညီအမျှခွဲဝေပေးရန် ဆန္ဒရှိပါသဖြင့် ယနေ့သတင်းစာ ကြော်ငြာပါသည့်ရက်မှ ရက်ပေါင်း ၃၀ အတွင်း တရားဝင်စာဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ မိမိတို့ရထိုက်ခွင့်ရှိသော အမွေဝေစုကို ဦးဖြိုးညီညီထံ လာရောက်ခွဲဝေယူပေးရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဦးဖြိုးညီညီ၏ရထိုက်ခွင့်ရှိသော အမွေဝေစုနှင့် မိခင်ကြီး၏ကျန်ရစ်သော အရိုးပြာအိုးတို့အား ဦးဖြိုးညီညီ၏သဘောဆန္ဒနှင့်အညီ တရားဥပဒေအတိုင်း စီမံခန့်ခွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံနေ ဂျပန်နိုင်ငံသားအဖြစ် ခံယူထားသော Kira Tatuya (ခ)ဦးတင့်ဖြိုးဝေနှင့် ဇနီးအပါအဝင် သမီး(၁)ဦး၊ အမေရိကန်နိုင်ငံနေ အမေရိကန်နိုင်ငံသားအဖြစ်ခံယူထားသော Johnny Simon(ခ)ဦးဇေယျာဖြိုးနှင့် ဇနီးအပါအဝင် သား(၁)ဦးနှင့် အများသိစေရန် ရှင်းလင်းအသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်အိဝင်းဇော်** | **ဦးထွန်းထွန်းလင်း** | **ဦးသုထက်ကျော်လွင်** |
| **(LL.B,D.I.R,D.B.L,D.I.L,D.M.L)** | **(LL.B)** | **(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၅၁၇၄)** | **(စဉ်-၁၆၉၅၀)** | **(စဉ်-၄၉၅၀၂)** |

**ရုံး-တိုက်(၆၇၃)၊ ပုဂံလမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၄၂၃၃၃၃၀၁၅၊ ၀၉-၅၁၁၃၀၄၈၊ ၀၉-၉၆၉၆၀၇၀၀၆**

## ဝမ်းနည်းကြေကွဲခြင်း
## ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း)
### သီရိပျံချီ ဦးမင်းသိန်း
### အသက်(၉၀)

စက်မှုဝန်ထမ်းဟောင်းများအသင်း၏ ဂုဏ်ထူးဆောင်နာယကကြီး ဒုတိယဗိုလ်ချုပ်ကြီး (ငြိမ်း) သီရိပျံချီ ဦးမင်းသိန်း (ဝန်ကြီး-ငြိမ်း) အမှတ်(၂) စက်မှုဝန်ကြီးဌာန သည် ၁၉-၉-၂၀၂၁ရက် နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အသင်းဥက္ကဋ္ဌ၊ အမှုဆောင်အဖွဲ့နှင့် အသင်းသူ အသင်းသားများ**
**စက်မှုဝန်ထမ်းဟောင်းများအသင်း**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ ဟီရိ(၂၀)လမ်း၊ မြေကွက်အမှတ် ( ၅၂၄/ခ ) မြေကွက်၏ခြေရင်းဘက်ခြမ်း ၊ အကျယ်အဝန်း (၁၀ပေ× ၆၀ပေ)ရှိ မြေနှင့်အိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ (၁)ဒေါ်သန်းသန်းနွယ် (၁၂/ဥကတ(နိုင်)၀၃၃၄၀၀)၊ (၂) ဦးကျော်မင်း(၁၂/ဥကတ(နိုင်)၀၃၃၉၁၆)၊ (၃)ဦးစိုးလင်း(၁၂/ဥကတ(နိုင်)၀၃၃၃၅၆)၊ (၄)ဦးကျော်ဆန်း(၁၂/ဥကတ(နိုင်)၀၀၁၄၉၅)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးဇော်ညီညီအောင် (၁၀/မဒန(နိုင်)၁၀၀၂၀၄)ကဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဒေါ်ပြည့်ပြည့်ဖြိုး | ဦးထိန်လင်းသန်း |
| LL.B, D.B.L, D.I.P.L, | LL.B, D.B.L, D.I.L, D.M.L, |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၂၀၄) | တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂ ) |

Hein Htet San Law Firm ဖုန်း - ၀၉၄၂၈၀၂၀၃၆၉ ၊ ၀၉၅၅၀၄၂၆၅ ၊ ၀၉၄၅၀၀၀၇၇၃၆
အမှတ် (၄၃)၊ ဟံသာဝတီ(၂၂)လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၅)၊ ကန်သာယာ(၂)လမ်း၊ မြေကွက်အမှတ်(၁၂၉၁)၊ အကျယ်အဝန်း (၄၁ပေ× ၆၀ပေ) (၀.၀၅၆၈ဧက) ရှိနှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဦးဖြိုးပိုင်အောင် (၁၂/လမန(နိုင်)၀၀၆၁၈၇)နှင့် ဒေါ်ငုဝါလှိုင် (၁၂/မရက(နိုင်)၁၁၉၃၇၄) တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ရွှေမိုးသူ (၁၁/ပတန(နိုင်)၀၄၅၆၁၇)က ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဒေါ်ပြည့်ပြည့်ဖြိုး | ဦးထိန်လင်းသန်း |
| LL.B, D.B.L, D.I.P.L, | LL.B, D.B.L, D.I.L, D.M.L, |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၂၀၄) | တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂ ) |

Hein Htet San Law Firm ဖုန်း - ၀၉၄၂၈၀၂၀၃၆၉ ၊ ၀၉၅၅၀၄၂၆၅ ၊ ၀၉၄၅၀၀၀၇၇၃၆
အမှတ် (၄၃)၊ ဟံသာဝတီ(၂၂)လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၇)၊ ဗိုလ်ချုပ်လမ်း၊ မြေကွက်အမှတ် ( ၁၁၁၀ ) ၊ အကျယ်အဝန်း (၄၀ပေ× ၆၀ပေ)ရှိ နှစ်(၆၀) ဂရန်မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ (၁)ဦးခိုင်မျိုးသန့် (၉/မရတ(နိုင်)၀၆၀၇၁၀) ၊ (၂) ဒေါ်လွင်လွင် (၉/မရတ(နိုင်) ၀၆၀၇၀၈)၊ (၃)ဦးစိုးနိုင် (၉/မရတ (နိုင်)၀၆၀၇၀၉) တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်သီဂီစော (၁၁/စတန(နိုင်)၀၀၂၂၇၃)က ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဒေါ်ပြည့်ပြည့်ဖြိုး | ဦးထိန်လင်းသန်း |
| LL.B, D.B.L, D.I.P.L, | LL.B, D.B.L, D.I.L, D.M.L, |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၂၀၄) | တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂ ) |

Hein Htet San Law Firm ဖုန်း - ၀၉၄၂၈၀၂၀၃၆၉ ၊ ၀၉၅၅၀၄၂၆၅ ၊ ၀၉၄၅၀၀၀၇၇၃၆
အမှတ် (၄၃)၊ ဟံသာဝတီ(၂၂)လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ မင်းကုန်းကျေးရွာ၊ တောင်ညိုကားလမ်းမကြီးပေါ်တွင် တည်ရှိသော ဦးကျော်သီ ဟ ၉/ ညဥန(နိုင်)၁၁၂၈၇၄ ကိုင်ဆောင်သူ ပိုင်ဆိုင်သောမြေကွက်အမှတ် (၁၆၄) မြေအကျယ် ၁ဒသမ ၁၀ ဧကထဲမှ တောင်ဘက်ခြမ်းဖြစ်သော ပေအကျယ် မျက်နှာစာ (၁၄၄ပေ x ပေ ၂၂၀)ပတ်လည်ရှိမြေကွက်အား ပျဉ်းမနားမြို့၊ ရွှေချီရပ်ကွက်၊ ၈လမ်း၊ အိမ်အမှတ် (၄/၄၅) နေ ဦးခင်မောင်ဆွေ ၉/ပမန(နိုင်)၀၂၃၆၇၁ မှ ၂၀-၈-၂၀၁၉ ရက်တွင် ဝယ်ယူပိုင်ဆိုင်ပြီး ဖြစ်ပါသည်။

သို့ပါ၍ ဥတ္တရသီရိမြို့နယ်၊ မင်းကုန်းကျေးရွာတွင်ရှိသော မြေဧက ၁ဒသမ ၁၀၊ မြေကွက်အမှတ်(၁၆၄) ခြံနှင့်မြေကွက်အား ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးခင်မောင်ဆွေ**
**၉/ပမန(နိုင်)၀၂၃၆၇၁**
**ပျဉ်းမနားမြို့**

## အထူးကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်း
## အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ စက်မြေရပ်ကွက်၊ ဆရာစံလမ်းမ၊ အမှတ်(၇၂)နေ ဦးမောင်ရီ ၁၂/ဒလန(နိုင်) ၀၃၅၆၄၆(Q/RGN-၀၀၉၇၈၄) ကိုင်ဆောင်သူမှ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ဆူးလေဘုရားလမ်း၊ အမှတ်(၂၅၆)/(၂၆၀)နေ ဒေါ်မင်းမင်းစိုး ၁၂/ကမရ(နိုင်) ၀၀၃၇၅၅ အား ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌(၂-၁-၂၀၁၂)ရက်တွင် လွှဲအပ်ပေးခဲ့သော အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၅၀/၂၀၁၂)ကို ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမောင်ရီ**
**၁၂/ဒလန(နိုင်)၀၃၅၆၄၆(Q/RGN-၀၀၉၇၈၄)**
**ဖုန်း-၀၉-၄၂၂၉၇၈၈၇၈**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊ နယ်မြေ (၉)၊ ငုဝါလမ်း၊ အမှတ် (၂၅)နေ ဒေါ်ဝါဝါ ၁၃/ တကန(နိုင်)၂၉၈၃၄၅ ၏ သားမောင်ပိုင်ဖေဟိန်း(ခ) ဟိန်းထက်အောင်(ဘ)ဦးဝင်းနိုင်နိုင် ၁၃/တကန(နိုင်)၃၀၃၆၈၈ သည် မိဘများ၏ ဆိုဆုံးမမှုကို မနာခံဘဲမိဘများကို အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်ကာ ၎င်း၏သဘောဆန္ဒအတိုင်းပြုမူသွားပါ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပြီဖြစ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ဝါဝါ**
**၁၃/တကန(နိုင်)၂၉၈၃၄၅**

## ဒေါ်သောင်းတင်(ဟသ်ာတ)
### အသက်(၈၀)

ရန်ကုန်မြို့၊အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်နေ (ဦးသိန်းဝင်း-ဒေါ်သိန်းရင်) တို့၏သမီး၊ (ဦးကြင်စိုင်-ဒေါ်လုံး)တို့၏သမီးချွေးမ၊ ပိန္နဲကုန်းရပ်ကွက်၊ ဗောဓိရိပ်သာလမ်း၊ အမှတ်(၂၂၈)နေ ဦးစန်းညွှန့်(အငြိမ်းစား)၏ ချစ်လှစွာသောဇနီး၊ (ဦးအောင်နိုင်မိုး)-ဒေါ်အေးအေးမြမော်၊ (ဦးသန်းစိုးဦး)၊ ဦးသော်ဇင်ထွန်း-ဒေါ်ဖြူနှင်းထွေးတို့၏ မွေးသမိခင်၊ မောင်မင်းသူ-မနှင်းမြတ်မွန်၊ မောင်ဝေယံသော်တို့၏အဘွား၊ မမေသူနှင်း၏ ဘွားဘွားကြီး ဒေါ်သောင်းတင်သည် ၁၉-၉-၂၀၂၁ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂:၅၀နာရီတွင် နေအိမ်၌ (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄နာရီတွင် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်အား ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၅-၉-၂၀၂၁ရက် (စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးအောင်ငွေးမင်း
### ကာတွန်းဆရာ၊ အကောက်ခွန်ဦးစီးမှူး(ငြိမ်း)၊
### ဘူမိဗေဒကျောင်းသားဟောင်း(1982–Batch)
### အသက်(၆၁)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နေ (ဦးသိန်း-ဒေါ်တင်မြ)တို့၏သား၊ ရန်ကုန်မြို့နေ(ဦးထွန်းမင်း)-ဒေါ်တင်အုံတို့၏ သားသမက်၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ စိမ်းလဲ့ရိပ်သာအိမ်ရာ၊ တက္ကသိုလ်ရိပ်သာလမ်းသစ်(F-5)နေ ဒေါ်စိမ်းလဲ့ထွန်း၏ခင်ပွန်း၊ မောင်တိုးတင်လင်း-မဆုလာဘ်နေဝင်း၊ မဟေသီမင်းတို့၏ဖခင်၊ ဦးအောင်ငွေးဦး၊ (ဦးအောင်ငွေးလင်း)၊ ဦးအောင်ငွေးဝင်း၊ ဒေါ်ခင်ငွေးဝင်းတို့ ၏ညီ/မောင်သည် ၁၉-၉-၂၀၂၁ရက် နံနက် ၈ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁:၂၀နာရီတွင် ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ကြီးပွားရေး(တ)ရပ်ကွက်၊ အောင်မာယလမ်း၊ မြေကွက်အမှတ်(၂၉၀/က)၊ အကျယ်အဝန်း (၂၂ပေ × ၆၀ပေ)ရှိ ဦးဇော်ထွန်း (TGKN ၀၃၅၅၈၆) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုရောင်းချပိုင်ခွင့်ရှိသူဦးတင်ထွေး(၁၂/ဥကတ(နိုင်)၁၀၃၅၀၃)ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်သက်နှင်းထွေး (၁၂/သဃက(နိုင်)၂၀၁၃၈၀)က ဝယ်ယူရန်အတွက်စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါကကျွန်ုပ်ထံသို့စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
**ဦးသိန်းနိုင်**
**LL.B, D.B.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၀၅၃)**
**ဖုန်း ၀၉ ၄၄၈၀၀၁၃၅၂၊ ၀၉ ၇၉၉၈၀၅၁၉၉**
**အမှတ်(၄)၊ မင်္ဂလာလမ်း၊ (ခ)ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်။**

## ကန့်ကွက်နိုင်ကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၁)ရပ်ကွက်၊ လယ်သမား(၁)လမ်း၊ အမှတ်(၂၂၀)၊ အကျယ် (၄၀ ပေ x ၆၀ ပေ)ရှိ ဒေါ်ရှုလှုံ (CG-068742)အမည်ပေါက်(ပါမစ်)မြေကွက်၏ တရားဝင်မခွဲစိတ်ရသေးသည့် (ခြေရင်းခြမ်း)အကျယ် (၂၀ ပေ x ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ နေအိမ် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဖြစ်ကြောင်းဝန်ခံကတိပြုသူ ဒေါ်ငွေးငွေးခိုင် ၁၂/သဃက (နိုင်)၁၂၅၀၆၇ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေ တချို့ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ခုနစ်ရက် ပြည့်မြောက်သည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကိုပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ထားနွယ်ခင်(တရားလွှတ်တော်ရှေ့နေ၊ စဉ်-၈၀၂၁)**
**LL.B,D.I.R,D.I.L,D.M.L,DL–101(WIPO)**
**အမှတ်(၆၅၃)၊ ဇာနည်(၁၄)လမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ဖုန်း-၀၉-၅၁၉၇၉၃၂၊**
**Email :htarnwekhin92@gmail.com**

## အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်တင်တင်ဝင်း ၁၂/ မရက(နိုင်)၀၆၆၅၀၀ နှင့် ဦးသူရကျော် ၁၂/ မရက(နိုင်)၀၄၀၁၂၄၊ ဦးနေ မျိုးကျော် ၁၂/ မရက(နိုင်)၀၀၃၃၂၀ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ရေကူးရွာမလမ်း၊ အမှတ် (၄၂/ခ)၊ မြေတိုင်းရပ်ကွက်အမှတ်(၄၅)၊ လူနေရပ်ကွက်အမှတ် ကံဘဲ့၊ မြေကွက်အမှတ် ၄၂(ခ)၏ အရှေ့ဘက်အပိုင်းဖြစ်သော အကျယ်အဝန်း (အလျားပေ ၆၀ x အနံပေ ၅၀) ဟုခေါ်တွင်သော မြေကွက်နှင့် ထိုမြေကွက်ပေါ်ရှိ အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးသည် ကွယ်လွန်သူဖခင် ဦးကျော်မင်းနှင့် မိခင် ဒေါ်မြစိန်(ခ)ဒေါ်နီနီအေးတို့ ကွယ်လွန်ချိန်၌ ကျန်ရှိသည့် အမွေဆိုင်ပစ္စည်းဖြစ်ပြီး ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်တင်တင်ဝင်း ၁၂/မရက(နိုင်)၀၆၆၅၀၀ နှင့် ဦးသူရကျော် ၁၂/ မရက(နိုင်)၀၄၀၁၂၄ တို့သည် ဖခင် ဦးကျော်မင်းနှင့် မိခင် ဒေါ်မြစိန်(ခ)ဒေါ်နီနီအေးတို့၏ သားသမီးဖြစ်၍ အမွေဆိုင်များဖြစ်သောကြောင့် ကျွန်ုပ်မိတ်ဆွေတို့၏ ခွင့်ပြုချက်တစ်စုံတစ်ရာရယူခြင်း၊ သဘောတူညီမှုရယူခြင်းမရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများမပြုလုပ်ရန် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မော်မော်ခင်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၃၆)**
**တိုက်(၂၅၅)၊ အခန်း(၅)၊ ရန်အောင်လမ်းသွယ်(၇)၊ (၂)ရပ်ကွက်၊ရန်ကင်းမြို့နယ်**
**ဖုန်း-၀၉-၅၀၂၉၉၅၈၊ ၀၉-၄၃၀၉၅၄၈၆**

## ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး
### ဒုတိယဗိုလ်ချုပ်ကြီး သီရိပျံချီ မင်းသိန်း(ငြိမ်း)
### အသက်(၉၀)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်ရပ်နေ ဒေါ်ခင်သန်းမြင့်၏ ချစ်လှစွာသောခင်ပွန်း ဒုတိယဗိုလ်ချုပ်ကြီး သီရိပျံချီ မင်းသိန်း(ငြိမ်း)သည် ၁၉-၉-၂၀၂၁ရက် (တနင်္ဂနွေနေ့) နံနက် ၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်တင်ထွတ်(ငြိမ်း)နှင့်ဇနီး ဒေါ်တင်တင်ညွန့်**

## ဒေါ်အေးအေးမြင့်(မလက်တိုရွာ)
### အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၄/၃ ရပ်ကွက်၊ ချယ်ရီကွန်ဒို၊ တိုက်(၁)၊ အခန်း(၂-စီ)နေ (ဗိုလ်မှူးညွန့်ဟန်)ငြိမ်း၏ ဇနီး၊ ဦးဇော်ဦးဟန်(ညွှန်/မှူး-ငြိမ်း၊ ယဉ်ကျေးမှု ဝန်ကြီးဌာန)၊ ဒေါ်မေထိုက်အောင်၊ (ဒု - ဗိုလ်မိုးခိုင်ဟန်)၊ ဦးမိုးလွင်ဟန်၊ ဦးသူရဟန်-ဒေါ်နှင်းနှင်းဖြိုး၊ ဦးစိုးရ-ဒေါ်စန်းသီတာဟန်၊ ဦးသန့်ထက်ဇင်-ဒေါ်သင်းမြသဇင်ဟန် တို့၏ကျေးဇူးရှင် မိခင်ကြီး၊ မြေးခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၁၉-၉-၂၀၂၁ရက် (တနင်္ဂနွေနေ့) ည ၇:၄၅နာရီတွင် (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၂၀ -၉-၂၀၂၁ရက်(တနင်္လာနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေအပေါင်းတို့အားအသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါက်တာနီနီတင်
### ဝါးနက်ချောင်းတိုက်နယ်(ငြိမ်း)
### အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ပါရမီရိပ်သာ၊ စည်ပင်သာယာလမ်း၊ အမှတ်(၉)နေ (ဦးတင်မောင်-ဒေါ်ခင်အုန်းမြင့်)တို့၏ သမီးငယ်၊ ဒေါ်ဦးဦးတင်-ဦးခင်မောင်သော်၊ ဒေါ်စုစုတင်-ဦးမင်းသွင်၊ ဦးကျော်မြင့်မောင်-ဒေါ်နီနီရှိန်တို့၏ညီမ၊ ဦးရှိန်မြင့်မောင်-ဒေါ်အေးစုသွယ်တို့၏အစ်မသည် ၄-၈-၂၀၂၁ရက် (ဗုဒ္ဓဟူးနေ့) ည ၉:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၈-၂၀၂၁ ရက် (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိ ပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အသိပေးအကြောင်းကြားခြင်း

အေးသာယာမြို့၊ အကွက်အမှတ်(၃၁)၊ အကွက်အမည်-နောင်အင်မြောက်၊ မြေကွက်အမှတ်(၇၆)၊ ဧရိယာ(၀ဒသမ၁၀၂)ဧက၊ ဗိုလ်ကြီးအောင်သောင်း (က/၁၃၆၁၃)အမည်ပေါက်၊ ဂရန်အမှုတွဲအမှတ်-၉၄၃/၁၉၉၂၊ နှစ်(၃၀)ဂရန်၏ အိမ်မြေကွက်အလွတ်ကို ဂရန်အမည်ပေါက် ဗိုလ်ကြီးအောင်သောင်း(က/၁၃၆၁၃)ထံမှ (၂၅-၁၀-၂၀၀၇)ရက်တွင် အိမ်/ခြံမြေကွက်အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ ငွေကျပ် သိန်း(၁၀၀)(ကျပ် သိန်းတစ်ရာ)တိတိဖြင့် ဝယ်ယူခဲ့ပါသည်။ ယနေ့အထိ မှတ်ပုံတင်တွင် အရောင်းအဝယ်စာချုပ်ပြုလုပ် ချုပ်ဆို ပေးခဲ့ခြင်းမရှိပါ။ သို့ဖြစ်ပါ၍ ဝယ်ယူသူ ဦးထွန်းကျော်နှင့်ဒေါ်နန်းခမ်းမွန်တို့က ၎င်းတို့၏အမည်ပေါက်ဂရန် ပြုလုပ်လိုပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးပါရန် ဗိုလ်ကြီးအောင်သောင်းသို့ အသိပေးအကြောင်းကြားအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးထွန်းကျော်-ဒေါ်နန်းခမ်းမွန်** | **ဒေါ်တင်မာရီ(LL.B)၊** |
| | **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၁၃)** |
| | **ပ/၁၅၆၊ ကြံ့ခိုင်ရေးလမ်း၊** |
| | **ပြည်တော်သာရပ်ကွက်၊** |
| | **တောင်ကြီးမြို့၊** |
| | **ဖုန်း-၀၉-၇၉၆၈၄၃၀၇၀** |

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံမြို့နယ်၊ (၅၇)ရပ်ကွက်၊ စိန်ရောင်ခြည်လမ်း၊ အမှတ်(၁၁၂၄/ခေါင်းရင်းခြမ်း)၊ အကျယ်အဝန်း(၂၀ ပေ x ပေ၆၀)မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဒေါ်စိုးစိုးမာ ၁၀/ခဆန(နိုင်)၀၁၀၂၃၄ ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဒေါ်ထက်မြတ်စိုး(LL.B)** | **ဦးအဏ္ဏဝါစိုး(LL.B)** | **ဒေါ်အိအိမာ(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၆၃၀၇)** | **(စဉ်-၈၂၄၇)** | **(စဉ်-၅၁၉၀၇)** |

**ရုံးအမှတ် ၃၊ သုမနလမ်းမကြီး၊ သာကေတမြို့နယ် ဥပဒေရုံးရှေ့၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း- ၀၉- ၂၅၂၄၀၄၄၈၉**

## အများသိစေရန် ကြေညာချက်

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဒေါ်သိန်းမျှင် ၁၂/အစန(နိုင်) ၁၂၄၈၂၇ အမည်ပေါက်သည့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၁)၊ မြေကွက်အမှတ်(၅၅၈)၊ အကျယ်အဝန်း(၄၀ x ၆၀)ပေ ရှိပါမစ်အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်နှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဦးသိန်းနိုင်ထွန်း ၁၂/ဒဂရ(နိုင်) ၀၃၄၂၆၆ကဝန်ခံကတိပြုလျက်ရောင်းချရန်ကမ်းလှမ်းရာကျွန်ုပ်၏ မိတ်ဆွေမှ အရောင်းအဝယ်ပြုလုပ်ရန် သဘောတူသဖြင့် ရောင်းချသည့်ပစ္စည်း၏ တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်မှုကို ကန့်ကွက်လိုပါက ဤသတင်းစာကြေညာချက်ပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ရောင်းဝယ်မှုကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင့်စန္ဒီအောင်**
**အထက်တန်းရှေ့နေ(စဉ်-၃၁၁၄၆)**
**အမှတ်(၃၇၉)၊ သစ္စာ(၉)လမ်း၊ (၃၉/A)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၇၉၅၆၈၂၉၅၄**

## စက်တင်ဘာ ၂၀ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်- ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၁၅၈၅ ဦး တွေ့ရှိ

### ထပ်မံသေဆုံးသူ ၅၆ ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၇၁၂၉ ဦးရှိ

(၂၀-၉-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် -

- တတ်နိုင်သမျှ အိမ်တွင်း၌သာ နေထိုင်ခြင်း၊
- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊
- လက်ကို မကြာခဏဆေးကြောခြင်း၊
- တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊
- မိမိတို့နေအိမ်တွင် အသက် (၆၅)နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံး စသည့် နာတာရှည်ရောဂါတစ်ခုခု ခံစားနေရသူရှိပါက ထိုသူအားပါးစပ်နှင့် နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်း၊

စာမျက်နှာ ၁၅ ကော်လံ ၁ ❐

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၄ ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး၊

၂။ စီးပွားရေး

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူ တစ်ရပ်လုံး၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ လူမှုရေး

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။



မွန်ရိုးရာဆွမ်းတော်ကြီးတင် သင်္ဘောကို တွေ့ရစဉ်။

## မုဒုံမြို့နယ်၌ မွန်ရိုးရာဓလေ့ သင်္ဘောဆွမ်းတော်ကြီးတင်ပွဲကို ရိုးရာမပျက်ကျင်းပ

မုဒုံ စက်တင်ဘာ ၂၀

မွန်ပြည်နယ် မုဒုံမြို့နယ်တွင် မွန်ရိုးရာဓလေ့ သင်္ဘောဆွမ်းတော်ကြီးတင်ပွဲကို တော်သလင်းလပြည့်နေ့တွင် နှစ်စဉ်ကျင်းပလေ့ရှိရာ ယနေ့နံနက်ပိုင်းက ဘုရားစေတီများနှင့် မြို့နယ်အတွင်းရှိ မွန်ဘုန်းကြီးကျောင်းများတွင် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ ကျင်းပသည်။

မွန်လူမျိုးတို့သည် အနယ်နယ်အရပ်ရပ်ရှိ မွန်ဘုန်းတော်ကြီးကျောင်းများတွင် အလှူရှင်အပေါင်းတို့က လုပ်အား၊ အလှူငွေအားဖြင့် သင်္ဘောတစ်စင်းကို စက္ကူ၊ ဝါး၊ သစ်သား စသည်တို့ဖြင့် ပြုလုပ်တည်ဆောက်ကြပြီးနောက် ယင်းသင်္ဘော၏ ကုန်းပတ်ပေါ်တွင် ဆွမ်း၊ တံခွန်၊ ကုက္ကား၊ ပန်း၊ နံ့သာ၊ သစ်သီး၊ ကွမ်း၊ ဆီမီး စသော အမျိုးအမည်တစ်ထောင်နီးပါးရှိ လှူဖွယ်ဝတ္ထုအမျိုးမျိုးတို့ကို တင်လှူကာ တော်သလင်းလပြည့်နေ့တွင် ဗုဒ္ဓမြတ်စွာဘုရားအား ရည်မှန်း၍ ကပ်လှူပူဇော်ကြခြင်း ဖြစ်သည်။

အဆိုပါ ဆွမ်းကပ်လှူသည့် အလေ့အထကို ယနေ့တိုင် ရိုးရာမပျက် မုဒုံမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ကျင်းပလေ့ရှိကြောင်း သိရသည်။

အောင်မျိုးသူ(ပြန်/ဆက်)

## အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ အုပ်စုမဲခွဲပွဲ ယနေ့ပြုလုပ်မည်

ရန်ကုန် စက်တင်ဘာ ၂၀

အာဆီယံဘောလုံးအဖွဲ့ချုပ်က စီစဉ်ကျင်းပမည့် ၂၀၂၀ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ အုပ်စုမဲခွဲပွဲကို စက်တင်ဘာ ၂၁ ရက် (ယနေ့) မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတွင် ပြုလုပ်သွားမည်ဖြစ်သည်။ အုပ်စုမဲခွဲပွဲကို လက်ရှိဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အခမ်းအနားဖြင့်ပြုလုပ်နိုင်ခြင်းမရှိဘဲVirtual ပုံစံဖြင့်သာ ပြုလုပ်သွားမည်ဖြစ်သည်။

အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ နောက်ဆုံးအဆင့်တွင် အသင်းပေါင်း၁၀သင်းဖြင့် ကျင်းပမည်ဖြစ်ပြီး အရှေ့တောင်အာရှနိုင်ငံ ၁၁ နိုင်ငံရှိသည့်အတွက် အဆင့်သတ်မှတ်ချက် အနိမ့်ဆုံး နှစ်သင်းမှာ စာမျက်နှာ ၁၈ ကော်လံ ၁ ❍

## ယနေ့ သတင်းအညွှန်း

လမ်းတံတားများဖြင့် ဖွံ့ဖြိုးတိုးတက်နေသည့် တတိယမြို့တော် မန္တလေး
စာမျက်နှာ - ၈

ကပ်ရောဂါကြားမှ တိုကျိုအိုလံပစ်အားကစားပြိုင်ပွဲအပြီး အနာဂတ်အားကစားပြိုင်ပွဲများအပေါ် သဘောထားကွဲလွဲမှုများဖြစ်
နိုင်ငံတကာရေးရာ
စာမျက်နှာ - ၁၄